နိုက်တင်ဂေးလ်

NIGHTINGALE

ကျန်းမာရေးဂျာနယ်

အတွဲ – ၁၊ အမှတ် – ၄၊ ဇန်နဝါရီလ၊ ၂၀၀၆ – ခုနှစ်

လွတ်မြောက်နယ်မြေမှ ကျန်းမာရေးလုပ်သားများ စုစည်းထုတ်ဝေသည်။

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း တတိယအကြိမ် ညီလာခံသို့ တက်ရောက်သူများ

သဘာပတိ ဒေါက်တာစင်သီယာမောင် အဖွင့်မိန့်ခွန်းပြောကြားစဉ်

ဒေါက်တာခင်စောဝင်း

ဒေါက်တာ[illegible]ညွှန့်

ဒေါက်တာသိန်းဝင်း

ဒေါက်တာဆလိုင်းပါကျင်

ဒေါက်တာဒီဂျိုထော်စိုး

ဒေါက်တာလွဏ်းဆွေ

ဒေါက်တာဝင်းမြင့်သန်း

မန်းစိန်ဟန်

တတိယအကြိမ်မြောက် မြန်မာနိုင်ငံဆေးပညာရှင်များအသင်း ညီလာခံကို ထိုင်း – မြန်မာနယ်စပ်တနေရာမှာ ကျင်းပ

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ ဆေးပညာရှင်များ အသင်းညီလာခံကို (၂၁.၁.၂၀၀၆) နေ့မှ (၂၂.၁.၂၀၀၆)နေ့ အထိ ထိုင်း–မြန်မာ နယ်စပ်တနေရာမှာ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံဆေးပညာရှင်များ အသင်းရဲ့ အဖွဲ့ဝင်များဖြစ်ကြတဲ့ နိုင်ငံတကာရောက် မြန်မာဆေးပညာရှင်များ၊ လွတ်မြောက်နယ်မြေမှ ဆေးပညာရှင်များ၊ ကျန်းမာရေးလုပ်သားများ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ညီလာခံမှာ သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းဥက္ကဌဒေါက်တာစင်သီယာမောင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒေါက်တာခင်စောဝင်း နဲ့ မန်းမန်းမန်း တို့က ဆောင်ရွက်ပါတယ်။

ညီလာခံအခမ်းအနားမှာ သဘာပတိက အဖွင့်မိန့်ခွန်း ပြောကြားပြီးနောက် (၂၀၀၃) ခုနှစ် ဒုတိယအကြိမ် ညီလာခံမှ ရွေးချယ်တင်မြှောက်ခဲ့တဲ့အလုပ်အမှုဆောင် ကော်မတီ သက်တမ်းအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်ပြီး အထွေထွေအတွင်းရေးမှူးနဲ့ ဘဏ္ဍာရေးမှူးတို့ရဲ့ တင်ပြချက်များအပေါ် ပြန်လှန် သုံးသပ်ဆွေးနွေးညှိနှိုင်းခြင်း၊ ထိုင်း–မြန်မာ နယ်စပ်တလျှောက်မှာ မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုသင်တန်းအစီအစဉ်တွေကို ဆောင်ရွက်နေတဲ့ ဆရာမနော်ဒါးရဲ့ အစီရင်ခံတင်ပြချက်အပေါ်ဆွေးနွေးညှိနှိုင်းခြင်း၊ရွေးချယ်ထားတဲ့ တိုင်းရင်းသားဒေသတွေမှာ မိခင်နဲ့ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်တန်း အစီအစဉ်တွေ လုပ်ဆောင်နေတဲ့ ဆရာမ နော်ဆိုဖီယာရဲ့ အစီရင်ခံ တင်ပြချက် အပေါ် ဆွေးနွေးညှိနှိုင်းခြင်း၊ ရွှေ့ပြောင်းလုပ်ဆောင်ရတဲ့ အရေးပေါ် သားဖွားခြင်းဆိုင်ရာ သင်တန်းအစီအစဉ်နဲ့ ပတ်သက်ပြီး သင်တန်းပို့ချပေးနေတဲ့ ဒေါက်တာ ဝင်းမြင့်သန်းရဲ့ ရှင်းလင်းတင်ပြချက်အပေါ် ဆွေးနွေး အကြံပြုခြင်း၊ ကျန်းမာရေးမူဝါဒဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနဲ့ ကျေးလက်ဒေသဆိုင်ရာ ကျန်းမာရေးမူဝါဒအကြောင်း၊ ကျန်းမာရေးဟာ လူ့အခွင့်အရေး စတဲ့ ဒေါက်တာခင်စောဝင်းရဲ့ တင်ပြချက်တွေအပေါ် ဆွေးနွေးအကြံပြုခြင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အသေးစိတ်ပြန်လည် ဆွေးနွေး ညှိနှိုင်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အဖွဲ့ဝင်အသစ်များ လက်ခံခြင်း၊ အလုပ် အမှုဆောင် ကော်မတီဝင်သစ်(၁၁)ဦးကို လျှို့ဝှက်မဲပေးစနစ်နဲ့ရွေးချယ်တင်မြှောက်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

တတိယအကြိမ်ညီလာခံမှ အသစ်ရွေးချယ်တင်မြှောက်လိုက်တဲ့ အလုပ်အမှုဆောင်ကော်မတီဝင်တွေကတော့ ဥက္ကဌ–ဒေါက်တာစင်သီယာမောင်၊ ဒုဥက္ကဌ–ဒေါက်တာလွဏ်းဆွေ၊ အထွေထွေအတွင်းရေးမှူး–မန်းစိန်ဟန်၊ တွဲဘက် အထွေထွေအတွင်းရေးမှူး–နိုင်အေးလွင်၊ ဘဏ္ဍာရေးမှူး–ဒေါက်တာ ဒီဂျိထော်စိုး၊ နောက်ကျောဖုံးသို့ ...

မန်းမန်းမန်း

တတိယအကြိမ်ညီလာခံမှ ရွေးချယ်တင်မြှောက်ခဲ့တဲ့ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း အလုပ်အမှုဆောင်ကော်မတီဝင်များ

အယ်ဒီတာချုပ် - ဒေါက်တာစင်သီယာမောင်
တာဝန်ခံအယ်ဒီတာ - ဒေါက်တာလွှမ်းဆွေ
အဖွဲ့ဝင်အယ်ဒီတာ - မန်းမန်းမန်း၊ စွမ်းမြိုင်
စီစဉ်သူ - နိုင်အေးလွင်
Layout & Design - ကျော်အဲနယ်
စာစီစာရိုက် - စောထွန်းနောင်
စောအောင်သန်းအေး

အယ်ဒီတာ့အာဘော်

❒ မြန်မာနိုင်ငံမှ ပြည်သူလူထုတို့သည် နိုင်ငံရေးနှင့် စီးပွားရေး အကြပ်အတည်းများကြောင့် မိမိနေရင်းဒေသမှ အခြားဒေသတခုသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိရာ ယခု(၁၀)စုနှစ်အတွင်း ထိုသို့ရွှေ့ပြောင်းနေထိုင်ကြသူဦးရေမှာ သိသိသာသာ တိုးမြင့်လာလျက်ရှိသည်။ ထိုင်းနိုင်ငံ တပ်ခ်ခရိုင်အတွင်းတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်ကြသော အလုပ်သမားနှင့် မိသားစုပေါင်း(၁)သိန်းခန့်ရှိပြီး ဒုက္ခသည်စခန်းများအတွင်း (၈)သောင်းခန့်နေထိုင်လျက်ရှိကြောင်း ထိုင်းကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားပါသည်။

တပ်ခ်ခရိုင်နှင့် မြန်မာနိုင်ငံ နယ်နိမိတ်ချင်း ထိစပ်သောအရှည်မှာ ကီလိုမီတာ(၅၆၀)ခန့်ရှိရာ မြန်မာနိုင်ငံသားများသည် နယ်ခြားလမ်းများကို ဖြတ်ကျော်ကာ ထိုင်းနိုင်ငံအတွင်းသို့ နေ့စဉ်ဝင်ရောက်လျက်ရှိကြသည်။

ထိုင်းနိုင်ငံကျန်းမာရေးဌာန၏ ကျန်းမာရေးဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်များမှာ ထိုင်းပြည်သူလူထုအတွက် ထိရောက်အောင်မြင်မှုများရှိသည်ကို တွေ့ရပါသည်။ သို့သော် ရွှေ့ပြောင်းအလုပ်သမားနှင့် လူထုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးဖို့ရန်မှုကား ထိုင်းကျန်းမာရေးဌာနအတွက် များစွာအကျဉ်းအကြပ် ကြုံတွေ့ရလျက်ရှိပါသည်။

လက်ရှိအခြေအနေတွင် ရွှေ့ပြောင်းလူထုများနှင့်ပတ်သက်၍ မူဝါဒဆိုင်ရာအရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခြေအနေမှာ များစွာအားနည်းလျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ကျန်မာရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ကျန်းမာရေးအဖွဲ့အစည်းများသည် ရန်ပုံငွေနှင့် နည်းပညာဆိုင်ရာထောက်ပံ့မှုများကို ပိုမိုကူညီရန် ကမ်းလှမ်းလာကြသည်။

ဤအခြေအနေတွင် ဒုက္ခသည်စခန်းများရှိ ပြည်သူလူထုများ၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် လူထုအခြေပြု ဖွဲ့စည်းထားသော အသင်းအဖွဲ့များသည် မိမိတို့ကြုံတွေ့ရသောပြဿနာများနှင့် ဖြေရှင်းချက်တို့အတွက် ဒေသခံအစိုးရ ကျန်းမာရေးဌာနနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ပြင်ဆင်ထားရန်လိုအပ်ပါသည်။

ကျန်းမာရေးအဆင့်အတန်း တိုးမြင့်လာစေရေးတွင် လူထုကျန်းမာရေးလုပ်သားတို့၏ အခန်းကဏ္ဍမှာ အရေးပါလှကြောင်းကို နိုင်ငံတကာမှ အသိအမှတ်ပြုလျက်ရှိပါသည်။

ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ပညာပေးလုပ်ငန်းများ၊ ရောဂါရှိသူများကို ရှာဖွေဖော်ထုတ်၍ အချိန်မီလွှဲပြောင်းပေးခြင်းကိစ္စရပ်များ၊ လူနာကို အိမ်တွင်းပြုစု စောင့်ရှောက်မှုလုပ်ငန်းများ စသည်တို့ကို မိသားစုအလိုက်၊ ဒေသအလိုက် ဆောင်ရွက်နိုင်ကြရန် လူထုကျန်းမာရေးလုပ်သားများက စည်းရုံးလှုံ့ဆော်ကြရမည်ဖြစ်ပါသည်။ တဦးချင်းပါဝင်စွမ်းဆောင်နိုင်မှုကို တိုးမြင့်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများကို ရှာဖွေကြံဆ၍ ကြိုးပမ်းအားထုတ်ခြင်းဖြင့် ယနေ့မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ရင်ဆိုင်နေကြရသော ကျန်းမာရေးပြဿနာကို ဖြေရှင်းနိုင်ဖို့ လူတိုင်း အလေးထားကြပါရန် တိုက်တွန်းအပ်ပါ၏။ ■

စာမူဖိတ်ခေါ်ခြင်း

❍ လစဉ်ထုတ်ဝေမည့် နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်အတွက် စာမူများရေးသားပေးပို့ကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

❍ အခက်အခဲအမျိုးမျိုးကြောင့် ပြည်တွင်းမှ စာမူရှင်များထံ ခွင့်ပြုချက် မတောင်းခံနိုင်သည့်အပေါ် နားလည်ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်

ဒေါက်တာရှောလူး (ပထမဆရာဝန်)

မင်းယုဝေ

လူ့ဘဝ၌ လူသားတို့ကောင်းကျိုးကို ဆောင်နိုင်သော အလုပ်အမျိုးမျိုးရှိသည်။ ထိုအလုပ်အမျိုးမျိုးသည် သူ့ဂုဏ်နှင့်သူ တင့်တယ်ကြသည်သာဖြစ်သည်။ ထိုသို့ တင့်တယ်သော အလုပ်အမျိုးမျိုးရှိသည့်အနက် စာရေးဆရာနှင့် ဆရာဝန်အလုပ်ကို ကျနော်အမြတ်နိုးဆုံးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စာရေးဆရာသည် လူသားတို့၏စိတ်ရောဂါကို ကုသပေးနိုင်၍ ဆရာဝန်သည် လူသား၏ ကိုယ်ရောဂါကို ကုသပေးနိုင်သောကြောင့်ပင်တည်း။

သည်မွန်မြတ်သောအလုပ်နှစ်ရပ်အနက် မြန်မာနိုင်ငံ၌ စာရေးဆရာများပေါ်ထွန်းသည်မှာ နှစ်ပေါင်းများစွာကြာခဲ့လေပြီ။ သို့ရာတွင် အနောက်တိုင်းခေတ်မီဆေးပညာနည်းဖြင့် ကုသသော မြန်မာဆရာဝန်များ ပေါ်ထွန်းသည်မှာမူ မကြာလှသေးပေ။ နှစ်တရာခန့်သာ ရှိပေဦးမည်။ ယင်းသို့ ပေါ်ထွန်းသည့်ဆရာများထဲတွင် မွန်လူမျိုးဆရာဝန် ဒေါက်တာရှောလူးသည် ပထမဆုံးဖြစ်လေသည်။ တနည်းအားဖြင့် မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားများထဲမှ အနောက်တိုင်းဆေးပညာကို အစပြုခဲ့သူမှာ မွန်လူမျိုး ဒေါက်တာရှောလူးပင်ဖြစ်သည်ဟု ဆိုသင့်ပေသည်။

သို့ရာတွင် ဒေါက်တာရှောလူးသည် အနောက်တိုင်းဆေးပညာကို မြန်မာနိုင်ငံသားထဲမှ ပထမဆုံး စတင်သင်ယူသူကား မဟုတ်ပေ။ ပထမဆုံး စတင်သင်ယူသူမှာ အမ္ဗရို့စ်ဒီရိုဇာရီးယိုးဆိုသူဖြစ်သည်ဟုဆိုသည်။ သူသည် မြန်မာနိုင်ငံသားတဦးဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းများကို လာရောက်ဆောင်ရွက်သော အီတာလျံဘုန်းတော်ကြီး ဖာသာစင်ဂါမားနိုးသည် ၁၈၀၆ခုတွင် အီတလီပြည်သို့ ပြန်သွားသည်။ သူနှင့်အတူ ဒီရိုဇာရီးယိုးသည် လိုက်ပါသွားကာ အီတလီ၌ ဆေးပညာရပ်များကို သင်ယူလေသည်။ သို့ရာတွင် ဘာ့ကြောင့်ဟူ၍ မသိရ။ ဒေါက်တာဒီရိုဇာယိုးသည် အမိမြန်မာနိုင်ငံသို့ ပြန်ရောက်မလာခဲ့ပေ။

အနောက်တိုင်းဆေးပညာကို ပထမဆုံးသင်ယူသူ မဟုတ်သော်လည်း ဆေးပညာတတ်မြောက်၍ အမိမြန်မာနိုင်ငံသို့ ပထမဆုံး ပြန်လာအမှုထမ်းသူ (ဝါ) မြန်မာနိုင်ငံတွင် အနောက်တိုင်းဆေးပညာမျိုးစေ့ကို စတင်ချသူကား ဒေါက်တာရှောလူးပင် ဖြစ်လေသည်။ ဒေါက်တာရှောလူးသည် မော်လမြိုင်ဇာတိဖြစ်သည်။ အဖမှာ ဦးရွှေသက်၊ အမိမှာ ဒေါ်ဖွားလှဖြစ်သည်။ ခရစ်ယာန်ဘာသာဝင် မွန်လူမျိုးများဖြစ်ကြသည်။ မောင်ရှောလူးကို ၁၈၃၉ခုတွင် ဖွားမြင်သည်။ ထိုအချိန်၌ မော်လမြိုင်မြို့ အပါအဝင် တနင်္သာရီနယ်သည် အင်္ဂလိပ်လက်အောက်၌ ကျရောက်နေပြီ။ အထက်မြန်မာနိုင်ငံကိုမူ သာယာဝတီမင်း စိုးစံနေသည်။ မောင်ရှောလူးသည် ထူးခြားသူဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် ပညာဗဟုသုတကို လိုလားသည်။ အထူးသဖြင့် အနောက်တိုင်း ခေတ်မီပညာရပ်ကို သင်ယူလိုသည်။ ထို့ကြောင့် အသက် ၁၇နှစ်အရွယ်တွင် အိန္ဒိယပြည် ကာလကတ္တားမြို့သို့ စွန့်စားသွားရောက်ကာ ခေတ်မီပညာရပ်များကို ဆည်းပူးလေသည်။ ထိုအချိန်၌ တနင်္သာရီနယ်သာမက ရန်ကုန်အပါအဝင် အောက်မြန်မာနိုင်ငံတရပ်လုံးကို အင်္ဂလိပ်ပိုင်နေပြီ။ အထက်မြန်မာနိုင်ငံကိုမူ မင်းတုန်းမင်းစိုးစံနေသည်။ မောင်ရှောလူးသည် ကာလကတ္တား၌ ၂ နှစ်ခန့် ပညာဆည်းပူးအပြီးတွင် ၁၈၅၇ခု၊ စစ်ပါရီပုန်ကန်မှုကြီးနှင့် ကြုံတွေ့လေသည်။ စစ်ပါရီများမှာ အင်္ဂလိပ်လက်အောက်၌ အမှုထမ်းနေသော အိန္ဒိယစစ်သားများဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်၌ နေရသည်မှာ ဆင်းရဲဒုက္ခ ရောက်လှသဖြင့် သူတို့က ဦးဆောင်လျက် အိန္ဒိယအမျိုးသားများက နယ်ချဲ့ကိုပုန်ကန်ခြင်းဖြစ်သည်။ ပုန်ကန်မှုပြင်းထန်သဖြင့် ဘေးအန္တရာယ်ရှိလာသည်။ ဤတွင် မောင်ရှောလူးကို ဆရာသမားမိဘများက အိန္ဒိယ၌ မနေရန် တိုက်တွန်းကြသည်။ မောင်ရှောလူးမှာ ပညာသင်ကောင်းဆဲဖြစ်သဖြင့် အိန္ဒိယမှလည်း မခွာလို၊ ဆက်လက်နေထိုင်ရန်လည်း မဖြစ်သဖြင့် အခက်ကြုံတွေ့နေရသည်။ သို့ဖြင့် ကလကတ္တားသင်္ဘောဆိပ်၌ ယောင်လည်လည်ဖြစ်နေသည်။ ထိုအခိုက် အမေရိကန်ပြည်သို့သွားမည့် သင်္ဘောတစင်းသည် ကာလကတ္တားသို့ ခေတ္တဝင်ဆိုက်သည်။ သင်္ဘောပေါ်တွင် မြန်မာနိုင်ငံ သုံးဆယ်မြို့၌ ခရစ်ယာန်သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသော ဆရာမကြီး မစ္စမာရီယာအင်ဂေါပါလာသည်။ ဆရာမကြီးသည် အားလပ်ခွင့်ရသဖြင့် အမေရိကန်သို့ ခေတ္တပြန်ခြင်းဖြစ်သည်။ သူနှင့် မောင်ရှောလူးတို့ တွေ့ကြသည်။ မောင်ရှောလူးက သူ့ကို အကြောင်းစုံပြောပြသောအခါ သူသည် ပညာလိုလားသော သူငယ်လေးအပေါ် ဂရုဏာသက်သွားသည်။ ထို့ကြောင့် အမေရိကန်၌ ပညာဆက်လက်ဆည်းပူးလိုက စီစဉ်ပေးမည့်အကြောင်း ပြောသည်။ မောင်ရှောလူးမှာ ဝမ်းသာမဆုံးပြီ။ သို့သော်သူတို့နှစ်ဦးတွင် ငွေမရှိ။ လောလောဆယ် မောင်ရှောလူးအမေရိကန်နိုင်ငံသို့ လိုက်ပါရန် သင်္ဘောခမရှိ။ မတတ်နိုင်ပြီ။ နောက်ဆုံး ဆရာမကြီးက သင်္ဘောကပ္ပတိန်ကို အကျိုးအကြောင်းပြောပြတောင်းပန်သည်တွင် မောင်ရှောလူးသည် သင်္ဘောစားသောက်ခန်း၌ စားပွဲထိုးအဖြစ် ဆောင်ရွက်လိုက်ပါခွင့်ရလေသည်။

ထိုခေတ်အမေရိကန်သို့ သင်္ဘောခရီးဖြင့် သွားရသည်မှာ မလွယ်ကူ၊ စူးအက်တူးမြောင်းလည်း မပေါက်သေး။ သင်္ဘောကလည်း ယခုခေတ်ကဲ့သို့ခေတ်မမီ။ အပြောကျယ်လှသော သမုဒ္ဒရာကြီးကို တရွေ့ရွေ့ ကူးဖြတ်ခဲ့ရသည်။ ထို့ကြောင့် ၄ လကြာသောအခါမှ အမေရိကန်ပြည် နယူးယောက်မြို့သို့ ဆိုက်ရောက်လေသည်။

ဆရာမကြီး၏ ဆောင်ရွက်ပေးချက်အရ နယူးယောက်မြို့မှ ကုန်သည်တဦးနှင့် လူဝီစဗတ်ရှိ တက္ကသိုလ်(ယခုဗတ်ကနဲ တက္ကသိုလ်)မှ သီအိုလိုဂျီပါမောက္ခတဦးက မောင်ရှောလူးကို ကူညီထောက်ပံ့ကြသည်။ မောင်ရှောလူးသည် သူလိုချင်တောင့်တသော ပညာရပ်များကို ဆည်းပူးနိုင်ရန် ကြိုးပမ်းရာ ၁၈၅၉ခုနှစ်တွင် လူဝီစဗတ်ရှိ တက္ကသိုလ်သို့ ဝင်ခွင့်ရသွားသည်။ ထိုတက္ကသိုလ်တွင် ဂရိဘာသာ၊ လက်တင်ဘာသာ၊ သင်္ချာ၊ ဓါတုဗေဒ၊ ဖီလိုဆိုဖီ၊ ရက္ခဗေဒ၊ ဘူမိဗေဒ၊ နိုင်ငံရေးဘောဂဗေဒ၊ နက္ခတ္တဗေဒ၊ အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေများ စသည်တို့ကို မောင်ရှောလူး လေ့လာဆည်းပူးသည်။ သူသည် ထိုခေတ်အမေရိကန်ကျောင်းသားများနည်းတူ ကျောင်းတက်ရင်း တဖက်က အလုပ်လုပ်သည်။ ပါမောက္ခတဦးအိမ်တွင် တနာရီလျှင် ၁၀ဆင့်နှုန်းဖြင့် အလုပ်ဝင်လုပ်သည်။ ထိုစဉ်က အမေရိကန်ပြည်မှာ ကုန်ပစ္စည်းပေါသည်။ ယခုခေတ်ကော်ဖီတခွက်လျှင် ၉၉ ဆင့် ပေးရသော်လည်း ထိုစဉ်က ၁၀ဆင့်သာ ပေးရသည်ဆို၏။ မောင်ရှောလူးသည် ကျောင်းပိတ်ရက်များတွင် အခြားမြို့နယ်များသို့ လှည့်လည်သွားကာ မြန်မာနိုင်ငံအကြောင်း၊ မြန်မာလူမျိုးတို့၏ဓလေ့ထုံးစံအကြောင်း တရားဟောပြောသည်။ ထိုအတွက် ဉာဏ်ပူဇော်ခငွေများ ရသေးသည်။ ဤသို့ ပညာသင်နေစဉ်အတွင်း မောင်ရှောလူးသည် အမေရိကန်ပြည်တွင်းစစ်နှင့် ကြုံတွေ့ပြန်သည်။ ငွေဝယ်ကျွန်ပြဿနာနှင့် စပ်လျဉ်း၍ လင်ကွန်းဦးဆောင်သော မြောက်ပိုင်းသားများနှင့် တောင်ပိုင်းသားများ တိုက်ခိုက်ကြသည်။ တိုက်ပွဲများအနံ့အပြား အပြင်းအထန် ဖြစ်ပွားသည်။ မည်သို့ပင်ဖြစ်စေ မောင်ရှောလူးကား မတုန်လှုပ်၊ အားမလျှော့။ ပညာကိုကြိုးပမ်း၍ ဆက်လက်သင်ယူသည်။ သို့ဖြင့် ၅နှစ် အကြာတွင် ထိုတက္ကသိုလ်မှ ဘီအေဘွဲ့ ရခဲ့လေသည်။

ဘီအေအောင်သော်လည်း မောင်ရှောလူးသည် မရပ်တန့်သေး။ ဆေးပညာကိုဆက်လက်ဆည်းပူးရန် ကြိုးပမ်းပြန်သည်။ တကယ့်ပုဂ္ဂိုလ်ထူးပါတကား။

စင်စစ် သူ့နှလုံးသား၌ အနောက်တိုင်းခေတ်မီဆေးပညာကို

သင်ယူလျက် ဝေဒနာရှင် လူသားများကို ဆေးဝါးကုသလိုသော ဆန္ဒသည် ငယ်စဉ်ကပင် ပေါ်ပေါက်ခဲ့သည်။ သူငယ်စဉ်က မော်လမြိုင်၌ ဒေါက်တာဂျပ်ဆင်နှင့် တရပ်တည်း အတူနေထိုင်ခဲ့ဖူးသည်။ သူ့မိဘများနှင့် ဒေါက်တာဂျပ်ဆင်သည် အလွန်ခင်မင်ရင်းနှီးသည်။ သူမိဘများသည် ခရစ်ယာန်ဘာသာဝင်အဖြစ် အဦးဆုံးခံယူသောမြန်မာများထဲတွင် အပါအဝင်ဖြစ်သည်။ တနေ့တွင် ဒေါက်တာဂျပ်ဆင်သည် နာမကျန်းဖြစ်ရာမှ အသည်းအသန်ဝေဒနာခံစားရသည်။ ထိုအချိန်၌ မော်လမြိုင်တွင် သူ့ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးနိုင်မည့် ဆရာဝန်များမရှိ။ မြန်မာနိုင်ငံတွင်လည်းမရှိ။ ထို့ကြောင့် ဆွေမျိုးမိတ်သင်္ဂဟများက ဒေါက်တာဂျပ်ဆင်ကို သင်္ဘောဖြင့် တင်ကာ နိုင်ငံခြားသို့ ခေါ်ဆောင်သွားကြသည်။ ဤအခြင်းအရာကို မောင်ရှောလူး ကောင်းစွာ မြင်တွေ့ခဲ့သည်။ တဖန်လမ်းခရီး၌ ဒေါက်တာဂျပ်ဆင် ကွယ်လွန်သွားသည်ကိုလည်း သူကြားသိလိုက်ရသည်။ ထိုကတည်းက သူ့နှလုံးသားထဲ၌ ဆရာဝန်လုပ်လျက် လူအပေါင်း၏အသက်ကို ကယ်တင်လိုသော စိတ်ကောင်းစိတ်မြတ်များ ပေါ်ပေါက်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။ ထို့ကြောင့် သူသည် အိုဟိုင်းယိုးနယ် ကလိဗလင်း ကုသိုလ်ဖြစ်ဆေးရုံရှိ ဆေးကောလိပ်တွင် ဆေးပညာကို ဆက်လက်သင်ယူလေသည်။ ၃ နှစ်အကြာ ၁၈၆၇ခုတွင် မောင်ရှောလူးသည် ဆေးအတတ်ကို ကောင်းစွာ အောင်မြင်တတ်ကျွမ်းလေသည်။ ဆေးပညာအမ်ဒီဘွဲ့ရလေသည်။ ထိုနှစ်မှာပင် ဗတ်ကနဲတက္ကသိုလ်ကလည်း သူ့ကို အမ်အေဘွဲ့ ချီးမြှင့်ပြန်လေသည်။

မောင်ရှောလူးအဖို့ ပညာစုံပြီ။ သူသင်ကြားလိုသော ပညာရပ်များကိုလည်း သင်ကြားပြီးပြီ။ မောင်ရှောလူးဘဝမှ ဒေါက်တာရှောလူးဘဝကိုလည်း ခံယူရရှိပြီ။ ထို့ကြောင့် အမိမြန်မာနိုင်ငံသို့ ပြန်ရန် ပြင်ဆင်လေသည်။ မပြန်မီ ထိုနှစ် အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စု သမ္မတကြီး အင်ဒရူးဂျွန်ဆင်နှင့် သွားရောက်တွေ့ဆုံသည်။ သမ္မတဂျွန်ဆင်မှာ လင်ကွန်းကွယ်လွန်ပြီးနောက် သမ္မတရာထူးကို ဆက်ခံရသူဖြစ်သည်။ ၁၇ဆက်မြောက် သမ္မတပင်ဖြစ်သည်။ ဒေါက်တာရှောလူးကို သမ္မတဂျွန်ဆင်သည် ဝမ်းမြောက်ဝမ်းသာ လက်ခံတွေ့ဆုံသည်။ စင်စစ် ဒေါက်တာရှောလူးသည် အမေရိကန်နိုင်ငံသို့ ပညာဆည်းပူးရန် လာရောက်သည့် ပထမဦးဆုံးသော မြန်မာကျောင်းသားပင်ဖြစ်လေသည်။ ဒေါက်တာရှောလူးက သမ္မတဂျွန်ကြီးအား မိမိအမိနိုင်ငံသို့ ပြန်တော့မည့်အကြောင်း ပြောပြသည်။ ဤတွင် သမ္မတဂျွန်ကြီးက မင်းတုန်းမင်းထံ ဒေါက်တာရှောလူးအတွက် ထောက်ခံစာတစောင် ရေးပေးလိုက်လေသည်။

၁၈၆၇ ခုနှစ်မကုန်မီပင် ဒေါက်တာရှောလူးသည် အမိမြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ လမ်းတွင်လန်ဒန်၊ ပဲရစ်၊ အေသင်၊ သီဟိုဠ်(သီရိလင်္ကာ) ကလကတ္တားစသည်တို့သို့ ခေတ္တဝင်ရောက်ခဲ့သေးသည်။ ဒေါက်တာရှောလူးသည် မြန်မာနိုင်ငံသို့ရောက်သော် ရတနာပုံမြို့သို့ တက်သွားကာ မင်းတုန်းမင်းကြီးထံမှောက် အခစားဝင်သည်။ မင်းတုန်းမင်းကြီးသည် သူ့ကိုကောင်းစွာ လက်ခံစကားပြောသည်။ သမ္မတဂျွန်ဆင်၏ ထောက်ခံစာကိုလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံယူသည်။ ထို့နောက် ဒေါက်တာရှောလူးကို သားတော်တပါးကဲ့သို့ ပြုစုစောင့်ရှောက်ကာ မြောက်ဥယျာဉ်တော်၌ ထားသည်။ ဒေါက်တာရှောလူးသည် ရက်ပေါင်း၂၀ ခန့် စည်းစိမ်ချမ်းသာခံစား၍ နေခဲ့သည်။ ထို့နောက် မင်းတုန်းမင်းကြီးအား သူ့ကို ဤသို့ ချီးမြောက်သည်ကို ဝမ်းသာကျေးဇူးတင်ကြောင်း သို့သော် သူသည် စည်းစိမ်ခံ၍မနေလို၊ သူသင်ယူလာသောပညာများကို အသုံးပြုလျက် ဆရာဝန်နှင့် ကျောင်းဆရာအလုပ်ကို လုပ်လိုကြောင်း လျှောက်ထားသည်။ မင်းတုန်းမင်းကြီးကလည်း ကြည်သာစွာခွင့်ပေးသည်။ သူ့ကို လက်ဆောင်များပေးကာ အောက်မြန်မာနိုင်ငံသို့ ပြန်လွှတ်လိုက်လေသည်။

ဒေါက်တာရှောလူးသည် ရန်ကုန်သို့ ပြန်ရောက်သောအခါ အလုပ်လုပ်ရန်ကြိုးပမ်းသည်။ သို့သော် အင်္ဂလိပ်အစိုးရက သူတို့ထံတွင် အလုပ်လုပ်ခွင့်မပေးပေ။ မင်းတုန်းမင်းကြီး၏ မြောက်စားခံခဲ့ရသူဖြစ်သဖြင့် မယုံကြည်ဟုဆိုကာ အလုပ်မပေးခြင်းဖြစ်သည်။ သို့ဖြင့် ဒေါက်တာရှောလူးသည် မော်လမြိုင်သို့ပြန်ကာ မုတ္တမတွင် ကိုယ်ပိုင်ကျောင်းဖွင့် လျက် ကျောင်းသား ၃၀ကို စာသင်ပေးသည်။ ထို့နောက်၆လအကြာတွင် မော်လမြိုင် အေဘီအမ်ကျောင်း၌ ဆရာဝင်လုပ်သည်။ ၁၀ နှစ်ကြာသည်။ ထို့နောက် ကျေးဇူးရှင် ဆရာမကြီး မာရီယာအင်ဂေါ်ကို ကျေးဇူးဆပ်သောအနေဖြင့် သုံးဆယ်ရှိ ဆရာမကြီး၏ကျောင်းတွင် ၃နှစ်တိတိ ဆရာဝင်လုပ်ပေးသည်။ ထို့နောက် ရန်ကုန်အစိုးရကျောင်း၌ တနှစ် ဆရာဝင်လုပ်သည်။ အာဏာပိုင်များက သူ၏ အရည်အချင်းကိုလည်းကောင်း၊ သူ၏စေတနာကိုလည်းကောင်း၊ သိရှိကြသဖြင့် သူ့ကို ပညာရေးတွင် အမှုထမ်းရန် ရာထူးကြီးများ ပေးသည်။ ဒေါက်တာရှောလူးက လက်မခံခဲ့။ ကျောင်းဆရာ အလုပ်ကို ကျေနပ်အောင်လုပ်ပြီးပြီဖြစ်၍ ဆရာဝန်အလုပ်ကိုသာ လုပ်ချင်နေသည်။ ဆေးဘက်တွင်ကား အင်္ဂလိပ်အစိုးရက သူ့ကို နေရာမပေးပေ။ ဆေးဘက်၌ လစ်လပ်နေသောနေရာမရှိဟု ဆိုထားသဖြင့် မရခဲ့။ ထို့ကြောင့် သူသည် မော်လမြိုင်သို့ပြန်ကာ အမေရိကန် သာသနာပြု ဆရာဝန်မကြီး ဒေါက်တာအယ်လင်မစ်ချယ်ထံတွင် အကူဆရာဝန်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ (၁၀)နှစ်လုပ်ကိုင်ပြီးသောအခါ ကိုယ်ပိုင်ဆေးခန်းဖွင့်ကာ ဆေးကုသည်။ တဘက်ကလည်း မော်လမြိုင်အစိုးရကျောင်းနှင့် နော်မန်ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ကာ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလေသည်။ ဒေါက်တာရှောလူးသည် အိမ်ထောင်နှစ်ဆက်ကျဖူးသည်။ ရန်ကုန်အစိုးရကျောင်း၌ ဆရာလုပ်နေစဉ် အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန်တဦး၏သမီး မစ်လူစီပရဲရားနှင့် ရှေးဦးစွာ အိမ်ထောင်ကျသည်။ ကလေး (၇)ယောက်ရသည်။ အငယ်ဆုံးသတ္တမမြောက်ကလေးငယ်ကို မီးဖွားစဉ် ဇနီးသည် ကွယ်လွန်သွားရှာသည်။ ထို့ကြောင့် ၂ နှစ်အကြာတွင် ဒုတိယအိမ်ထောင်အဖြစ် ဒေါ်ရွှေနှင့် လက်ထပ်လေသည်။ ကလေး(၃)ယောက်ရရှိသည်။

“အာဏာပိုင်များက သူ၏ အရည်အချင်းကိုလည်းကောင်း၊ သူ၏စေတနာကိုလည်းကောင်း၊ သိရှိကြသဖြင့် သူ့ကိုပညာရေးတွင် အမှုထမ်းရန် ရာထူးကြီးများ ပေးသည်။ ဒေါက်တာရှောလူးက လက်မခံခဲ့။ ကျောင်းဆရာအလုပ်ကို ကျေနပ်အောင် လုပ်ပြီးပြီဖြစ်၍ ဆရာဝန်အလုပ်ကိုသာ လုပ်ချင်နေသည်။”

သူသည် ပညာကို ကြိုးစားသင်ယူသည့်နည်းတူ အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်သူဖြစ်သည်။ ကျန်းမာရေးကလည်း အထူးကောင်းမွန်သည်။ ၇၄ နှစ်အရွယ်အထိ သန်တုန်းမြန်တုန်းပင်။ ၁၉၂၉ ခု အသက်၉၀ အရွယ်တွင်ကား ကွယ်လွန်သွားရှာလေသည်။ သူ့ဇာတိဖြစ်သော မော်လမြိုင်မှာပင် ကွယ်လွန်သွားလေသည်။

သူကွယ်လွန်သော်လည်း သူ့အမည်ကားမသေ။ သူ့ဇွဲ၊သူ့သတ္တိကားမကွယ်။ သူ့လုပ်ငန်းကား မမှိန်။ ယနေ့ မြန်မာဆရာဝန်များ၏ ဖခင်ကြီးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံသားများထဲမှ အနောက်တိုင်း ခေတ်မီဆေးပညာကို မြန်မာနိုင်ငံ၌ အဦးဆုံး မျိုးစေ့ချခဲ့သူအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် မွန်လူမျိုးတို့၏ ဂုဏ်ကို ဆောင်ခဲ့သူအဖြစ်လည်းကောင်း၊ ဒေါက်တာရှောလူးသည် ထင်ရှားဆဲပင်။ ■

ချစ်ခြင်းလွန်

စိုးနေလင်း

အမွှေးမြဆုံး လေညင်းသင်းသင်းထဲမှာ
ဖလောရင့်နိုက်တင်ဂေး[၁] ရှိတယ်
မာသာထရီဆာ[၂] ရှိခဲ့တယ်
အနည်းအပါးရှိကြလိမ့်ဦးမယ်။

လရောင်မဟုတ်ပါဘူး
လရောင်လိုလင်းဖြာခဲ့သူတွေလေ
နေရောင်ပြင်းပြင်းထဲမှာတောင်
လောင်မြိုက်မသွားခဲ့ကြ
တေးသွားကသိပ်လှလွန်းတယ်လေ
ဒုက္ခလူသားတွေကို ကယ်တင်ဖို့။

အာဏာ၊ ငွေကြေး၊ ကျော်ကြားမှု
ညစ်ညမ်းနေတဲ့လေထုက
ပန်းပွင့်တွေကို ခြွေချခဲ့ပြီ
ဒါပေမယ့်
ကြည်ပြာရောင်ကောင်းကင်အောက်မှာ
(တချို့က)
ကန္တာရပေါက်ပင်ဖြစ်သွားခဲ့ကြ။

အဲဒီလို
အိုအေစစ်အေးရိပ်မျိုးတွေကို
နေရာအနှံ့ရှိနေစေချင်ပါရဲ့ ။ ။

၁–Florence Nightingale
၂–Mother Teresa

နိုက်တင်ဂေးလ် ကျန်းမာရေးဂျာနယ် ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်

၁။ ပြည်သူလူထု၏ကျန်းမာရေးအသိပညာများ မြင့်မားတိုးတက်လာစေရန်။
၂။ ပြည်သူလူထု၏ကျန်းမာရေးအသိအမြင်၊ ဗဟုသုတများကို မြှင့်တင်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်။
၃။ ပြည်သူလူထုအနေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုရေးကိစ္စရပ်များတွင် လုံခြုံမှုရှိစေပြီး အနာဂတ်ဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဖန်တီးလာနိုင်စေရန်။
၄။ ကျန်းမာရေးဆိုင်ရာနားလည်တတ်သိမှု၊ ကျွမ်းကျင်မှုနှင့် ဂုဏ်သိက္ခာရှိသည့်ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်။
၅။ ကျန်းမာရေးလုပ်သားအချင်းချင်း ကျန်းမာရေးအသိပညာများ၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်နှင့် ဝေမျှလက်ဆင့်ကမ်းနိုင်ရန်။
၆။ နယ်စပ်ဒေသတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ကျန်းမာရေးလုပ်သားများအနေနှင့် နိုင်ငံတကာတွင် ရောက်ရှိနေသည့် ကျန်းမာရေးလုပ်သားများ၏ ကျန်းမာရေးအသိအမြင်များနှင့် ချိတ်ဆက်မိစေရန်။
၇။ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လိုအပ်သည့်ဆန်းစစ်ရှာဖွေဖော်ထုတ်ချက်များကို တင်ပြပေးခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် အထောက်အပံ့ ဖြစ်စေရန်။
၈။ လူမှုအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သားများထံသို့ နောက်ဆုံးရရှိသည့် ကျန်းမာရေးသတင်းများနှင့် အသိပညာများကို ဖြန့်ဝေပေးရန်။
၉။ လူ့အခွင့်အရေး၊ ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များနှင့် ဆက်နွယ်နေသည့် ကျန်းမာရေးဗဟုသုတများကို မြှင့်တင်ပေးရန်။

ကရင်နှစ်သစ်ကူးနေ့ကို ထိုင်း-မြန်မာနယ်စပ်မှာ စည်ကားသိုက်မြိုက်စွာကျင်းပ

ဒီဇင်ဘာလ (၃၀)ရက်နေ့မှာ ကျရောက်တဲ့ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိတဲ့ တောရဘုန်းကြီးကျောင်းနဲ့ ဒေါက်တာစင်သီယာမောင် ဦးစီးတဲ့ မယ်တော်ဆေးခန်းတွေမှာ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။ အခမ်းအနားသို့ ထိုင်းနိုင်ငံမှာရောက်ရှိနေတဲ့ ကရင်တိုင်းရင်းသားများ ပျော်ပျော်ရွှင်ရွှင် တက်ရောက်ဆင်နွှဲခဲ့ကြတယ်လို့ သိရပါတယ်။ အခမ်းအနားမှာ ကရင်ရိုးရာဝတ်စုံတွေ ဝတ်ဆင်ထားကြတဲ့ ကရင်အမျိုးသားအမျိုးသမီးငယ်များက ကြိုးကျစ်အက၊ ဝါးညှပ်အက၊ ဒုံးအက စတဲ့ အကမျိုးစုံနဲ့ ကပြသီဆို ဖျော်ဖြေခဲ့ကြပြီး ဧည့်ပရိသတ် စုစုပေါင်းနှစ်ထောင်နီးပါးလာရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

မယ်တော်ဆေးခန်းမှာ ကျင်းပတဲ့ အခမ်းအနားမှာ ကရင်နှစ်သစ်ကူးနေ့နဲ့ပတ်သက်လို့ ဒေါက်တာစင်သီယာမောင်က 'ကျမတို့ ဒီလူမျိုးစုတစုထဲမှာပဲဖြစ်ဖြစ်ပေါ့၊ ဒါမှမဟုတ် တိုင်းပြည်ထဲမှာပဲ ဖြစ်ဖြစ်၊ လူမှုအသိုင်းအဝိုင်းတခုတည်းမှာပဲဖြစ်ဖြစ်ပေါ့နော်၊ ဒီတဦးနဲ့တဦးလေးစားမှု၊ အပြန်အလှန်အမှီသဟဲပြုပြီးတော့ နေထိုင်နေကြတဲ့အခါမှာကျတော့ အပြန်အလှန် လေးစားမှုတွေလိုတယ်ပေါ့၊ အဲဒါကြောင့် ကျမတို့ ဒီလူငယ်လူရွယ်တွေ အနေနဲ့လည်း ကိုယ်ရဲ့ဖြတ်သန်းကြီးပြင်းလာတဲ့ အသိုင်းအဝိုင်းမှာပေါ့နော် မတူညီကွဲပြားခြားနားတဲ့ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ ဘာသာစကားတွေနဲ့ အယူဝါဒတွေကြားထဲမှာ ကျမတို့ ကြီးပြင်းလာရမယ်၊ အဲဒီကြားထဲမှာ ကျမတို့အားလုံးက အပြန်အလှန်လေးစားမှု၊ ချစ်ကြည်မှုနဲ့ စုစည်းမှုကို တည်ဆောက်နိုင်ဖို့လိုပါတယ်။ အဲဒါမှပဲ ဘယ်နိုင်ငံမှာပဲ ရောက်ရောက် ဘယ်တိုင်းပြည်ပဲ ရောက်ရောက်ပေါ့နော် ကိုယ့်ရဲ့ ဘဝလုံခြုံမှုနဲ့ ငြိမ်းချမ်းမှုကို ပိုပြီးတော့ ရှာဖွေနိုင်မှာဖြစ်ပါတယ်' လို့ ပြောကြားခဲ့ပါတယ်။

ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) ဥက္ကဋ္ဌ ပဒိုစောဘသင်စိန်က ကရင်နှစ်သစ်ကူးနေ့ အတွက် ပေးပို့တဲ့မိန့်ခွန်းမှာတော့ 'ကရင်တော်လှန်ရေးဟာ အခုဆိုရင်(၅၇)နှစ်ပြည့်တော့မယ်၊ အောင်ပွဲ ပန်းတိုင်ကို မရောက်သေးဘူး။ စစ်အုပ်စုဟာ ကရင့်တော်လှန်ရေးကို နည်းလမ်းမျိုးစုံနဲ့ ဖျက်ဆီးနေတယ်။ အဲဒါကို အစဉ်သတိရှိဖို့လိုတယ်' လို့တိုက်တွန်းထားပါတယ်။ တပ်မဟာ(၇)ဌာနချုပ်မှာ ကျင်းပတဲ့ နှစ်သစ်ကူးပွဲတော်မှာ ကရင်ရိုးရာအကများ၊ အားကစားပြိုင်ပွဲများ၊ ဇာတ်ပွဲနဲ့ လက်ဝှေ့ပွဲများပါဝင်ပြီး တိုးတက်သောကရင်ဗုဒ္ဓဘာသာအစည်းအရုံး(ဒီကေဘီအေ)တပ်ဖွဲ့ဝင်အချို့လာရောက်အားပေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

နှစ်စဉ် ကရင်လူမျိုးများ နေထိုင်ရာ နေရာဒေသအသီးသီးမှာ ပြာသိုလဆန်း(၁)ရက်နေ့ရောက်တိုင်း နှစ်သစ်ကူးပွဲတော်နဲ့အတူကောက်သစ်စားပွဲကို ကျင်းပလေ့ရှိပါတယ်။ ကေအန်ယူလက်အောက်ခံ ဒေသအသီးသီးနဲ့ ထိုင်း-မြန်မာ နယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်းများ၊ ကရင်ကျေးရွာများမှာလည်း ကရင်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ■ Dec 30, 2005

မြန်မာနိုင်ငံလွတ်လပ်ရေးနေ့အခမ်းအနားထိုင်းနိုင်ငံမှာကျင်းပ

ထိုင်းနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေ စုပေါင်းကျင်းပတဲ့ (၅၈)နှစ်မြောက် မြန်မာ

နိုင်ငံ လွတ်လပ်ရေးနေ့ အခမ်းအနားကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့က ထိုင်း-မြန်မာနယ်စပ်တနေရာမှာ ကျင်းပပြုလုပ်ခဲ့ရာ ဧည့်ပရိသတ် (၁၀၀)ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ အလားတူ ထိုင်းနိုင်ငံ မဲဆောက်မြို့နဲ့ (၃၃)ကီလိုဝေးတဲ့ နေရာမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)က ဦးစီးပြီး (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပခဲ့သလို (၃၃)ကီလိုမှာရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ကလေးငယ်တွေအတွက် ပျော်ပွဲရွှင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့တယ်လို့ သတင်းရရှိပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၈ခုနှစ်က နယ်ချဲ့အင်္ဂလိပ်လက်အောက်က လွတ်လပ်ရေးရရှိခဲ့ပေမယ့် အခုအချိန်အထိ မြန်မာစစ်အာဏာရှင်တွေရဲ့ အုပ်စိုးမှုလက်အောက်က လွတ်မြောက်ဖို့အတွက် (၄၃)နှစ်ကျော်ကြာ တိုက်ပွဲဝင်နေရဆဲဖြစ်ပါတယ်။ ■ Jan 4, 2006

အပြည်ပြည်ဆိုင်ရာ ကလေးများနေ့အခမ်းအနား မဲဆောက်မြို့မှာကျင်းပ

ဇန်နဝါရီလ(၁၄)ရက်နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ အခမ်းအနားတခုကို ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ ထိုင်း-မြန်မာပရိသတ် စုစုပေါင်း (၁၀၀၀)ကျော် တက်ရောက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အခမ်းအနားကျင်းပတဲ့ မဲဆောက်မြို့ စည်ပင်သာယာကွင်းစင်မြင့်ပေါ်မှာ တိုင်းရင်းသား ရိုးရာအကများနဲ့ ဖျော်ဖြေ တင်ဆက်ခဲ့တယ်လို့ သိရပါတယ်။ ကလေးငယ်များအတွက် အခမဲ့စားသောက်ဆိုင်များ၊ ဗဟုသုတဖြစ်စရာ ပြခန်းများကို ပြသပေးခဲ့ပြီး ပျော်ပွဲရွှင်ပွဲတွေနဲ့ ကံစမ်းမဲ အစီအစဉ်တွေကိုပါ ထည့်သွင်း ပေးခဲ့တယ်လို့ သိရပါတယ်။ အခမ်းအနားကို တက်ရောက်တဲ့ မြန်မာကလေးငယ်တဦးက 'သမီးနာမည် အိအိအောင်၊ သမီးက(၄)တန်း၊ လူ့ဘောင်သစ်ကျောင်းမှာ နေပါတယ်။ သမီးဒီပြိုင်ပွဲမှာ ဝင်ကစားရတာပျော်တယ်။ ဘာလို့လဲဆိုတော့ ကျောင်းပေါင်းစုံက ကလေးတွေနဲ့လည်း ခင်ခွင့်ရတယ်။ ကျောင်းသူကျောင်းသားတွေနဲ့လည်း ကစားခွင့်ရတယ်။ အဲဒါကြောင့် သမီးပျော်တယ်၊ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံမှာဆိုရင်တော့ သမီးပိုပျော်မှာပါ။ အားပေးတဲ့လူကလည်း များမှာဆိုတော့ အဲဒီမှာ ပိုပျော်မှာပါ'လို့ သူမခံစားရတဲ့အတိုင်း ရင်ဖွင့်ပြောပြသွားခဲ့ပါတယ်။

အလားတူ ကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ စာပေအနုပညာပြိုင်ပွဲနဲ့ အားကစားပြိုင်ပွဲများကို မဲဆောက်မြို့ရှိ မယ်တော်အထက်ကျောင်းနဲ့ CDC ကျောင်းတို့မှာ ကျင်းပပြုလုပ်ခဲ့ရာ မဲဆောက်မြို့မှာရှိတဲ့ မြန်မာကျောင်းများမှ ကျောင်းသူကျောင်းသားကလေးများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။ ■ Jan 14, 2006

မြန်မာဒုက္ခသည်များအတွက် ပညာရေးအစီအစဉ်ကို ထိုင်းအစိုးရမှရေးဆွဲ



ထိုင်းနိုင်ငံထဲက ဒုက္ခသည်စခန်းတွေမှာ နေထိုင်ကြတဲ့ မြန်မာနိုင်ငံသားဒုက္ခသည်တွေအတွက် ထိုင်းပညာရေးဝန်ကြီးဌာနက ကျောင်းပြင်ပ ပညာရေးအစီအစဉ်တရပ် ရေးဆွဲနေတယ်လို့ သိရပါတယ်။

ထိုင်းနိုင်ငံ ရပ်ချ်ဘူရီ၊ ကန်ချနဘူရီ၊ တပ်ခ်၊ မယ်ဟောင်ဆောင်ခရိုင်တွေမှာရှိတဲ့ စခန်း(၉)ခုမှ ဒုက္ခသည် (၁၀၈၃၁၁)ဦးရဲ့ ပညာရေးအတွက် ရေးဆွဲနေတာဖြစ်တယ် လို့သိရပါတယ်။ အခုရေးဆွဲနေတဲ့ ပညာရေးအစီအစဉ်မှာ ဒုက္ခသည်တွေကို အင်္ဂလိပ်စာ၊ ထိုင်းစာနဲ့ အခြားအသက်မွေးဝမ်းကြောင်းပညာတွေကို ဆရာများစေလွှတ်သင်ကြားပေးမှာဖြစ်ပြီး ဂြိုဟ်တုဆက်သွယ်ရေး ရုပ်မြင်သံကြား၊ ကွန်ပျူတာနဲ့ ပြဋ္ဌာန်းစာအုပ်များအပါအဝင် ပညာရေးအထောက်အပံ့ပစ္စည်းများ ကူညီသွားမယ်လို့ ဆိုပါတယ်။ ထိုင်းပညာရေးဝန်ကြီးဌာနက ဒုက္ခသည်စခန်းတွေမှာ ပညာသင်ကြားတဲ့အခါ သယ်ယူပို့ဆောင်ရေးအခက်အခဲ၊ ဆရာတွေရဲ့ လစာနှုန်းထားအခြေအနေနဲ့ သင်ကြားမှုအထောက်အကူပြုပစ္စည်း မလုံလောက်မှု စတဲ့အခက်အခဲများကို စာရင်းပြုစုသွားမယ်လို့ ဆိုပါတယ်။ လိုအပ်တဲ့ ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်ဖို့နဲ့ အကူအညီအထောက်အပံ့များ ရှာဖွေဖို့ ပညာရေးဝန်ကြီးဌာနက လုပ်ငန်းစီမံချက်တရပ် တင်ပြသွားမယ်လို့လည်း သိရပါတယ်။ မြန်မာဒုက္ခသည်တွေ တတိယနိုင်ငံတွေကို ထွက်ခွာသွားတဲ့အခါ သက်ဆိုင်ရာနိုင်ငံတွေမှာ အသက်မွေးဝမ်းကြောင်းအလုပ်တခုခု ရရှိနိုင်ဖို့ မျှော်လင့်ကြိုးစားပေးတာဖြစ်တယ်လို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR မှ အရာရှိတဦးက ပြောဆိုပါတယ်။

ထိုင်းပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ခွန်ရိမ်းကပ်စ်မာဗာရာဘမ်ကတော့ အခုစီမံကိန်းဟာ ထိုင်းပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ UNHCR တို့ ဆွေးနွေးတိုင်ပင်ပြီး လုပ်ဆောင်တဲ့ အစီအစဉ်ဖြစ်တယ်လို့ ပြောပြပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ UNHCR တို့ပူးပေါင်းပြီး လိုအပ်တဲ့ ပညာရေးဆိုင်ရာ အထောက်အကူတွေ ပေးသွားမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ■ Dec 16, 2005

ထိုင်းနိုင်ငံရောက်မြန်မာများနိုင်ငံတကာရွှေ့ပြောင်းအလုပ်သမားနေ့ကျင်းပ

၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့မှာ ကျရောက်ခဲ့တဲ့ နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားနေ့ကို ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင် သကော့ပါးမြို့နယ်မှာ နေထိုင်တဲ့ ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေ စုပေါင်းပြီး ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြတယ်လို့သတင်းရရှိပါတယ်။ အဆိုပါအခမ်းအနားကို ဒေသခံထိုင်းအာဏာပိုင်တွေနဲ့ နယ်စပ်ဒေသဆိုင်ရာ မြန်မာ့အရေးဆောင်ရွက်တဲ့ NGO အဖွဲ့အစည်းတွေက ဦးစီးကျင်းပပေးခဲ့တာဖြစ်ပါတယ်။ အခမ်းအနားကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ထိုင်းအစိုးရ၊ ထိုင်းလုပ်ငန်းရှင်တွေနဲ့ မြန်မာအလုပ်သမားတွေကြား အပြန်အလှန်နားလည်မှုရှိဖို့နဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ ထိုင်းနိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်း ဥပဒေတွေကို ပိုမိုသိရှိနားလည်စေဖို့အတွက် ရည်ရွယ်တာဖြစ်တယ်လို့ သိရပါတယ်။ အလားတူပဲ ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့မှာလည်း နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားနေ့ကို ကျင်းပခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။ ■ Dec 18, 2005

မြန်မာကလေးငယ်များတရားဝင်မှတ်ပုံတင်နိုင်ရေးယူနီဆက်တိုက်တွန်း

မြန်မာနိုင်ငံအတွင်းကနေ ထွက်ပြေးလာကြရတဲ့ မြန်မာကလေးငယ်တွေကို တရားဝင်မှတ်ပုံတင်နိုင်ရေးအပါအဝင် တိကျတဲ့ အကူအညီတွေပေးဖို့ စီစဉ်သင့်ကြောင်း ရန်ကုန်အခြေစိုက် ယူနီဆက်ရုံးက ထိုင်းနဲ့ မြန်မာအစိုးရတွေကို တိုက်တွန်းလိုက်တယ်လို့ သတင်းရရှိပါတယ်။ မြန်မာစစ်အစိုးရအနေနဲ့ ကိုယ့်တိုင်းပြည်ထဲကနေ ကလေးငယ်တွေ ထွက်ပြေးမသွားစေဖို့အတွက် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစောင့်ရှောက်မှုလုပ်ငန်းတွေ ကြိုးစားလုပ်ဆောင်သင့်တယ်လို့ ရန်ကုန်ယူနီဆက်ရုံးဆက်သွယ်ရေးအရာရှိ ဂျစ်စင်ရပ်ဒ်က တိုက်တွန်းလိုက်တာဖြစ်ပါတယ်။ မြန်မာကလေးငယ်သန်းပေါင်းများစွာဟာ တိုင်းပြည်ကနေ ထွက်ပြေးလာကြရပြီး အိမ်နီးချင်းနိုင်ငံတွေမှာ ပြင်းပြင်းထန်ထန် ခွဲခြားဆက်ဆံခံနေကြရတယ်၊ ဆိုးဆိုးဝါးဝါး ဖိနှိပ်ခံနေကြရတယ်လို့ ဆိုပါတယ်။

၂၀၀၅ခုနှစ်တနှစ်ထဲမှာပဲ မြန်မာကလေးငယ် (၄၀၀၀)ခန့် ထိုင်းနိုင်ငံကို ထွက်ပြေးခဲ့ကြပြီး ဖိနှိပ်ခေါင်းပုံဖြတ်သူတွေ၊ လူကုန်ကူးသူတွေရဲ့လက်ထဲ ရောက်မသွားရအောင် သူတို့အားလုံးကို ဒုက္ခသည်တွေအဖြစ် တရားဝင်မှတ်ပုံတင်ပေးခဲ့တယ်လို့လည်း နယ်စပ်အခြေစိုက် လူမှုကယ်ဆယ်ရေးအဖွဲ့တခုက ပြောကြားခဲ့ပါတယ်။ လက်ရှိအနေအထားအရ ထိုင်းနိုင်ငံမှာ မြန်မာကလေးငယ် (၅)သောင်းခန့် ခိုလှုံနေကြရပြီး သူတို့ထဲကအများစုဟာ တရားဝင်မွေးစာရင်းမရှိသလို ဒုက္ခသည်အဖြစ် မှတ်ပုံတင်ထားတာလည်း မရှိဘူးလို့ CPPCR ခေါ် ကလေးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က သတင်းထုတ်ပြန်ထားပါတယ်။ ■

Dec 16, 2005

ကိုးရီးယားလူမှုရေးအသင်းကမယ်တော်အထက်တန်းကျောင်းသို့ အမေရိကန်ဒေါ်လာ(၂)သိန်း(၆)သောင်းလှူဒါန်း

မဲဆောက်မြို့ရှိ ကိုးရီးယားကျောင်းလို့ လူသိများတဲ့ မယ်တော်အထက်တန်းကျောင်းသို့ ကိုးရီးယားလူမှုရေးအသင်းတခုက ၂၀၀၆ခုနှစ် ပညာသင်နှစ်အတွက် အမေရိကန်ဒေါ်လာ(၂)သိန်း (၆)သောင်း အကူအညီပေးမယ်လို့ သတင်းရရှိပါတယ်။ မယ်တော်အထက်တန်းကျောင်းကို လစဉ် အမေရိကန်ဒေါ်လာ (၁၀၀၀) ပုံမှန်အကူအညီပေးနေတဲ့ Pucheon Migrant Workers House ရဲ့ ဆက်သွယ်ပေးမှုနဲ့ ကိုးရီးယား လူမှုအထောက်အကူပြုအဖွဲ့က လှူဒါန်းဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။ ၂၀၀၅ ခုနှစ် ဇွန်လမှာ စတင်ဖွင့်လှစ်ခဲ့တဲ့ မယ်တော်အထက်တန်းကျောင်းဟာ ထောက်ပံ့ငွေ တိုးမြင့်ရရှိလာပြီဖြစ်တဲ့အတွက် ကျောင်းအိပ်ကျောင်းစားအနေနဲ့ ထားနိုင်တော့မယ်လို့ ကျောင်းတာဝန်ရှိသူတဦးက ပြောကြားပါတယ်။

မယ်တော်အထက်တန်းကျောင်းသို့ ကရင်ဒုက္ခသည်များနဲ့ မြန်မာရွှေ့ ပြောင်းအလုပ်သမားများရဲ့ သားသမီး(၄၀)ခန့် တက်ရောက်ပညာ သင်ကြားနေတယ်လို့ သိရပါတယ်။ အခုအချိန်အထိ (၇)တန်း တတန်းတည်းကိုသာ လက်ခံသင်ကြားပေးနေပြီး နောက်မှာတော့ ဆယ်တန်းအထိ သင်ကြားပေးနိုင်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ မြန်မာ၊ အင်္ဂလိပ်၊ ထိုင်း၊ သင်္ချာ၊ သိပ္ပံ၊ သမိုင်း၊ ပထဝီ၊ လူ့အခွင့်အရေး၊ အခြေခံကျန်းမာရေးနဲ့ ကွန်ပျူတာဘာသာရပ်တွေကို သင်ကြားပေးနေပြီး ထိုင်းပညာရေးစနစ်အတိုင်း (၁၂)တန်းအထိ ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်တယ်လို့သိရပါတယ်။ (၁၂)တန်းအောင်မြင်တဲ့ ကျောင်းသူ ကျောင်းသားတွေကို ထိုင်းတက္ကသိုလ်၊ ကောလိပ်တွေမှာ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက်ဆက်သွယ်ဆောင်ရွက်ပေးနိုင်ဖို့လည်း ကြိုးစားသွားမှာဖြစ်ကြောင်း သိရပါတယ်။ ■

Jan 13, 2006

ရန်ကုန်တိုင်းမှာကလေးတွေကိုကာကွယ်ဆေးမထိုးကြဖို့တားမြစ်

ရန်ကုန်တိုင်း ကျန်းမာရေးဝန်ကြီးဌာနက ကလေးတွေကို ဆုံဆို့၊ ကြက်ညှာ၊ ပိုလီယို အစရှိတဲ့ ကာကွယ်ဆေးတွေ မထိုးကြဖို့ မြို့နယ်အသီးသီးမှာ လိုက်လံတားမြစ်ခဲ့တယ်လို့ သတင်းရရှိတယ်။ ကလေးကာကွယ်ဆေးတွေ ပြတ်လတ်နေတဲ့အပြင် ထိုးပေးနေတဲ့ ဆေးတွေကလည်း သက်တမ်းကုန်နေတဲ့အတွက် ဆေးထိုးခံတဲ့ ကလေးငယ်တချို့ သေဆုံးမှုတွေ ရှိခဲ့တာကြောင့် အခုလို တားမြစ်ချက် ထုတ်ပြန်ခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ မြန်မာပြည်မှာ ကလေးတွေ အဖြစ်များနေတဲ့ ရောဂါတွေအတွက် ကာကွယ်ဆေးထိုးလည်း အသက်အန္တရာယ် စိုးရိမ်ရသလို ကာကွယ်ဆေးမထိုးလည်း ရေရှည်အန္တရာယ်ကို စိုးရိမ်နေရတယ်လို့ ရန်ကုန်မြို့ခံတဦးက ပြောပြခဲ့ပါတယ်။ သက်တမ်းကုန်ဆုံးနေပြီဖြစ်တဲ့ ဆေးတွေကြောင့် ကလေးတွေ သေဆုံးကြရတဲ့အပြင် ကာကွယ်ဆေးတွေပြတ်လပ်နေတာကြောင့် ၂၀၀၅ခုနှစ် နိုဝင်ဘာလဆန်းပိုင်းလောက်ကတည်းက ကလေးကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေကို ရပ်ဆိုင်းထားခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ ■

Dec 20, 2005

ထိုင်းနိုင်ငံရှိရွှေ့ပြောင်းအလုပ်သမားများကြား ဝမ်းရောဂါအဖြစ်များ

ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်း အလုပ်သမားများအကြား ဝမ်းရောဂါအဖြစ်များနေကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ၂၀၀၅ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း မြန်မာရွှေ့ပြောင်း အလုပ်သမားများနဲ့ ၎င်းတို့ရဲ့ မိသားစုများအကြား နာမကျန်းသူ (၆၀၈၁)ဦးနဲ့ သေဆုံးသူ(၈)ဦးရှိပြီး အများစုမှာ (၁)နှစ်မှ(၄)နှစ်အောက် ကလေးများဖြစ်တယ်လို့ ထိုင်းသတင်းအေဂျင်စီမှာ ဖော်ပြပါတယ်။

နာမကျန်းသူများအနက် ဝမ်းလျှောသူ(၂၄၅၃)ဦး၊ ၄က်ဖျားရောဂါသည် (၁၂၅၆)ဦး၊ အဆုတ်ရောင်ရောဂါသည် (၃၅၆)ဦး၊ တီဘီရောဂါသည် (၁၈၂)ဦးနဲ့ လိင်ဆက်ဆံမှုကြောင့်ဖြစ်ပွားတဲ့ ရောဂါသည်များလည်းရှိကြောင်း ထိုင်းကျန်းမာရေးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ပရပ်ဘွန်းရာဝန်ဝီရော့က ပြောကြားပါတယ်။ နာမကျန်းသူ အလုပ်သမား (၆၂) ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှဖြစ်ပြီး ကျန်(၃၈) ရာခိုင်နှုန်းမှာလောနဲ့ ကမ္ဘောဒီးယားတို့မှ ဖြစ်တယ်လို့ ဆိုပါတယ်။ ၎င်းအလုပ်သမားများဟာ ထိုင်းနိုင်ငံ မြောက်ပိုင်း ကန်ချနဘူရီခရိုင်မှ (၁၄၃၈)ဦး၊ အနောက်မြောက်ဘက် တပ်ခ်ခရိုင်မှ(၉၅၂)ဦးနဲ့ မြောက်ပိုင်းချင်းမိုင်ခရိုင်မှ(၄၂၅)ဦး တို့ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမားများရဲ့ကျန်းမာရေးနှုန်း တဖြည်းဖြည်းတိုးတက်လာကြောင်း၊ ၁၉၉၇ခုနှစ်မှာ နာမကျန်းဖြစ်သူ (၂၀၃၂၁) ဦးရှိခဲ့ရာမှ ၂၀၀၄ခုနှစ်မှာ (၁၉၆၁၅)ဦးသာ ရှိတော့ကြောင်း ဒေါက်တာပရတ်ကပြောကြားပါတယ်။ ထိုင်း–မြန်မာနယ်စပ်ရှိ မယ်တော်ဆေးခန်းကို ၂၀၀၄ ခုနှစ်က လာရောက် ကုသမှုခံယူတဲ့ မြန်မာနိုင်ငံသားလူနာ (၅၀၀၀၀) ကျော်အနက် နား၊ နှာခေါင်း၊ လည်ချောင်းနဲ့ အသက် ရှုလမ်းကြောင်းရောဂါသည် (၁၀၀၀၀) ကျော်ရှိပြီး ၄က်ဖျားရောဂါသည် (၄၀၀၀) နီးပါးနဲ့ ဝမ်းလျှောရောဂါသည် (၁၀၀၀) ကျော်ရှိတယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံအနှံ့မှာ အလုပ်လုပ်နေတဲ့ မြန်မာနိုင်ငံသား (၁)သန်း နီးပါးရှိကြောင်း အိုင်အိုအမ်ခေါ် နိုင်ငံတကာ ပြောင်းရွှေ့နေရာချထားရေးအဖွဲ့ရဲ့ ၂၀၀၅ ခုနှစ် အစီရင်ခံစာမှာ ဖော်ပြပါရှိတယ်။ ■

Dec 14, 2005

မြန်မာနိုင်ငံရေးဒုက္ခသည်သစ်များကို ထိုင်းမဟာမင်းကြီးရုံးကလက်မခံတော့

နိုင်ငံရေးဒုက္ခသည်တွေအဖြစ် ခိုလှုံခွင့်တောင်းခံထားတဲ့ မြန်မာနိုင်ငံသားတွေဆီက လျှောက်လွှာသစ်မှတ်ပုံတင်ကို လက်မခံတော့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ မြန်မာနိုင်ငံသားတွေရဲ့ လျှောက်လွှာတွေကို စိစစ်ဖို့ ထိုင်းအစိုးရက ဖွဲ့ပေးထားတဲ့ PAB ခေါ် နယ်မြေဝင်ရောက်ခွင့်ဘုတ်အဖွဲ့ထံ တိုက်ရိုက်လျှောက်ကြရမယ်လို့ ဇန်နဝါရီလ(၅)ရက်နေ့က ကြေညာချက်မှာ ဖော်ပြထားပါတယ်။

တတိယနိုင်ငံတခုခုကို ခြေချခွင့်ရရှိဖို့ နိုင်ငံရေးခိုလှုံခွင့်လျှောက်ထားသူများဟာ အရင်က ယူအန်အိပ်ချ်စီအာထံ တိုက်ရိုက်လျှောက်ရပြီး အခုအစီအစဉ်သစ်အရတာခ့်၊ မယ်ဟောင်ဆောင်၊ ရပ်ချ်ဘူရီနဲ့ ကန်ချနဘူရီမြို့နယ်တွေမှာရှိတဲ့ ယူအန်အိပ်ချ်စီအာခရိုင်ရုံးတွေမှာ လျှောက်နိုင်တယ်လို့ ဆိုပါတယ်။ ယူအန်အိပ်ချ်စီအာက ပီအေဘီအဖွဲ့ရဲ့ အဖွဲ့ဝင်အနေနဲ့ ဆောင်ရွက်မှာဖြစ်တယ်လို့ ဆိုပါတယ်။ လျှောက်ထားသူတွေရဲ့ တင်ပြချက်ကို ပီအေဘီက စုံစမ်းစစ်ဆေးပြီး စစ်ဆေးစဉ်ကာလအတွင်းမှာ လျှောက်ထားသူတွေကို နယ်စပ်ထိန်းသိမ်းရေးစခန်း(၃)ခုမှာ ထားရှိမှာဖြစ်တယ်လို့ သိရပါတယ်။

လျှောက်ထားချက် မခိုင်လုံသူများအနေနဲ့ အယူခံဘုတ်အဖွဲ့ထံ အယူခံဝင်နိုင်ပြီး ဘုတ်အဖွဲ့က ပယ်ချသူတွေကို ထိုင်းလူဝင်မှုကြီးကြပ်ရေးထံ လွှဲပြောင်းပေးပြီး လူဝင်မှုကြီးကြပ်ရေးဥပဒေအတိုင်း အရေးယူသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ■

Jan 5, 2006

ဆူနာမိလျင်ရေလှိုင်းဒဏ်မှာသေဆုံးခဲ့တဲ့မြန်မာအလောင်းများကို ထိုင်းကလွှဲပြောင်းပေး

ထိုင်းနိုင်ငံတောင်ပိုင်းမှာ ဆူနာမီလျင်ရေလှိုင်းဒဏ်ကြောင့် သေဆုံးခဲ့တဲ့ မြန်မာနိုင်ငံသားတွေထဲက အလောင်း(၃)လောင်းကို ၂၀၀၆ခုနှစ် ဇန်နဝါရီလ(၁၃) ရက်နေ့မှာ ထိုင်းအာဏာပိုင်တွေက ပထမဆုံးအကြိမ် လွှဲပြောင်းပေးအပ်မှာဖြစ်တဲ့အတွက် သေဆုံးသူတွေရဲ့ မိသားစုဝင်တွေအနေနဲ့ သင်္ဂြိုဟ်နိုင်တော့မှာဖြစ်ကြောင်း သတင်းရရှိပါတယ်။

ထိုင်းရဲတပ်ဖွဲ့ကလည်း မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေး ထိုင်းလှုပ်ရှားမှုကော်မတီ (တီအေစီဒီဘီ) အဖွဲ့က တင်ပြထားတဲ့ အထောက်အထားများကို လက်ခံထားပြီးဖြစ်တဲ့အတွက် ရဲတပ်ဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းအရ လူတွေ့စစ်ဆေးမေးမြန်းပြီးပါက အလောင်း ထုတ်ယူနိုင်မှာဖြစ်တယ်လို့ တီအေစီဒီဘီအဖွဲ့ရဲ့ လက်ထောက်တာဝန်ခံ မစ္စတာမိုင်က ပြောကြားပါတယ်။

အလောင်း(၃)လောင်းမှာ ဖန်ငခရိုင် နမ့်ခမ်းကျေးရွာနဲ့ နန်းယန်းကျေးရွာတွေမှဖြစ်ပြီး မကြည်ကြည်စန်း(၁၈)နှစ်၊ မလုလုနွယ် (၃၁)နှစ်နဲ့ ဦးအောင်(၄၈)နှစ်တို့ ဖြစ်တယ်လို့ သိရပါတယ်။ ဇန်နဝါရီလ(၁၃)ရက်နေ့မနက်ပိုင်းမှာ သေစာရင်းသွားဖွင့်ပြီး အလောင်း ထုတ်ယူခွင့်လျှောက်ကာ ခွင့်ပြုချက်ရရှိပါက မြို့နယ်ရုံးရဲ့ ထောက်ခံချက်နဲ့ အလောင်းထုတ်ယူနိုင်မှာ ဖြစ်ကြောင်း တီအေစီဒီဘီမှ အချက်အလက် စုဆောင်းရေး တာဝန်ခံ မစ္စတာဆမ်က ပြောကြားခဲ့ပါတယ်။ ■

Jan 12, 2006

(၅၇)နှစ်မြောက်ကရင်တော်လှန်ရေးနေ့အခမ်းအနားများ တပ်မဟာဒေသအသီးသီးမှာကျင်းပ

၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့မှာ ကျရောက်ခဲ့တဲ့ (၅၇)နှစ်မြောက် ကရင်တော်လှန်ရေးနေ့ အခမ်းအနားကို ကရင်အမျိုးသား အစည်းအရုံးလက်အောက်ခံ တပ်မဟာများနဲ့ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ကရင်အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားများသို့ ပေးပို့ခဲ့တဲ့မိန့်ခွန်းမှာ ကရင်အမျိုးသားအစည်းအရုံးရဲ့ ဥက္ကဌ ပဒိုစောဘသင်စိန်က 'ဒီနေ့ ဇန်နဝါရီလ (၃၁)ရက်နေ့မှာ ကရင်အမျိုးသားတွေရဲ့ ခုခံတော်လှန်စစ် (၅၇)နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ အမှန်မှာ ကရင်အမျိုးသားတွေရဲ့ အရေးအခင်းသည် နိုင်ငံရေးပြဿနာ ဖြစ်သည့်အားလျော်စွာ ကရင်အမျိုးသားခေါင်းဆောင်များမှ၊ နိုင်ငံရေးအရ ငြိမ်းချမ်းစွာ အဖြေရှာရေးအတွက် လှုပ်ရှားကြိုးပမ်းခဲ့ကြပါသည်။ သို့ရာတွင် အဓမ္မတိုက်ခိုက်လာမှုကြောင့် လက်နက်ကိုင်တော်လှန်ရေးဖြစ်ပေါ် လာရခြင်းဖြစ်သည်။ နိုင်ငံရေးပြဿနာများအား နိုင်ငံရေးအရ ဖြေရှင်းခြင်းသာလျှင် အမှန်ကန်ဆုံးဖြစ်ကြောင်း၊ ကရင်တော်လှန်ရေး (၅၇)နှစ်အတွင်း နိုင်ငံရေးပြဿနာများကို စစ်ရေးအရ အနိုင်ကျင့်ချေမှုန်းရင်းဖြင့် အဖြေရှာ၍မရသည်ကို ရှင်းရှင်းလင်းလင်း ပြသနေပြီးဖြစ်ကြောင်း၊ ကရင်အမျိုးသားထုတရပ်လုံးက ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို လက်တွေ့အကောင်အထည်ဖေါ်ရန် အလေးအနက် တောင်းဆိုနေခြင်းဖြစ် ကြောင်း' ပြောကြားသွားခဲ့ပါတယ်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ရင်း (၂၀၂)မှာ ကျင်းပတဲ့ တော်လှန်ရေးနေ့အခမ်းအနားသို့ အဆင့်မြင့်စစ်ဘက်ဆိုင်ရာအရာရှိများက ဂုဏ်ပြုတပ်ဖွဲ့နဲ့အတူ ကရင်အမျိုးသားအလံတော်အား အလေးပြုခဲ့ကြပါတယ်။ အဲဒီနောက် ကရင်တော်လှန်ရေးနေ့စစ်ကြောင်းများက ကရင်အမျိုးသားအစည်းအရုံး ကာကွယ်ရေးဌာနကြီးမှူး ဗိုလ်ချုပ်ကြီးစောဘိုမြအား စစ်ကြောင်းအလိုက် ချီတက်အလေးပြုခဲ့ကြပါတယ်။ ကရင်အမျိုးသားအစည်းအရုံးဟာ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် ၁၉၄၉ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့မှ စတင်ပြီး တိုက်ပွဲ ဝင်လာခဲ့တာ အခုအခါမှာ (၅၇)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ တော်လှန်ရေးနေ့အခမ်းအနားများမှာ ကရင်ဇာတ်ပွဲ၊ မြန်မာဇာတ်ပွဲများနဲ့ ကရင်ရိုးရာဒုံးအကများ၊ ရိုးရာလက်ဝှေ့ပွဲများ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ အခမ်းအနားသို့ မြန်မာပြည်ဒီမိုကရေစီရရှိရေး တိုက်ပွဲဝင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ကရင်အမျိုးသားများ အပါအဝင် ဧည့်ပရိသတ် (၂၀၀၀) ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ■ Jan 31,2006

ရခိုင်ဒုက္ခသည်များအရေးကိုယူအန်အိပ်ချ်စီအာမှတိုက်ရိုက်ကိုင်တွယ်မယ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရခိုင်ဒုက္ခသည်များအရေးကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအန်အိပ်ချ်စီအာ–ဘင်္ဂလားဒေ့ရှ်)က တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းတော့မှာဖြစ်ကြောင်း မြို့ပေါ်ဒုက္ခသည်အရေးဆောင်ရွက်နေတဲ့ (RCSU) အဖွဲ့မှ တာဝန်ခံမစ္စတာ ဂျန်ဂဲလ်ဟူစိန်က ပြောကြားခဲ့ပါတယ်။ မူလက ရခိုင်ဒုက္ခသည်များအရေးကို ယူအန်အိပ်ချ်စီအာက တိုက်ရိုက်မကိုင်တွယ်ဘဲ Dhaka Ahsania Mission လက်အောက်ခံ Refugee Counselling Service Unit (RCSU)အဖွဲ့က ဆက်သွယ်လုပ်ကိုင်ပေးနေတာ ဖြစ်ပါတယ်။ ထိုသို့ လုပ်ဆောင် ပေးနေတဲ့ Dhaka Ahsania Mission နဲ့ ဒါကာမြို့ရှိ ယူအန်အိပ်ချ်စီအာရုံးတို့ ချုပ်ဆိုထားတဲ့ (၁၀)နှစ်စာချုပ်ဟာ ဒီဇင်ဘာလ (၃၁)ရက်နေ့မှာ သက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်း သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ယူအန်အိပ်ချ်စီအာအသိအမှတ်ပြု ဒုက္ခသည်(၅၀)ကျော်နဲ့ လျှောက်လွှာတင်ထားသူ(၅၀)ကျော်ရှိကြောင်း၊ အရင်ကထောက်ပံ့ကြေးငွေ တာကာ (၁၇၀၀)စီရခဲ့ပေမယ့် အခုအခါမှာ ဘယ်လိုထောက်ပံ့ကြေးမှ မရရှိတော့ကြောင်း ထောက်ပံ့ကြေးပြန်ရရေးအတွက် အသက်(၆၀)ကျော်သူများနဲ့ ခင်ပွန်းသည်မရှိတော့တဲ့ အိမ်ထောင်သည်အမျိုးသမီးများသာ လျှောက်လွှာပြန်တင်ခွင့်ရှိကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ဘင်္ဂလားဒေ့ရှ်)ဌာနခွဲမှ အတွင်းရေးမှူးကိုနိုင်နိုင်က ပြောကြားပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မြန်မာနိုင်ငံဘက်မှ ရောက်ရှိလာကြတဲ့ ရခိုင်လူမျိုးဒုက္ခသည် (၂၀၀၀) ကျော်ရှိပေမယ့် ဒုက္ခသည်လျှောက်ဖို့အတွက် အခက်အခဲတွေရှိကြောင်း သိရပါတယ်။ ဒုက္ခသည်များအရေးကို တိုက်ရိုက်ကိုင်တွယ်သွားမယ်လို့ ယူအန်အိပ်ချ်စီအာရုံးက ဒီဇင်ဘာလ(၂၉)ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ကြောင်းသတင်းရရှိပါတယ်။ ■

Dec 31, 2005

ဆူနာမီငလျင်ဘေးသင့်သူများအတွက်ပြန်လည်ထူထောင်ရေး လိုအပ်နေသေးကြောင်းမြန်မာနိုင်ငံကြက်ခြေနီအသင်းမှပြောကြား

ဆူနာမီငလျင်ရေလှိုင်းဒဏ်ခံခဲ့ ရတာ(၁)နှစ်ပြည့်မြောက်ချိန်မှာ မြန်မာနိုင်ငံမှ ငလျင်ရေလှိုင်းဒဏ်ခံရသူတွေရဲ့အခြေအနေ ပုံမှန်ပြန်ဖြစ်နေပေမယ့် အများနဲ့သက်ဆိုင်တဲ့ အခြေခံအဆောက်အဦးတွေကိုတော့ ပြန်လည်တည်ဆောက်ဖို့ လိုနေသေးကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်တဦးက ပြောကြားခဲ့ပါတယ်။ ဆူနာမီငလျင်ရေလှိုင်းဒဏ်ခံရသူတဦးစီကို ကျပ်(၁)သောင်းစီ အကူအညီပေးအပ်ခဲ့ပြီး ငါးဖမ်းလှေ ပျက်စီးဆုံးရှုံးခဲ့ရတဲ့ တံငါသည်တွေအတွက် ဟောင်ကောင်ကြက်ခြေနီအဖွဲ့က လှူဒါန်းတဲ့ ငါးဖမ်းလှေ(၄၃)စင်းနဲ့ ငါးဖမ်းပိုက်တွေကို ပေးအပ်ခဲ့ကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(ယူအန်ဒီပီ)မှလည်း နေအိမ်များ ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း အဆိုပါတာဝန်ရှိပုဂ္ဂိုလ်က ပြောပါတယ်။

ဆူနာမီဒဏ် အဓိကခံခဲ့ရပြီး လှိုင်းလေအမြဲထန်နေတဲ့ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကိုင်းတောင်ကျွန်းမှာ ၂၀၀၆ခုနှစ်အတွင်း နိုင်ငံခြားမှ အလှူရှင်တွေရဲ့ အကူအညီနဲ့ ပေ(၆၀၀)သို့မဟုတ် ပေ(၁၀၀၀)အရှည်ရှိတဲ့ လှိုင်းကာနဲ့ ဂါလံ(၅၀၀၀)ဆန့် သောက်ရေသယ်မော်တော်(၂)စင်း ဆောက်လုပ်ဖို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက စီစဉ်နေကြောင်းလည်း သိရပါတယ်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ(၂၆)ရက်နေ့က အိန္ဒိယသမုဒ္ဒရာအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ဆူနာမီငလျင်ရေလှိုင်းဒဏ်ကြောင့် အရှေ့တောင်အာရှဒေသနဲ့ တောင်အာရှဒေသမှာ လူ(၄)သိန်းနီးပါး သေဆုံးခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာတော့ ဧရာဝတီ၊ ရခိုင်နဲ့ တနင်္သာရီဒေသတွေမှာ သေဆုံးသူ (၆၁)ဦး၊ ဒဏ်ရာရသူ (၄၂)ဦးရှိခဲ့ပြီး အိမ်ခြေ(၆၀၁)လုံး ပျက်စီးဆုံးရှုံးကာ လူဦးရေ(၂၅၉၂)ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နအဖစစ်အစိုးရက သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီဇင်ဘာလ(၂၆)ရက်နေ့က ဆူနာမီငလျင်ရေလှိုင်းဒဏ်ခံခဲ့ရတဲ့ အာရှနိုင်ငံတွေမှာ နှစ်ပတ်လည်အောက်မေ့ဖွယ် အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ပေမယ့် မြန်မာနိုင်ငံမှာတော့ ထိခိုက်နစ်နာမှု သိပ်မများတဲ့အတွက် အောက်မေ့ဖွယ်အခမ်းအနား လုပ်ဆောင်ခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။ ■

Dec 23, 2005

လူထုဒေါ်အမာ (၉၀) ပြည့်မွေးနေ့ ဂါရဝအခမ်းအနားနဲ့သမိုင်းအလွှန်ဗွီစီဒီဖြန့်ချိပွဲကို ထိုင်း-မြန်မာနယ်စပ်တနေရာမှာကျင်းပ

၂၀၀၅ခုနှစ်၊နိုဝင်ဘာလ(၂၉) ရက်နေ့က မန္တလေးတိုင်းအမရပူရမြို့နယ် တောင်သမန်အင်းစောင်းရှိ ဆရာတော်ဦးပညာသီတင်းသုံးရာ တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပခဲ့တဲ့ သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာရဲ့ အသက်(၉၀)ပြည့် မွေးနေ့ ဂါရဝအခမ်းအနားနဲ့ မွေးနေ့ပွဲတက်ရောက်ရင်း ကွယ်လွန်အနိစ္စရောက်ခဲ့ရတဲ့ သမိုင်းပါမောက္ခဟောင်း ဒေါက်တာသန်းထွန်းရဲ့ စျာပနအခမ်းအနားမြင်ကွင်းတွေကို အမှတ်တရ စုစည်းတင်ဆက်ထားတဲ့ 'လူထုအမာ(၉၀)ပြည့် မွေးနေ့ ဂါရဝအခမ်းအနားနှင့် သမိုင်းအလွှန်'ဗွီစီဒီအခွေ ဖြန့်ချိပွဲအခမ်းအနားကို (၂၄.၁၂.၂၀၀၅)နေ့ နံနက်(၁၀)နာရီမှ (၁၂)နာရီအထိ ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါ ဗွီစီဒီကို အမေရိကန်နဲ့ ဂျပန်နိုင်ငံရောက် 'သစ္စာတော်လှန်စာပေမဂ္ဂဇင်း' အဖွဲ့သားများက အမေလူထုဒေါ်အမာကို ဂါရဝပြုတဲ့အနေနဲ့ အခမဲ့ ထုတ်ဝေ ဖြန့်ချိပေးခဲ့တာဖြစ်ကြောင်း သတင်းရရှိပါတယ်။ ■

Dec 24, 2005

အိုင်စီအာစီခရီးစဉ်ကိုကြံ့ဖွံ့နှောက်ယှက်တဲ့အတွက် ဖျက်သိမ်းခဲ့ရ

ထောင်ပိုင်ဦးမြင့်ဆွေရဲ့ အာဏာပြနှိပ်ကွပ်မှုကြောင့် ထောင်တွင်းအခြေအနေ ဆိုးဝါးနေတဲ့ သာယာဝတီထောင်ကို သွားရောက်ကြည့်ရှုမယ့် အိုင်စီအာစီ ကြက်ခြေနီအဖွဲ့ရဲ့ခရီးစဉ်ကို နယ်မြေခံကြံ့ဖွံ့အဖွဲ့ဝင်တွေပါ လိုက်ပါခွင့်ပေးရမယ်လို့ နအဖ အာဏာပိုင်တွေက ကန့်သတ်တဲ့အတွက် အကျဉ်းသားများနဲ့ သွားရောက်တွေ့ဆုံရေးအစီအစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း ရန်ကုန်ရှိ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီအာစီ)က ပြောကြားခဲ့ပါတယ်။

သာယာဝတီထောင်ရှိ အကျဉ်းသားတွေရဲ့ ကျန်းမာရေးအခြေအနေနဲ့ စားရေးသောက်ရေး နေထိုင်ရေးအခြေအနေတွေ နိုင်ငံတကာစံနှုန်းနဲ့ ကိုက်ညီမှုရှိမရှိ ပုံမှန်သွားရောက်ကြည့်ရှုမယ့် အိုင်စီအာစီအဖွဲ့ရဲ့ ဒီဇင်ဘာလ(၁၂)ရက်နေ့ ခရီးစဉ်မှာ ကြံ့ဖွံ့အဖွဲ့ဝင်တွေကိုပါ လိုက်ပါခွင့်ပေးရမယ်လို့ ထောင်အာဏာပိုင်တွေကပြောဆိုခဲ့တဲ့အတွက် ထိုသို့ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိုင်စီအာစီကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ ပက်ထရစ်ဗီးလ်က ပြောကြားခဲ့ပါတယ်။

အိုင်စီအာစီရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကိုင်ပုံတွေကို ကြံ့ဖွံ့အဖွဲ့ကိုပြောပြဖို့ ပြဿနာမရှိပေမယ့် ထိန်းသိမ်းရေးစခန်းတွေမှာရှိတဲ့ အခြေအနေမှန်တွေကိုသိရှိဖို့အတွက် မိမိတို့တဖွဲ့တည်း လွတ်လပ်စွာ သွားရောက်လုပ်ကိုင်လိုကြောင်း၊ ယခုပြဿနာပြေလည်ဖို့ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးနဲ့ ကျန်းမာရေးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဆွေးနွေးကာ နားလည်မှုရရှိအောင် ဆောင်ရွက်ပြီး အိုင်စီအာစီရဲ့လုပ်ငန်းတွေကို ရှေ့ဆက်လုပ်ကိုင်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ကြောင်း မစ္စတာပက်ထရစ်ဗီးလ်က ပြောကြားခဲ့ပါတယ်။

အိုင်စီအာစီဟာ မြန်မာနိုင်ငံမှာ ၁၉၈၆ခုနှစ်ကတည်းက ဝင်ရောက်လုပ်ကိုင်ခဲ့တာဖြစ်ပြီး ၁၉၉၉ခုနှစ်မှ စတင်ကာ အကျဉ်းထောင်များအတွင်းကို သွားရောက်ကြည့်ရှုခွင့်ရရှိပြီး နိုင်ငံရေးအကျဉ်းသားများအပါအဝင် အခြားအကျဉ်းသားတွေရဲ့ အခွင့်အရေးအချို့တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ အိုင်စီအာစီအနေနဲ့ အခုလို အကျဉ်းထောင်တွေထဲကို သွားရောက်ခွင့် မရတော့တဲ့အတွက် အကျဉ်းသားတွေရဲ့ ထောင်တွင်းအခြေအနေ ပိုမိုဆိုးဝါးလာနိုင်တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကာကွယ်စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးကိုတိတ်နိုင်က ပြောကြားခဲ့ပါတယ်။ ၂၀၀၅ခုနှစ် စက်တင်ဘာလမှာ သာယာဝတီထောင်ပိုင် ဦးမြင့်ဆွေက အကျဉ်းသားတွေကို ကျန်းမာရေးနဲ့မညီညွတ်တဲ့ ပိုးထိုးဆန်တွေနဲ့ ပဲတွေ ချက်ကျွေးတဲ့အပြင် ထောင်တွင်းမှာလည်း သန့်ရှင်းမှု မရှိတဲ့အတွက် အကျဉ်းသား(၇)ဦး သေဆုံးပြီး (၈၀)ခန့် ဆေးရုံတက်ခဲ့ရတယ်လို့ သတင်းရရှိပါတယ်။ ■

Dec 21, 2005

ပြည်သူ့ကျန်းမာရေးဟာ လူ့အခွင့်အရေးတဲ့ (၂)

ရေးသားတင်ဆက်သူ - ဒေါက်တာ ခင်စောဝင်း

ဒီကနေ့တော့ မယ်တော်ဆေးခန်းမှာ ခရစ္စမတ်ပွဲတော်ကျင်းပမှာဖြစ်ပါတယ်။ နော်ဖောလူနဲ့ မိုးမိုးထွန်းတို့နှစ်ယောက်သားစကားတပြောပြောနဲ့ မယ်တော်ဆေးခန်းရဲ့ ခရစ္စမတ်ပွဲတော်ကိုသွားဖို့ ပြင်ဆင်နေကြတာကိုး။ နှစ်ယောက်သား ကရင်တိုင်းရင်းသားဝတ်စုံလေးတွေနဲ့ ချောလို့လှလို့။ အလှပြင်နေရင်းကနေ နော်ဖောလူက ဖြုံးကနဲ ဆရာလောပေကို သတိရသွားတာထင်ပါရဲ့။

နော်ဖောလူ။ ။ မိုးမိုးရေ... ဟိုတခါဈေးထဲမှာ ဆရာလောပေပြောတာသတိရသေးလား။ သူပြောတာ ငါဖြင့်ကောင်းကောင်းကိုနားမလည်သေးဘူး။ ပြည်သူ့ကျန်းမာရေးဟာ လူ့အခွင့်အရေးဆိုတာလေ...ဘယ်လိုကြီးလဲ မသိပါဘူး။

မိုးမိုးထွန်း။ ။ ငါထင်တာကတော့ သူက အင်္ဂလိပ်လိုကနေ မြန်မာလို တိုက်ရိုက်ဘာသာပြန်ပြီးပြောတာထင်တယ်။ အင်္ဂလိပ်လိုက Health as Human Rights ပေါ့နော်၊ အဲဒီလိုပြောတာကိုး။ အဓိပ္ပာယ်ကတော့ လူတိုင်းဟာ ကျန်းမာရေးပြုစုစောင့်ရှောက်မှု ခံယူခွင့်ရှိတယ်။ ဒါဟာ လူတိုင်းရဲ့ရပိုင်ခွင့် အခြေခံလူ့အခွင့်အရေးတရပ်ဖြစ်တယ်။ ဒါကြောင့် လူတိုင်းရဲ့ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးဟာ အခြေခံလူ့အခွင့်အရေးပဲ...ဆရာလောပေပြောတာ။ အဲဒီလိုအဓိပ္ပာယ်နဲ့ပြောတာလို့ ငါထင်တယ်နော်ဖောလူရဲ့။

နော်ဖောလူ။ ။ အေးဟ...ဟုတ်တယ်။ နင်အခုလို ရှည်ရှည်ဝေးဝေးရှင်းပြတော့မှ ပိုပြီးအဓိပ္ပာယ်ပြည့်စုံတော့တယ်။ အခု ငါတို့ဘဝကိုပဲ ကြည့်နော်၊ ငါတို့ မြန်မာပြည်သားတွေ သူများနိုင်ငံမှာ တရားမဝင်နေထိုင်ကြရတယ်။ ငါတို့မှာ လက်မှတ်မရှိတော့ နေထိုင်မကောင်းဖြစ်လို့မှ ထိုင်းဆေးရုံသွားပြလို့မရဘူး။ ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဌာနက ငါတို့လို နိုင်ငံခြားသား တရားမဝင်နေထိုင်တဲ့သူတွေအတွက် ရောဂါကာကွယ်ရေးတွေ၊ ကျန်းမာရေးပညာပေးတွေ အပြည့်အဝ လုပ်မပေးဘူး။ ဒါဟာခွဲခြားဆက်ဆံတာပေါ့နော်။ တနည်းအားဖြင့် လူ့အခွင့်အရေး ချိုးဖေါက်တာပေါ့။ တော်ပါသေးရဲ့ ငါတို့လူတွေရဲ့ ကျန်းမာရေး လိုအပ်ချက်ကို ကူညီပေးတဲ့ မယ်တော်ဆေးခန်း ရှိပေလို့ပဲ။

မိုးမိုးထွန်း။ ။ဒါပဲပေါ့ ဖောလူရဲ့...ဒါကြောင့် ဆရာလောပေက ပြည်သူ့ကျန်းမာရေးဟာ လူ့အခွင့်အရေးလို့ ပြောတာ။ တရားမဝင်နေထိုင်သူတွေ၊ ဒုက္ခသည်တွေကို ခွဲခြားဆက်ဆံတာ လူ့အခွင့်အရေးချိုးဖောက်တာတွေလုပ်တော့ နောက်ဆက်တွဲဘာဖြစ်လဲ၊ ကြည့်လေ။ ဒီလူတွေမှာ ကာကွယ်လို့ရတဲ့ရောဂါတွေ ထိထိရောက်ရောက်မကာကွယ်နိုင်ဘဲ ရောဂါဖြစ်ကြရတယ်။ ကူးစက်ရောဂါတွေ ပိုဖြစ်တယ်။ ကုသလို့ပျောက်နိုင်ပေမယ့် အချိန်မီ ဆေးဝါးကုသမှုမခံရတော့ မနာသင့်ဘဲနာ၊ မသေသင့်ဘဲသေကြရတယ်မို့လား။

နော်ဖောလူ။ ။အမလေး...ပြောရရင်တော့ ဒီလိုကျန်းမာရေးပြဿနာဟာ တရားမဝင်နေထိုင်ရတဲ့သူတွေမှာပဲ ဖြစ်တာမဟုတ်ပါဘူးတော်။ ပြည်တွင်းမှာလည်း လူတွေမသေသင့်ဘဲသေနေကြတဲ့ သတင်းတွေကြားနေရတာပဲ။ ပြည်တွင်းကပြည်သူ့ဆေးရုံမှာ ဆေးဝါးကိရိယာ ဘာမှမရှိဘူးတဲ့။ ကိုယ်ပိုင်အထူးကုဆေးခန်းကြီးတွေဆိုတာလည်းပိုက်ဆံရှိမှ သွားနိုင်တာ။

မိုးမိုးထွန်း။ ။ဖြစ်ရမယ်လေ။ ပြည်တွင်းက လူ့အခွင့်အရေးအခြေအနေက ပိုတောင်ဆိုးသေးတာကိုး။ စစ်အာဏာရှင်တွေက ပြည်သူတွေကို မတရားဖိနှိပ်ထားပြီး တိုင်းပြည်ရဲ့ဘဏ္ဍာကို ကျန်း မာရေးပြုစုစောင့်ရှောက်မှုအတွက် မှန်မှန်ကန်ကန် မသုံးစွဲတော့ ဒီလူ့အခွင့်အရေးချိုးဖောက်မှုရဲ့နောက်ဆက်တွဲ ကျန်းမာရေးပြဿနာဆိုးတွေကို ပြည်သူတွေခံစားနေရတာပေါ့။

နော်ဖောလူ။ ။ဟုတ်ပါရဲ့...ဒါ့ကြောင့် ဆရာလောပေပြောတာကိုး။ ပြည်သူလူထုအတွက် အခြေခံလူ့အခွင့်အရေး အပြည့်အဝခံစားရဖို့ အဓိကတာဝန်ရှိတာ အစိုးရဖြစ်တယ်တဲ့။ ဒါ့အပြင် ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့လည်း လူ့အခွင့်အရေးဆိုင်ရာဥပဒေကို နားလည်သဘောပေါက်ပြီး လက်တွေ့ကျင့်သုံးဖို့လိုတယ်တဲ့။ အဲ... သူပြောသွားတဲ့အထဲမှာ တခုရှိသေးတယ်။ ပြည်သူလူထုကလည်း တဦးနဲ့တဦး အပြန်အလှန် လေးစားတန်ဖိုးထားကြရမယ်။ ဒါဟာ အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာတာပဲတဲ့။ အဲဒါ ငါသိပ်နားမလည်ဘူး။

မိုးမိုးထွန်း။ ။ ဒါတော့ ငါလည်းနင့်လိုပဲ၊ သူဘာကိုဆိုလိုတာလဲမသိဘူး။ ဈေးထဲမှာတုန်းက ငါတို့ကိုရှင်းပြမယ်ပြောသားပဲ။ အဲဒီတုန်းက ငါတို့နှစ်ယောက် အတင်းထွက်ပြေးကြတာကိုး။ ဒီတော့ ဒီလိုလုပ်၊ အခု ခရစ္စမတ်ပွဲတော်ကို ဆရာလောပေလည်း လာမှာပဲ။ အဲဒီကျမှ မေးကြည့်ကြတာပေါ့။ ကဲ...လာ၊ နင်လည်း အဆင်သင့်ပဲ မဟုတ်လား။ မယ်တော်ဆေးခန်းကို သွားကြစို့။ ■

ဒေါက်တာခင်စောဝင်း

ပြောပြပါရစေ

ဒေါင်းပျိုမေ

ကျမတို့ ပြည်တွင်းမှာနေစဉ်က ကျန်းမာရေးနဲ့ပတ်သက်တဲ့ စာစောင်တွေ၊ မဂ္ဂဇင်းတွေ၊စာအုပ်တွေ တော်တော်ဖတ်ဖြစ်တယ်။ စိတ်လည်းဝင်စားတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်ကျန်းမာရေးသိကောင်းစရာတို့၊ ကလေးပြုစုစောင့်ရှောက်ရေးတို့၊ကလေးကျန်းမာရေးနဲ့ပတ်သက်တဲ့ စာအုပ်တွေဆို အပိုင်တောင် ဝယ်သိမ်းထားဖြစ်တယ်။ တိုက်ဆိုင်တဲ့သူတွေကို တိုက်ဆိုင်တဲ့အခါ တချို့ဆေးနည်းလေးတွေ၊ နေပုံထိုင်ပုံတွေ၊ သုံးစွဲပုံ သုံးစွဲနည်းတွေကို ဆရာလုပ်နေကျပေါ့။

လွန်ခဲ့တဲ့သုံးလေးနှစ်လောက်ကတော့ ကျမတို့မြန်မာပြည် နွေရာသီက တော်တော်လေးကို အပူချိန်မြင့်တက်သွားခဲ့တယ်။ကလေးတွေရော လူကြီးတွေပါ မိတ်ကြီးလို့ခေါ်တဲ့ အပူနာတွေ တော်တော်ပေါက်ကြတယ်။ အဲဒါကို ရေဖတ်ဝတ်တင်ပေးရတယ်လို့ စာထဲမှာ ဖတ်ထားဖူးတော့ ကြုံတဲ့သူတွေကိုပြောပြဖြစ်ပြီး လိုက်လုပ်ကြတာ တော်တော်သက်သာတယ် ပြောကြတယ်။

ကျမတို့အိမ်နဲ့ ခုနှစ်အိမ်ကျော်လောက်က ကောင်မလေးမှာလည်း အဲလိုပဲ မိတ်တွေတအားပေါက်ပြီး ပူလို့အိုက်လို့နဲ့ ညည်းညူနေတယ်။ သူက အဲဒီအချိန်မှာ ကိုယ်ဝန်ကြီးနဲ့၊ သူ့မိတ်တွေက အနာတော့မဖြစ်ဘူး။ ဒါပေမယ့် ပြင်လိုက် ကြီးကိုဖြစ်နေတယ်။ သူက ရေဖတ်ဝတ်ကပ်ပေးရုံနဲ့ အားမရဘဲ ရေခဲသုပ်တွေဝယ်စား၊ ရေခဲချောင်းတွေ၊ ရေခဲထုပ်တွေဝယ်စား အဲဒီလိုတွေလုပ်ကုန်ရော။ ကျမက ကိုယ်ဝန်ဆောင်သည်တွေ ရေခဲသုပ်၊ရေခဲထုပ်၊ ရေခဲချောင်းမစားရဘူးလို့ပြောပြတော့ သူတို့တွေက လက်မခံကြဘူး။ မြန်မာပြည်က ရေခဲတွေက ရေသန့်နဲ့လုပ်တာမရှိသလောက်ပဲ။ ရန်ကုန်လိုမြို့ကြီးမှာတောင် ရေသန့်ရေခဲကဆိုင်ကြီးတွေ၊ ဟိုတယ်တွေမှာမှရတာလေ။

ကျမကို သူ့မိဘတွေကလည်း သူ့သမီးရောသားမက်ရော အသည်းရောင်အသားဝါဘီကာကွယ်ဆေးထိုးထားပြီးသားလို့ ဆင်ခြေတက်တယ်။ အသည်းရောင်ဘီကာကွယ်ဆေးက အေကိုပါ ကာကွယ်ပေးနိုင်တယ်လို့ ထင်နေကြပါတယ်။ ကျမက ရေမသန့်ရင် ရေခဲလည်း မသန့်နိုင်တဲ့အကြောင်း၊ မသန့်တဲ့ရေထဲမှာ အသည်းရောင် အသားဝါအေပိုးတွေ အများကြီးရှိနိုင်ပြီး ဘီပိုးကာကွယ်ဆေးက အေပိုးကို မကာကွယ်နိုင်ဘူးလို့ ပြောပြတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်တွေမှာ အသည်းရောင် အေပိုးဝင်သွားရင် ကလေးရောအမေရော အသက်အန္တရာယ်ရှိတဲ့အကြောင်းနဲ့ အသက်ရှင်နှုန်း အင်မတန်နည်းတာမို့ အစားတလုတ်အတွက်နဲ့ မစွန့်စားသင့်ကြောင်း သေသေချာချာရှင်းပြခဲ့တယ်။ ဒါပေမယ့် သူတို့တွေက အလေးမထားခဲ့ကြဘူး။ သူ့အမေတုန်းကလည်း ကိုယ်ဝန်ကြီးနဲ့ အသားဝါဖူးတယ်၊ ဘာမှမဖြစ်ဘူးလို့ ကျမကို ပြန်ပြောပြတယ်။

ကျမလည်း စိတ်မကောင်းစွာနဲ့ ပြန်လာခဲ့တယ်။ မြန်မာပြည်ကရေခဲတွေကို စပါးခွံထဲမှာထား၊ ရေခဲခြစ်လုပ်ဖို့ထုတ်တော့ ရေနည်းနည်းနဲ့ဆေးပြီးခြစ်၊ ရေခဲထုပ်လုပ်တော့လည်း ရေစိမ်းထဲကို အချိုခဲ၊ အရောင်၊ အနံ့တွေထည့်၊ ပလပ်စ တစ်ထဲကိုထည့်၊ ပြီးတော့ ရေခဲသေတ္တာထဲ ထည့်ထားပြီး ရောင်းကြတာလေ။ အိမ်တွင်းတပိုင်တနိုင်အဖြစ် လုပ်ကြပြီး ဘယ်ကျန်းမာရေးဆေးစစ်ချက်မှ မလိုဘူး။ ကလေးတွေကို အသားဝါဖြစ်စေတဲ့တရားခံက မသန့်ရှင်းတဲ့ ရေခဲချောင်း၊ ရေခဲထုပ်တွေပါပဲ။ အဲဒါကို ဘယ်သူကမှ အရေးတယူမရှိကြဘူး။ မြန်မာပြည်ရဲ့ ကျန်းမာရေးအသိနဲ့ စောင့်ရှောက်မှုတွေဟာ အင်မတန် နိမ့်ကျနေပါသေးတယ်။

ကိုယ်ဝန်သည်ကောင်မလေး ဗိုက်(၈)လလောက်မှာ ကျမစိုးရိမ်ခဲ့တဲ့ အသည်းရောင်အသားဝါဖြစ်သွားပါတယ်။ အထွေထွေရောဂါကုသမားတော်၊ သားဖွားမီးယပ်အထူးကုတို့နဲ့အပ်ပြီး အသေအချာကုသခဲ့ပေမဲ့ ကလေးရောလူကြီးပါ အသက်ဆုံးပါးခဲ့ရပါတယ်။ တကိုယ်လုံးဝါထိန်နေတဲ့ လူကြီးအသက်ကိုယူဖို့ ကလေးကို လမပြည့်ဘဲ သားအိမ်ဖွင့်ဆေးသွင်းပြီး မွေးလိုက်တော့ အသက်မရှိတော့တဲ့ ကလေးလေးကလည်း နန္ဒင်းခဲလေးလို ဝါထိန်နေတာပါပဲ။

လူကြီးတွေရဲ့ ကျန်းမာရေးအသိနိမ့်ကျမှုကြောင့် အပြစ်မရှိတဲ့ ကလေးရောမိခင်ဖြစ်သူပါ အခုလို အဖြစ်မျိုး ကြုံတွေ့ရတယ်လို့ ယူဆရပါတယ်။ ထပ်ပြီးခွဲခြမ်းစိတ်ဖြာရရင်တော့ ပြည်သူတွေကို ကျန်းမာရေးအသိ ဖြန့်ဖြူးပညာပေးဖို့ပျက်ကွက်တဲ့ အုပ်ချုပ်သူအာဏာရှင်တွေကြောင့်လို့ ထင်ထင်ရှားရှား တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ကျမတို့တတွေလည်း ကျန်းမာရေးနဲ့ပတ်သက်လို့ ဆရာဝန်ရှိတာပဲ၊ ဖြစ်မှကုမယ်လို့ မလုပ်ကြပဲ ကြိုတင်အသိနဲ့ ကာကွယ်ကြရမယ်။ တတ်နိုင်သလောက် လေ့လာဆည်းပူးသင့်တယ်လို့ ပြောပြပါရစေ။ ■

ဒေါင်းပျိုမေ

သင်သိရဲ့လား...

- စိတ်ဖိစီးမှုခံရသော အမျိုးသမီးများသည် သာမန်အမျိုးသမီးများထက် အဆီပါသောအစာကို ၂ဆပို၍ စားတတ်ကြသည်။
- သင်၏ကျောက်ကပ်တစုံသည် တနေ့(၂၄နာရီ)လျှင် ခန္ဓာကိုယ်အတွင်းမှ အရည် ၂၀၀လီတာ (ရေသန့်ဘူးပေါင်း ၂၀၀) ပမာဏကို စစ်ထုတ်ပေးနေရသည်။

အတွဲ-၁၊ အမှတ်-၄၊ ဇန်နဝါရီလ၊ ၂၀၀၆-ခုနှစ်



မာသာထရီဆာ

လင်းယုန်မောင်မောင်

(ယခင်လမှအဆက် ...)

အတိဒုက္ခရောက်၍ ဝေဒနာ ခေါင်းပါးနေကြသည့် ဆင်းရဲသားပြည်သူများနှင့် ရောဂါဝေဒနာခံစားနေရသူများအား လက်တွေ့ကျကျ ကယ်တင်စောင့်ရှောက် ပြုစုကုသနိုင်ရန်အတွက် ဦးစွာပထမ သီလရှင်ဆရာလေးထရီဆာသည် ကလကတ္တားမြို့မှ မိုင်၂၄၀ဝေးကွာသော ပတ္တနာမြို့ သာသနာပြုကုသိုလ်ဖြစ်ဆေးရုံသို့ သွားရောက်၍ သူနာပြုသင်တန်းကို တက်ရောက်သင်ကြားခဲ့သည်။ အဆိုပါ သာသနာပြု ကုသိုလ်ဖြစ်ဆေးရုံကို မာသာဒင်ဂျယ်ဆိုသူ သီလရှင်မယ်တော်ကြီးတပါးက တည်ထောင်ဖွင့်လှစ်၍ သီလရှင် သူနာပြုဆရာလေးများနှင့်အတူ အထွေထွေရောဂါကုသရေး၊ ခွဲစိတ်ကုသရေးနှင့် သားဖွားလုပ်ငန်းများကို လုပ်ကိုင်နေကြသည်။ သီလရှင်ဆရာလေးထရီဆာသည် အဆိုပါသာသနာပြု ကုသိုလ်ဖြစ်ဆေးရုံတွင် သူနာပြုပညာနှင့် ကျန်းမာရေးဆိုင်ရာ ဆေးဝါးကုသမှုများကို အားကြိုးမာန်တက် စိတ်ထက်သန်စွာဖြင့် သင်ကြားလေ့လာခဲ့သည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလတွင် သီလရှင်ဆရာလေးထရီဆာသည် ကလကတ္တားမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ အဘက်ဘက်မှ ယိုယွင်းပျက်စီး၍ ဟိန္ဒူမူဆလင် လူမျိုးရေးအဓိကရုဏ်းများကြောင့် အနိဋ္ဌာရုံများ ဖုံးလွှမ်းနေသော မြို့ကြီးကို တွေ့လိုက်ရသည်။ သို့ဖြင့် ဆရာလေးထရီဆာသည် အဓိကရုဏ်းများကြောင့် ထိခိုက်ဒဏ်ရာ ရနေကြသူများနှင့် အစာရေစာ ရှားပါးပြတ်လပ်ပြီး ဝေဒနာ ခေါင်းပါး၍ လမ်းဘေးမှာပင် ဝေဒနာခံစားနေကြရသူများအား အမြန်ဆုံး ကုသစောင့်ရှောက် ထောက်ပံ့ကယ်တင်ရန် ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဒုက္ခသည်ကယ်ဆယ်ရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရသည်။

သို့သော် ဤမျှလောက် များပြားလှသည့် ဒုက္ခသည်များနှင့် ရောဂါသည်များ၊ လူနာများကို မိမိတယောက်တည်းစွမ်းအားဖြင့် ကယ်တင်စောင့်ရှောက်ရန် ခက်ခဲလှသည်ဖြစ်ရာ ဆရာလေးထရီဆာသည် မိမိနှင့်စိတ်တူကိုယ်တူ ခရစ်တော်၏ မေတ္တာစွမ်းအားကြီးမားမှုကို အလေးအနက် ယုံကြည်ကြသည့် သီလရှင်ကလေးများ၏ အကူအညီကို စည်းရုံးရယူကာ တတ်စွမ်းသမျှ ပရဟိတလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့သည်။ ထိုမှတဆင့် ကုသိုလ်ဖြစ် စေတနာ့ဝန်ထမ်း လုပ်ငန်းများတွင် ဝါသနာပါသည့် အမျိုးသမီးကလေးများပါ ပူးပေါင်းပါဝင်လာခဲ့ကြရာ သီလရှင်ဆရာလေးထရီဆာ၏ ပရဟိတသာသနာပြု ကုသိုလ်ဖြစ်စေတနာ့ဝန်ထမ်း လုပ်ငန်းမှာ အင်တိုက်အားတိုက်ဖြင့် အောင်မြင်ထင်ရှားလာခဲ့သည်။

အထူးသဖြင့် လူဦးရေထူထပ်သလောက် မြို့နေလူထု၏ကျန်းမာရေးအခြေအနေ အကြီးအကျယ် ဆိုးရွားနေသော ကလကတ္တားမြို့ကြီးမှာ မရှိဆင်းရဲသားများ၊ ဝေဒနာခေါင်းပါးသူများနှင့် ပြည့်ကျပ်ပေါများနေခဲ့ရာ သီလရှင်ဆရာလေးထရီဆာ၏ ပရဟိတစေတနာ့ဝန်ထမ်း လုပ်အားပေးအဖွဲ့ဝင်များသည် နောက်ဖေးလမ်းကြားမှ အနံ့အသက်ဆိုးဝါးလှသည့် လမ်းကြိုလမ်းကြားများတွင် အစာရေစာငတ်ပြတ်၍ အားအင်ချည့်နဲ့ကာ လဲကျနေသူများ၊ ရောဂါဝေဒနာကြောင့် သတိမေ့မြောနေသူများအား ကိုယ်ဖိရင်ဖိ မရွံ့မရှာပြုစုခဲ့ကြသည်။ အချို့သော ရောဂါသည်များမှာ ဝေဒနာ အပြင်းအထန် ခံစားနေကြရသဖြင့် သေလုမြောပါးဖြစ်နေခဲ့ရာ သီလရှင်ဆရာလေးထရီဆာနှင့် စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များသည် သေငယ်ဇောဖြင့် မြောနေသော ထိုလူနာများအား ၎င်းတို့ကိုယ်တိုင် ပွေ့ချီ၍ နီးရာဆေးရုံ၊ ဆေးပေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ မိမိတို့ ဒုက္ခသည်များ ခိုကိုးရာစခန်းသို့ ခေါ်လာခြင်းဖြင့် ပြုစုစောင့်ရှောက်ခဲ့ကြသည်။

ထိုသို့ သာသနာပြုကျောင်းများ၏ ပရိဝုဏ်မှ အပြင်သို့ထွက်၍ စေတနာ့ဝန်ထမ်း ပရဟိတ ကုသိုလ်ဖြစ်လုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ၌ သီလရှင်ဆရာလေး ထရီဆာသည် ထူးခြားသည့်အစီအစဉ်တရပ်ကို လုပ်ဆောင်ခဲ့သည်။ ယင်းအစီအစဉ်မှာ မိမိတို့ကုသိုလ်ဖြစ် သာသနာပြုပရဟိတလုပ်ငန်းအဖွဲ့အဝင်အမျိုးသမီးများ၏ ဝတ်စုံများနှင့် ဝတ်ရုံများကိုအခြားသောသီလရှင်များနှင့် မတူကွဲပြားခြားနားစေရန်အတွက် ရိုးရိုးသာမန် အနက်ရောင်ဝတ်ရုံများနှင့် အဖြူရောင်ဝတ်ရုံများကို မဝတ်စေဘဲ အဖြူရောင်ဆာရီဝတ်ရုံများတွင် အပြာစင်းများအနားကွပ်ထားသည့် ဝတ်ရုံများကို ဝတ်ဆင်စေခဲ့သည်။ ထိုသို့ ဝတ်စုံများ ပြောင်းလဲဝတ်ဆင်ရန် သာသနာပိုင်အဖွဲ့ချုပ်သို့ လျှောက်ထားခဲ့ရာ ၁၉၅၀ပြည့်နှစ်တွင် ပုပ်ရဟန်းမင်းကြီး၏ ဗာတီကန်သာသနာပိုင်ကျောင်းတော်မှ ထိုသို့ ဆာရီဝတ်စုံများ ပြောင်းလဲဝတ်ဆင်ရန်နှင့် ဘုရားရှိခိုးကျောင်းများ၏ ပရိဝုဏ်မှ အပြင်သို့ထွက်၍ ပရဟိတစေတနာ့ဝန် ထမ်းအလုပ်များကို လုပ်ကိုင်ရန် တရားဝင်ခွင့်ပြုချက် ရရှိခဲ့သည်။

ထိုသို့ သီလရှင်ဆရာလေးထရီဆာ၏ ကုသိုလ်ဖြစ် ပရဟိတကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ ကြီးမားကျယ်ပြန့်စွာ အောင်မြင်လာသည်နှင့်အမျှ အချို့သောပုဂ္ဂိုလ်များက သီလရှင်ဆရာလေးထရီဆာသည် အိန္ဒိယနိုင်ငံသား ဟိန္ဒူများနှင့်မူဆလင်များအား ကက်သလစ်ဘာသာဝင်များအဖြစ် ကူးပြောင်းရန် စည်းရုံးနေသည်ဟု လွဲမှားစွာ ယူဆစွပ်စွဲခဲ့ကြသည်။ သို့ဖြစ်ရာ စွပ်စွဲချက်များနှင့်ပတ်သက်၍ သီလရှင်ဆရာလေးထရီဆာက –

'ကျမတို့ရဲ့ရည်ရွယ်ချက်နဲ့ အဓိကဦးတည်ချက်က ဘာသာတခုကနေ တခြားဘာသာတခုကို ကူးပြောင်းဖို့ လုံးဝမဟုတ်ပါဘူး၊ ကျွန်မတို့ လုပ်ဆောင်နေတာဟာ ခရစ်ယာန်တယောက်ကို ပိုပြီးကောင်းတဲ့ ခရစ်ယာန်ဘာသာဝင်တယောက်ဖြစ်လာအောင်၊ ဟိန္ဒူတယောက်ကို ပိုပြီးကောင်းတဲ့ ဟိန္ဒူဘာသာဝင်တယောက်ဖြစ်လာအောင်၊ မူဆလင်တယောက်ကို ပိုပြီးကောင်းတဲ့ မူဆလင်တယောက်ဖြစ်လာအောင် လုပ်ဆောင်နေတာသာဖြစ်ပါတယ်'ဟူ၍ အတိအလင်း ဖွင့်ဟပြောကြားခဲ့သည်။

သို့ဖြစ်ရာ **ကုသိုလ်ဖြစ် သာသနာပြု ပရဟိတအဖွဲ့** (Missionaries of Charity)ကို ဖွဲ့စည်းရာ၌ သီလရှင်ဆရာလေး ထရီဆာသည် ကိုယ်တိုင်စည်းမျဉ်းများ ရေးဆွဲကာ ကိုယ်တိုင် ဟောပြောစည်းရုံးခဲ့သည်။ ကုသိုလ်ဖြစ် သာသနာပြု ပရဟိတအဖွဲ့၏ အဖွဲ့ဝင်အဖြစ် ပူပေါင်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါ စည်းကမ်းချက်များနှင့် ပြည့်စုံရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခဲ့သည်။

၁။ မှန်ကန်သော ရည်မှန်းချက်များဖြင့် ရှေ့ဆောင်မှုကို ခံယူရမည်။

၂။ ဆင်းရဲသားများအား ကူညီစောင့်ရှောက်လိုသော ဆန္ဒရှိရမည်ဖြစ်၍ ကုသိုလ်ဖြစ် ပရဟိတအဖွဲ့၏ စည်းကမ်းများအရ နေထိုင်လုပ်ကိုင်သွားရမည်။

၃။ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စိတ်ရောကိုယ်ပါ ကြံ့ခိုင်သန်စွမ်းရမည်။

၄။ ပညာဗဟုသုတရှာမှီးရမည် အရာရာတွင် နေသားတကျစည်းကမ်းရှိစွာဖြင့် တက်ကြွမှုရှိရမည်။ မှန်ကန်ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်း ရှိရမည်။

အထက်ပါ သတ်မှတ်ပြဋ္ဌာန်းခြင်းများဖြင့် ပြည်စုံပါက မည်သည့် လူမျိုးမဆို ဆင်းရဲချမ်းသာမရွေး ကုသိုလ်ဖြစ် ပရဟိတစေတနာ့ဝန်ထမ်းအဖွဲ့သို့ ဝင်ရောက်နိုင်သည်ဟု ဖော်ပြပါရှိခဲ့သည်။

အထက်ပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းများအရ ကုသိုလ်ဖြစ် ပရဟိတစေတနာ့ဝန်ထမ်းအဖွဲ့မှ သီလရှင်ဆရာလေးထရီဆာခေါင်းဆောင်သော အဖွဲ့ဝင်များသည် ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊ ကိုယ်လက်အင်္ဂါချို့တဲ့နေသည့် ဒုက္ခိတဆင်းရဲသားများ ကိုယ်ရေပြားရောဂါသည်များ ကင်ဆာရောဂါခံစားနေရသူများ၊ကာလသားရောဂါဖြစ်ပွားနေရသူများ၊ ဆင်ခြေထောက်ရောဂါ ဖြစ်ပွားနေသူများ အပါအဝင် မရေမတွက်နိုင်သည့် ရောဂါသည် ဝေဒနာရှင်များအား တက်တက်ကြွကြွ စိတ်အားထက်သန်စွာဖြင့် ကိုယ်ဖိရင်ဖိ စောင့်ရှောက်ဖေးမ ကုသခဲ့ကြသည်။

ကုသိုလ်ဖြစ်စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းအဖွဲ့ဝင်များသည် ကလကတ္တားမြို့တမြို့လုံး လမ်းမကြီးငယ်များ လမ်းကြိုလမ်းကြား နောက်ဖေးလမ်းများသို့ ကိုယ်တိုင်သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။ သို့သော် အဆိုပါစေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းအဖွဲ့ဝင်များသည် ကလကတ္တားမြို့ ကရိလမ်းသွယ်ကလေးတွင် ကျဉ်းကျဉ်းမြောင်းမြောင်းဖြင့် စုပြုံနေထိုင်ခဲ့ရသည်။

ထိုအချိန်မှာပင် ဘင်္ဂါလီအသိုင်းအဝိုင်းတွင် ၁၉၃၈ ခုနှစ်မှစ၍ သာသနာပြုလုပ်ငန်း များကို ဆောင်ရွက်လာခဲ့သော ရိမန်ကက်သလစ်ဘုန်းတော်ကြီးဟင်နရီသည် ခရစ်ယာန်ဘာသာကို အလေးအနက် ယုံကြည်သက်ဝင်နေသော မူဆလင်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်၏အကူအညီဖြင့် ကုသိုလ်ဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များအတွက် ကျယ်ဝန်းသော ခြံကျယ်ကြီးကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်အောင် ကြိုးပမ်းကူညီခဲ့သည်။ အဆိုပါခြံကြီးကို ဝယ်ယူရာ၌ ကလကတ္တားမြို့မှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးကိုယ်တိုင် စရန်ငွေများ စိုက်ထုတ်ပေးချေ၍ တရားဝင်ဝယ်ယူခဲ့သည်။ သို့ဖြင့် ယခုအခါ ကလကတ္တားမြို့၏ ဗဟိုအချက်အချာ ဘာကျူလာလမ်း၊ အမှတ်၁၄(က)မှ ကျယ်ဝန်းသောခြံကြီးအတွင်း အိမ်ကြီးသုံးလုံးတွင် ကုသိုလ်ဖြစ်စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့ဝင်များအားလုံး ကျယ်ကျယ်ဝန်းဝန်း ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

တချိန်တည်းမှာပင် သီလရှင်ဆရာလေးထရီဆာ၏ ကယ်ဆယ်ရေးလုပ်ငန်းများသည် စွမ်းစွမ်းတမန် ထင်ရှားကျော်ကြားလာခဲ့ရာမှ ကလကတ္တားမြို့သူမြို့သားအာဏာပိုင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆင်းရဲသားပြည်သူများက မိခင်တယောက်ပမာ မေတ္တာစေတနာ အပြည့်အဝဖြင့် ကယ်ဆယ်စောင့်ရှောက်လာခဲ့သော သီလရှင်ဆရာလေးထရီဆာအား မယ်တော်တပါးအဖြစ်သတ်မှတ်ကာ မာသာထရီဆာဟူ၍ အားလုံးက ကြည်ညိုလေးစားစွာ ခေါ်ခဲ့ကြရာမှ ထိုအမည်သည် နောင်နှစ်ပေါင်း၅၀ကျော်အထိ ထင်ပေါ်ကျော်ကြားလာခဲ့ပါသတည်း။ *(ရှေ့လဆက်ဖတ်ပါရန်)*



နယ်စပ်မျဉ်းကြောင်းပေါ်က အန္တရာယ်ကြီး

မန်းလေပြေညှင်း(ဖွဲ့ကပင်)

အခြေအနေအရပ်ရပ်ကြောင့် ထိုင်း–မြန်မာနယ်စပ်မျဉ်းပေါ်သို့ ရွှေ့ပြောင်းနေထိုင်ကြရသော တိုင်းရင်းသားများနှင့် ထိုင်းနယ်နိမိတ်မျဉ်းဖက်သို့ လာရောက်ပြီး မိမိတို့၏ စီးပွားရေးပြဿနာများကို ဖြေရှင်းနေကြရသော ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝအခြေအနေသည် လုံခြုံမှုများ၊ အသိပညာချို့တဲ့မှုများ၊ ဆုံးရှုံးမှုများစသည့် လိုအပ်ချက်ပေါင်းမြောက်မြားစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုသို့သော လိုအပ်ချက်ပေါင်း မြောက်မြားစွာထဲမှာ လူသားတို့၏ ကျန်းမာရေးလိုအပ်ချက်သည် အရေးကြီးဆုံးသော အခန်းကဏ္ဍတရပ် ဖြစ်ပေသည်။ ကျန်းမာရေးအာမခံချက် မပြည့်ဝမှုကြောင့် ယနေ့လူသားတို့၏အသက်နှင့်ဘဝများသည် မဆုံးရှုံးသင့်ဘဲနှင့် ဆုံးရှုံးနေကြရသည်ကို တွေ့မြင်နေရပါသည်။

ယနေ့ ထိုင်း–မြန်မာနယ်စပ်၌ ခြင်ကိုက်ရာမှတဆင့် ကူးစက်သော ငှက်ဖျားရောဂါသည် အဖြစ်များဆုံးနှင့် အဆိုးဝါးဆုံးသော ကူးစက်ရောဂါတခုပင် ဖြစ်သည်။ နှစ်စဉ်နှစ်စဉ်တိုင်း ငှက်ဖျားရောဂါ၏ နှိပ်စက်မှုကို အလူးအလဲနှင့် အပြုံးအပြဲခံစားနေကြရရှာသည်။ ကျန်းမာရေးအဖွဲ့အစည်းများအနေဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြသော်လည်း ပြည်သူတို့၏ ဆင်းရဲနွမ်းပါးမှု၊ ဘဝမလုံခြုံမှု၊ ကျန်းမာရေးအသိပညာချို့တဲ့မှုတို့ကြောင့် ငှက်ဖျားရောဂါမှာ ပပျောက်သွားခြင်းမရှိသေးဘဲ ကူးစက်နှုန်းမှာလည်း မြင့်မားလျက်ရှိပါသေးသည်။ ထို့ကြောင့် ထိုင်းနယ်စပ်တလျှောက်နှင့် ပတ်ဝန်းကျင်မှ လူထုတို့၏ကျန်းမာရေးအတွက် ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်ရန် လိုအပ်ပေသည်။ ကျန်းမာရေးဝန်ထမ်းများ အသီးသီးအနေဖြင့် လူထု၏ ဘဝလုံခြုံရေး အာမခံချက်တခုရရှိစေရန်နှင့် ၎င်းတို့၏ မျက်စိ၊ နားများဖွင့် ပေးနိုင်ရန် အတတ်နိုင်ဆုံးသော နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

ငှက်ဖျားရောဂါလူနာများ၌ တွေ့ရှိရသော ငှက်ဖျားအမျိုးအစား(PFT)သည် အဖြစ်အများဆုံးဖြစ်ပြီး သေဆုံးနှုန်းမှာလည်း မြင့်မားပေသည်။ ကိုယ်ဝန်ဆောင်စဉ် ငှက်ဖျားရောဂါခံစားရသူ (၈၀)ဦးအနက် (PFT) အမျိုးအစား ငှက်ဖျားဝေဒနာခံစားရသူမှာ (၄၉)ဦးရှိပါသည်။ တနည်းအားဖြင့် ငှက်ဖျားဝေဒနာရှင် အားလုံးထဲမှ ထက်ဝက်ကို (PFT)အမျိုးအစား ငှက်ဖျားပိုးက ဒိုင်ခံကာ နှိပ်စက်ကလူပြုနေပါသည်။ အခြား (PMT,PVT) နှင့် (Mixed Malaria) အမျိုးအစားကိုလည်း အနည်းငယ်တွေ့ရပြီး (POT) အမျိုးအစားကိုမူ ကျန်နယ်စပ်ဒေသ၌ လုံးဝမတွေ့ရှိရသေးပါ။

မယ်တော်ဆေးခန်း (M.T.C) သို့ လာရောက်ကုသသော လူနာများတွင် ငှက်ဖျားရောဂါကြောင့် ကုသမှုခံယူသူဦးရေမှာ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ၌(၂၇၆)ယောက်၊ ဇူလိုင်လ၌(၃၀၂)ယောက်၊ ဒီဇင်ဘာ၌ (၂၉၅)ယောက် အသီးသီးရှိပါသည်။ ထိုအထဲမှ ကိုယ်ဝန်ဆောင်စဉ် ငှက်ဖျားရောဂါ ခံစားရသူဦးရေမှာ (၈၀)ဦးဖြစ်ပါသည်။ ၅နှစ်အောက်ကလေး ငှက်ဖျားရောဂါ ကူးစက်မှုနှုန်းမှာ ၂၀၀၄၊ ဇန်နဝါရီ၌ (၆၇)ယောက်၊ ဇူလိုင်လ၌ (၂၃)ယောက်၊ ဒီဇင်ဘာလ၌ (၄၆) ယောက်ရှိပြီး ၅နှစ်အထက် ကလေး ငှက်ဖျားရောဂါကူးစက်မှုမှာ ဇန်နဝါရီလ၌ (၂၀၉)ယောက်၊ ဇူလိုင်လ၌(၂၇၉)ယောက်၊ ဒီဇင်ဘာလ၌ (၂၄၉)ယောက်ရှိပါသည်။ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ တလတည်းမှာပင် မယ်တော်ဆေးခန်း (M.T.C)ပြင်ပလူနာဌာန၌ လာပြသူ ငှက်ဖျားရောဂါ ဝေဒနာရှင်ပေါင်း (၁၃၉)ဦးရှိပါသည်။ ထိုအထဲတွင် အမျိုးသား (၁၀၀)ဦးဖြစ်ပြီး အမျိုးသမီးမှာ (၃၉)ဦးဖြစ်ပါသည်။

ဤသို့ ငှက်ဖျားရောဂါဝေဒနာသည်များ ဒီလောက်အထိ များရသည်မှာ လူထုအများစုအနေဖြင့် ကျန်း မာရေးအသိပညာနည်းပါးမှု၊ ငွေ ကြေးချို့တဲ့မှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအားနည်းမှု၊ ဆေးရုံဆေးခန်း လက်လှမ်းမမီမှု၊ လူထုရွှေ့ပြောင်းမှုနှင့် ငှက်ဖျားရောဂါကို သာမန်လောက်သဘောထားပြီး နီးစပ်ရာဆေးဆိုင်၌ ဆေးဝယ်သောက်ကာ ကုသမှုတို့ကြောင့် ဖြစ်နိုင်ပေသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံမှုအရ ဆေးရုံ၊ ဆေးခန်းများသို့ သွားလာရခက်သည့်တိုင်အောင် မယ်တော်ဆေးခန်း အတွင်းလူနာဌာနသို့ ငှက်ဖျားရောဂါဝေဒနာရှင်များ တရက်လျှင်တဦးနှင့်အထက် နေ့စဉ်နေ့တိုင်းပင် ရောက်လာကြသည်။ ထိုအထဲတွင် အမျိုးသားဦးရေမှာ ပို၍များပါသည်။ ထိုသို့ဖြစ်ရသည်မှာ မိသားစုတစုတွင် အများအားဖြင့် အမျိုးသားများသည် တောထဲတောင်ထဲ၌ နေ့စဉ်နှင့်အမျှ အလုပ်လုပ်ကိုင်ရခြင်းကြောင့် ငှက်ဖျားရောဂါ ကူးစက်လာခြင်းဖြစ်ပြီး ၎င်းမှတဆင့် ထိုသူ၏ အမျိုးသမီးထံ(သို့) သားသမီးများထံသို့ ကူးစက်ခြင်းဖြစ်နိုင်သည်။

ထိုသို့ ရောက်ရှိလာသော ငှက်ဖျားရောဂါဝေဒနာရှင်များကို ထိရောက်သော ကုသမှုများအပြင် ကျန်းမာရေးပညာပေးများကို ရှင်းလင်းပြောပြသော်လည်း လူထုကြား၌ လွဲမှားသောအယူအဆများ၊ ၎င်းတို့၏ဘဝလုံခြုံမှုနှင့် ငွေကြေးချို့တဲ့မှုတို့ကြောင့် ငှက်ဖျားရောဂါမှာ ဖြစ်လိုက်ပျောက်လိုက်နှင့် သံသရာလည်နေတော့သည်။ ထို့အပြင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ခြင်ထောင်၊ လိမ်းဆေး စသည်တို့ကို လူထုအား မဖြန့်ဝေနိုင်ခြင်း၊ ကျန်းမာရေးပညာပေးရာ၌ ဘာသာစကားအခက်အခဲများ၊ အချိန်မပေးနိုင်မှု၊ (ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် လူနာများသည့်အတွက် အခက်အခဲရှိခြင်း၊ လူနာများအနေဖြင့် ခရီးဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးကြောင့် အခက်အခဲရှိခြင်း)၊ လူနာနှင့် ကျန်းမာရေးဝန်ထမ်းအကြား ဆက်သွယ်မှုမပွင့်လင်းခြင်းတို့ကြောင့်လည်း ငှက်ဖျားရောဂါကို ထိရောက်စွာ မဟန့်တားနိုင်ခဲ့ပါ။ အထူးသဖြင့် ပြင်ပလူနာဌာန၌ လာရောက်ပြသသော လူနာများတွင် ဆေးသောက်မှုရက်မမှန်ခြင်း၊ ပျက်ကွက်ခြင်းကြောင့် (Treatment Failure) အနေဖြင့် တဖန်ပြန်လည်ပြသရသူများ ရှိပါသည်။

ထို့သို့ ငှက်ဖျားရောဂါနှင့် ပတ်သက်၍ အဘက်ဘက်မှလိုအပ်မှု၊ ချွတ်ယွင်းမှုများကို ပြင်ဆင်နိုင်ရန်အတွက် စီမံကိန်းများ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်သင့်ပေသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆွေးနွေးကာ ငှက်ဖျားတိုက်ဖျက်ရေးစီမံကိန်းများကို ထိရောက်စွာ လုပ်ဆောင်သင့်ပေသည်။ လူထုအကြား ငှက်ဖျားရောဂါပညာပေးရေးကို တတ်အားသရွေ့လုပ်ဆောင်သင့်သည်။ ဒေသခံ စေတနာ့ဝန်ထမ်းများကိုလည်း မွေးထုတ်ရမည်။ ဒေသခံလူထုထံမှ ငှက်ဖျားနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များကို ရယူကာ မိမိတို့ထံမှ သတင်းအချက်အလက်များကို ပြန်လည်ဖြန့်ဝေရမည်ဖြစ်ပေသည်။ဤသို့ လုပ်ငန်းစဉ်များကို ကျွန်ုပ်တို့အနေဖြင့် အားလုံး(အားလုံး)ဝိုင်းဝန်းစုပေါင်းကာ အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုလျှင် ကျွန်ုပ်တို့လူထုအနေဖြင့် နယ်စပ်မျဉ်းကြောင်းပေါ်က ခြင်များကြား၌ ခေါင်းမော့ရင်ကော့ကာ လက်မထောင်နိုင်လိမ့်မည် ဖြစ်ပါကြောင်း …။ ■

မန်းလေပြေညှင်း(ဖွဲ့ကပင်)

အလကားကံတရား

ဘေ ဘ ဘေ ပျော်

ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့မှာရှိတဲ့ မယ်တော်ဆေးခန်းမှာ ၁၉၉၅ခုနှစ်ကစပြီး စင်္ကာပူနိုင်ငံက ဒေါက်တာဖရန့်ဦးဆောင်တဲ့ မစ်ရှင်အဖွဲ့တခုကနေပြီး အခမဲ့ မျက်စိခွဲစိတ်ကုသမှု နှစ်စဉ်လာရောက်ကုသိုလ်ပြုခဲ့ကြပါတယ်။ မြန်မာနိုင်ငံအရပ်ဒေသအသီးသီးက မျက်စိဝေဒနာခံစားနေရတဲ့ သက်ကြီးရွယ်အိုအများစုဟာ နှစ်စဉ် တကြိမ်မှာအယောက်(၃၀၀)လောက် မျက်စိကုသမှု လာရောက်ခံယူကြတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး မဲဆောက်မှာ အခြေစိုက်တဲ့ သတင်းထောက်တွေကလည်း မျက်စိခွဲစိတ်ကုသမှု လာရောက်ခံယူတဲ့ လူတွေကို မိမိတို့သတင်းဌာနအတွက် အင်တာဗျူးလာယူကြတယ်။ အဲသလိုသတင်းလာယူကြတဲ့အခါ စုပေါင်းအင်တာဗျူးပုံစံနဲ့လုပ်ကြပြီး သတင်းထောက်အားလုံးရဲ့ကိုယ်စား ဦးဆောင်မေးမြန်းဖို့အတွက် သတင်းထောက်တဦးက အင်တာဗျူးမေးရပါတယ်။

ကရင်ပြည်နယ်၊ ဘားအံမြို့က မျက်စိလာခွဲတဲ့ အသက်(၇၀) အရွယ် အဖွားအိုတဦးကို အင်တာဗျူးမေးရာမှာ "အဖွားက ဘားအံကနေ ဒီမှာမျက်စိလာခွဲတယ်၊ ဘားအံမှာလည်း ခွဲလို့ရတာပဲ။ ဒီမှာလာခွဲရတဲ့အကြောင်း နည်းနည်းပြောပြပေးပါလား"ဟု မေးရာ စိတ်မရှည်သည့်အမူအယာဖြင့် အဖွားအိုပြန်ဖြေလိုက်သည့် အဖြေကြောင့် သတင်းထောက်များ တယောက်မျက်နှာတယောက်ကြည့်ကာ ပြုံးစိစိဖြစ်သွားကြလေသည်။

အဖွားအိုဖြေကြားလိုက်ပုံမှာ "ဘားအံမှာ မျက်စိခွဲလို့ရတာ ငါသိတယ်၊ နင်တို့ပြောမှမဟုတ်ဘူး။ ဘားအံမှာမျက်စိခွဲရင် တဖက်ကို တစ်သိန်းကျော်ပေးရမယ်လို့ ဆရာဝန်၊ ဆရာမတွေကပြောတယ်။ ပြီးတော့ ကိရိယာနဲ့ ဆေးဝါးမပြည့်စုံလို့ ခွဲပြီးရင် မျက်စိပြန်ကောင်းမယ်၊ မကောင်းဘူးမပြောနိုင်ဘူး၊ ကံတရားပဲလို့ပြောတယ်။ ငါ့မှာ အဲဒီလောက်ပိုက်ဆံလည်း မတတ်နိုင်ဘူး။ တတ်နိုင်ရင်လည်း အဲဒီမှာတော့ မခွဲဘူး။ ဒီမှာက အလကားခွဲပေးတယ်၊ ပြန်လည်းမြင်မယ်လို့ ပြောကြတယ်။ ကံတရားဆိုရင်လည်း ပိုက်ဆံမပေးရဘဲ အလကားရတဲ့ကံတရားအတိုင်းပဲ ဖြစ်ပေစေတော့ဆိုပြီး ဒီကိုလာတာပဲ"။ ■

နိုက်တင်ဂေးလ်

ကျန်းမာရေးဂျာနယ်သို့ စာမူပေးပို့လိုလျှင် ....

အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။

P.O.Box (21), Mae Sot, 63110
Tak Province, Thailand

E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com

Ph : BMA Office - 055544495
Dr Lun Swe - 012841418
Nai Aye Lwin - 078458939

ပန်းချီပညာရှင်များ – တင်ကိုကိုဦး
သတင်းဓာတ်ပုံ – BMA ၊ မန်းမျိုးမြင့်၊ နိုင်အေးလွင်

ဘဝရှက်ကြွေ

နန်းမေသစ် (ဒေါန)

“သစ်ရွက်ကလေးတွေတောင်မှ ကြွေကျပြီးရင် တစ်ခါပြန်ပြီးလန်းဆန်းဖူးပွင့်ခွင့် ရှိပါသေးတယ်။ ဒါပေမဲ့ ကျမတို့ရဲ့ဘဝဟာဘယ်တော့မှ လန်းဆန်းဖူးပွင့်ခွင့်မရှိတော့ပါဘူးရှင်” ဘဝဆိုတဲ့ကြိုးဝိုင်းထဲမှာ ကျမအလဲထိုးမခံခဲ့ရပေမယ့် ကံကြမ္မာက ဒိုင်ပွဲရပ်အဖြစ်နဲ့ ကြိုးဝိုင်းအပြင်ကို တွန်းပို့ပစ်လိုက်တယ်လေ။ ဟုတ်တယ် …ကျွန်မဟာ ကြိုးဝိုင်းအပြင်ဘက်ကလူ..လူပါပဲ။ ဒါပေမဲ့ လူဆိုတာဟာ မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေနဲ့ အသက်ရှင်နေကြတာပါ။ကျမရဲ့ဘဝက ဘာမှအဓိပ္ပာယ်မရှိတော့ပါဘူး။ မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေဆိုတာ ကျမဘဝအတွက် အကြွင်းမဲ့ပါပဲ။ နောင်တဆိုတာ နောင်မှတတယ်တဲ့။ သိသိကြီးနဲ့မှားတာကို အမှားလို့ခေါ်မလား … ။ မသိဘဲနဲ့မှားလိုက်မိတာကို အမှားလို့ခေါ်မလား … ။ မသိတသိနဲ့ မှားလိုက်မိတာကိုပဲ အမှားလို့ခေါ်ရမလား။ ကျမ အပြန်ပြန်အလှန်လှန် စဉ်းစားမိတယ်။ နောက်ဆုံးတော့ စာရွက်ကလေးတခု အပေါ်မှာ အမှန်တခုနဲ့ အမှားတခုခြစ်ထားပြီး အမှန်ကိုအမှားဖြစ်အောင် နောက်ထပ်တချက် ထပ်ခြစ်လိုက်ရုံနဲ့ အမှားဖြစ်သွားနိုင်သလို အမှားကိုလည်း တချက်ကလေးဖျက်လိုက်ရုံနဲ့ အမှန်ပြန်ဖြစ်သွားနိုင်ပါသေးတယ်။ ဒါပေမဲ့ ကျမရဲ့အမှားကတော့ အမှန်ပြန်ပြင်လို့ မရတော့တဲ့အမှားဆိုတာ အဖြေထွက်လာတယ်။

“ငါဟာ သေရမှာကိုမကြောက်ဘူး”လို့ ဘယ်သူတွေပဲပြောပြော သေခါနီးမှာတော့ လူတိုင်းဟာ သေမယ့်အရေးကိုတွေးပြီး ကြောက်လန့်ကြတာ ဓမ္မတာပါပဲ။ ကျမလည်း ဘာထူးမှာလဲရှင် … ။ လူထဲကလူပဲဟာ သေမိန့်ချထားပြီးတဲ့သူ၊ သေမယ့်ရက်ကို လက်ချိုးရေပြီး စောင့်နေရတဲ့သူ၊ နောင်ဆယ်နှစ်လား၊ အနှစ်နှစ်ဆယ်မှာလား … ။ ဒီလူ့လောကကြီးနဲ့ ခွဲခွာရတော့မယ့်သူ။ ဒီလိုလူတယောက်ဟာဆိုရင်တော့ သာမာန်လူတွေထက်ပိုပြီး သေမယ့်အရေးကိုတွေးပူနေမှာအမှန်ပါပဲ။ နောက်ဆုံးမှာပေါ့လေ … ဒီလိုပဲ တောင်တွေးမြောက်တွေးနဲ့ အိပ်ရာထဲမှာ လူးရင်းလိမ့်ရင်း အိပ်ပျော်သွားတယ်။ ဒီနေရာမှာ ကျမတခု ပြောချင်ပါတယ်။ အိပ်မက်ဆိုတာ အမှန်တကယ် ဖြစ်ပျက်တဲ့အရာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျမရဲ့ ငယ်စဉ်ဘဝ ဖြစ်ရပ်အမှန်ကို အာရုံထဲမှာ မပီဝိုးတဝါးနဲ့ အိပ်မက်လား၊ ဘာလား ရေရေရာရာမသိဘဲ ထင်ဟပ်လာပါတော့တယ်ရှင် … ။

လူ့လောကကြီးထဲကို “အူဝဲ” ဆိုတဲ့သံစဉ်နဲ့ စတင်နှုတ်ဆက်လိုက်ကတည်းက ကျမဘဝဟာ ကြိုးမညီတဲ့ ဂစ်တာကြီးလိုပါပဲ။ ဗုံးဆံကျည်ဆံတွေကြားမှာ ပြေးလွှားနေရင်းနဲ့ ထိုင်း–မြန်မာနယ်စပ် တနေရာက တောကြီးမျက်မည်းမှာ ကျမကို မွေးခဲ့တာပါ။ အရမ်းကို ဆင်းရဲတွင်းနက်နေတဲ့ မိသားစုလေးက ကျမကို သေနတ်သံတွေ၊ အမြောက်သံတွေကြားမှာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့တာ ဖြစ်ပါတယ်။ စစ်ရဲ့အနိဋ္ဌာရုံကို ရှောင်ရှားရင်းနဲ့ ကျမတို့မိသားစုဟာ နယ်စပ်ရွာကလေးတရွာမှာ နေထိုင်ပြီး လောကဓံကို အန်တုခဲ့ကြပါတယ်။ မြန်မာပြည်ထဲမှာ ဆယ်တန်းအောင်ထားဖူးတဲ့ အဒေါ်ကြီးတစ်ယောက်က ရွာထဲက ကျမနဲ့သက်တူရွယ်တူ ကလေးတွေကို သူ့အိမ်ရှေ့မြေကွက်လပ်လေးမှာ စာသင်ပေးခဲ့လို့ သေစာ၊ ရှင်စာလောက်တော့ ကျမတတ်ခဲ့ရပါတယ်။ ကျမဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်သမီးအရွယ်မှာပေါ့ ရွာအပြင်ဘက်က တောင်ယာထဲမှာ အလုပ်လုပ်နေတဲ့အဖေ့ကို စစ်ယူနီဖောင်းအပြည့်အစုံဝတ်ထားတဲ့ လက်နက်ကိုင်လူစိမ်းတစုက ဖမ်းခေါ်သွားလိုက်ကြတာ အခုအချိန်အထိ အဖေ့ရဲ့သတင်းကို မကြားရတော့ပါဘူး။ လူ့လောကရဲ့ ဆင်းရဲခြင်းဆိုတဲ့အရသာကို မုန်းတီးလာတဲ့ကျမဟာ အမေအတန်တန်တားမြစ်နေတဲ့ကြားက ထိုင်းနိုင်ငံထဲကို ရွာထဲကအသိသူငယ်ချင်းအချို့နဲ့အတူ ကယ်ရီသမားနောက်ကို လိုက်ခဲ့ကြတာပေါ့။ အဲဒီအချိန်တုန်းက ကျမအသက်ဆယ့်ကိုးနှစ်ပြည့်ဖို့ နှစ်လလောက်ပဲ လိုပါတော့တယ်။

ဒုက္ခပေါင်းများစွာကို ကျော်ဖြတ်ပြီး ကြီးကျယ်ခမ်းနားလှတဲ့ ဘန်ကောက်မြို့ကြီးထဲရောက်လာတဲ့နေ့မှာတော့ ရှိသမျှပေါင်နှံချေးငှားပြီး လမ်းစရိတ်လုပ်ပေးခဲ့တဲ့ အမေ့ကို သတိရအောက်မေ့မိတယ် ဒါမေမယ့်ဘဝဆိုတာ တိုက်ပွဲပါအမေရယ်။ ဒီတိုက်ပွဲမှာ ကျမဟာ ကုမရတဲ့ ဒဏ်ရာတွေနဲ့ အရှုံးကြီးရှုံးနိမ့်လိမ့်မယ်လို့ အဲဒီအချိန်တုန်းက မသိခဲ့ပါဘူး။ စားသောက်ဆိုင်တဆိုင်မှာ ဧည့်ကြိုသမားအဖြစ်နဲ့ အမျိုးသမီးတယောက်ရဲ့ ဣန္ဒြေနဲ့သိက္ခာ၊ အရှက်တရားတွေကို ဘေးချိတ်ပြီး လာသမျှရွှေဧည့်သည်၊ ငွေဧည့်သည်တွေကို စက်ရုပ်တရုပ်လိုပဲ အပြုံးပန်းတွေနဲ့ ဝေဆာအောင် လှိုက်လှဲဗျူငှာခဲ့ရပါတယ်။ ဒါတွေကိုသာ အမေသိခဲ့ရင်လေ..အမေ့အသည်းနှလုံးတွေ တဖြုတ်ဖြုတ်နဲ့ ကြွေပြုန်းကုန်မှာပါ။ ဒါပေမယ့် အမေရယ် … ကျမဘဝဟာ အဆိုးဆုံးအဆင့်ကို မရောက်သေးပါဘူး။ အမေ့ရဲ့သမီးဖြစ်တဲ့ ကျမဟာလည်း အဆုံးစွန်ထိ မိုက်မဲရဲတဲ့သတ္တိတွေ မရှိသေးပါဘူး။ ဧည့်ကြိုအဖြစ် အလုပ်လုပ်နေတဲ့ ကာလအတွင်းမှာ ကျမဘဝဟာ ဖြူစင်နေဆဲပါ။ နောင်တချိန်မှာပေါ့ ကျမရဲ့ရွာမှာ ကျမချစ်တဲ့အမေနဲ့ အတူပျော်ရွှင်နေတဲ့ မိသားစုဘဝကို ကျမရဲ့အတွေး အိမ်မက်ပုံရိပ်တွေထဲမှာ ရုပ်ရှင်ပြသလို ထပ်ခါတလဲလဲ မြင်မက်မိတာ အခါခါပါပဲအမေ … ။ အိမ်မက်ကနိုးလာတဲ့အခါတိုင်း ပြာလဲ့လဲ့မီးရောင်အောက်က အခန်းကျဉ်းလေးထဲမှာ မောပန်းစွာနဲ့ ကြိတ်ပြီး ငိုရှိုက်ခဲ့ရတယ်လေ။

လောကပင်လယ်ပြင်ကြီးထဲမှာ လက်ပစ်ကူးရင်းနဲ့ ဘဝကပေးတဲ့ သင်ခန်းစာတွေကို ကျမကောင်းကောင်းကြီး သင်ယူတတ်မြောက်ခဲ့ရပါပြီ၊ ဒါမေမယ့် တနေ့မှာ မမျှော်လင့်တဲ့ ကံကြမ္မာမုန်တိုင်းက ကျမရဲ့ အနာဂတ်ပုံရိပ်တွေအားလုံးကို အဝေးဆုံးတနေရာဆီ ပို့ဆောင်လိုက်ပါတော့တယ်။ အဲဒီနေ့မှာပေါ့ ကျမရဲ့ အသွေးသားထဲမှာ ခိုအောင်းနေတဲ့ ငှက်ဖျားရောဂါဆိုးက တကျော့ပြန်လာတယ်လေ။ ငှက်ဖျားရောဂါကို ကျမ ဆေးခန်းပြပြီး ကုလိုက်နိုင်ပေမယ့် ကိုယ်လက်နာကျင်ကိုက်ခဲပြီး မခံမရပ်နိုင်လောက်အောင် ဝေဒနာဆိုးကြီးကို ခံစားနေရတယ်။ အဲဒီအချိန်မှာ ကျမတို့မန်နေဂျာဖြစ်သူက ဆေးပြားလေးလေးငါးပြား လာတိုက်တယ်။ မန်နေဂျာရဲ့ စေတနာကို ယုံကြည်ကိုးစားပြီး ဆေးတွေအားလုံးကို ကျမသောက်လိုက်ပါတယ်။ တရက်၊ နှစ်ရက်၊ သုံးရက် ဒီလိုနဲ့ဘဲပေါ့။ နေ့စဉ်ရက်ဆက် မန်နေဂျာပေးလာတဲ့ ဆေးပြားတွေကို ငြင်းဆန်ဖို့ ကျမမှာ ခွန်အားတွေ မရှိတော့ပါဘူး။ မူးယစ်ဆေးရဲ့ အရသာကို စွဲလန်းနှစ်ခြိုက် တပ်မက်ခဲ့ပါတယ်။ မရဏတမန်တော်ရဲ့ မာယာထောင်ချောက်ထဲမှာ လုံးဝသက်ဆင်းနှစ်မြုပ်ခဲ့ရပါတယ်ရှင် … ။

မူးယစ်ဆေးကို အာသာရမ္မက်မပြေနိုင်တဲ့ကျမဟာ အလိုရမ္မက်ပြင်းထန်တဲ့ “ကျား” ဆိုတဲ့ မနုဿလူသားတွေရဲ့ အသုံးတော်ခံဖြစ်ခဲ့ရပါတယ်။ ဘဝဇာတ်ခုံပေါ်မှာ မူးယစ်ဆေးရဲ့ ကြိုးဆွဲရာအတိုင်း အလှည့်ကျ ကပြအသုံးတော်ခံပြီး ရင်ခွင်ပေါင်းစုံမှာ ခိုဝင်မှေးစက်ကာ “ပြည့်တန်ဆာ” ဆိုတဲ့ဘွဲ့ကို ရယူခဲ့ပါတယ်။ မူးယစ်သံသရာဝဲဂယက်ထဲက ရုန်းထွက်ဖို့ ကျမအတန်တန် ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ပြည့်တန်ဆာလောကမှာ ကျင်လည်ရင်းနဲ့ တနေ့မှာ ကျန်းမာရေးပညာပေးစေတနာ့ဝန်ထမ်းအဖွဲ့တွေရဲ့ ကျေးဇူးကြောင့် လိင်ကတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါအပြင် ကုရာနတ္တိဆေးမရှိတဲ့ (HIV/AIDS) အကြောင်းကို ကျမသိခွင့်ရခဲ့ရပါပြီ။ ကြောက်ရွံ့စိုးရိမ်မှုနှင့်အတူ ငရဲလမ်းကနေ နောက်ပြန်လှည့်ဖို့ ကြိုးစားခဲ့သလို အဆိပ်မလွှမ်းရအောင်လည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် သူတပါးဆီက အခကြေးငွေယူပြီး အသုံးတော်ခံ “ပျော်တော်ဆက်”နေရတဲ့ ကျမတို့ဘဝမှာ ကိုယ့်ရဲ့ဆန္ဒကို ရှေ့တန်းမတင်နိုင်ပါဘူး။ ကျမရဲ့ ရှေ့မှာ ပန်းကလေးတွေ တပွင့်ပြီးတပွင့် ကြွေနွမ်းသွားတာကို မျက်မြင်ကိုယ်တွေ့ကြုံလာပြီးတဲ့နောက်မှာတော့ … ။ အလှပြင်ပစ္စည်းတွေကြားထဲက ကျမဘဝကို ကြောက်ရွံ့တတ်လာပါတယ်။ ရင်ခွင်တကာမှာ အလှည့်ကျ အိပ်စက်ရတဲ့ အဖြစ်ကိုလည်း ရွံမုန်းလာပါတော့တယ်။ မိန်းမတယောက်ရဲ့တန်ဖိုးကို ကျမပြန်ပြီး ဆန်းစစ်တတ်လာပါပြီရှင်… ။ နယ်တကာလှည့်၊ ကမ္ဘာလှည့်ပြီး ပန်းကလေးတွေဆီက ပန်းဝတ်မှုံကို စုပ်ယူပြီးတော့ သူတို့ရဲ့လိုအင်ဆန္ဒ ပြည့်ဝသွားတဲ့အခါမှာ ပန်းကလေးတွေကို ညိုးနွမ်းလို့ ညိုးနွမ်းမှန်းမသိအောင် ဒဏ်ရာတွေပေးဝေခဲ့တဲ့ သူတွေကို နာကျည်းမိပါတယ်။ ဒီလိုလန်းဆန်းမှုမရှိဘဲ။ အရောင်ပေါင်းစုံနဲ့ ညိုးနွမ်းညစ်ညမ်းနေတဲ့ ပန်းပွင့်ဘဝကို ကျမ မရောက်ချင်တာတော့ အမှန်ပါပဲရှင် … ။

နောက်ဆုံးမှာတော့ ကျမရဲ့ ရင်ထဲက ကြောက်ရွံ့ထိတ်လန့်၊ စိုးရိမ်မှု အစိုင်အခဲကြီးကို မဖုံးဖိနိုင်တော့ဘဲ ဆေးရုံတခုမှာ သွေးစစ်ဆေးမှု ခံယူလိုက်ပါတယ်။ သွေးအဖြေကိုစောင့်ရင်းနဲ့ ကျမရဲ့စိတ်တွေ ဂဏှာမငြိမ်အောင် ဖြစ်ခဲ့မိတယ်။ တမိနစ်ကို တနှစ်လောက် ကြာလွန်းတယ်လို့ ထင်မိသလို နှလုံးခုန်သံ၊စက္ကန့်စည်းချက်တွေက ပိုမိုပြီးမြန်လာပါတော့တယ်။ ကျမရဲ့ သွေးစစ်ဆေးချက်အဖြေကို မရဲတရဲနဲ့ နားထောင်ရင်း ဆေးရုံအခန်းလေးထဲက အဲယားကွန်းရဲ့ ချမ်းစိမ့်မှုကိုတောင် သတိမထားမိသလိုပါပဲ။ ဆရာဝန်ရဲ့ ကြင်နာရိပ်ဖုံးလွှမ်းနေတဲ့ မျက်ဝန်းနဲ့အတူ ဂရုဏာစကားသံတွေက ကျမကို တည်ငြိမ်အောင်မစွမ်းဆောင်နိုင်ခဲ့ပါဘူး။“တူမရဲ့သွေးထဲမှာ (HIV) ပိုးတွေ့ရတယ်” လို့ ဂရုဏာသံအပြည့်နဲ့ ပြောလိုက်တဲ့ ဆရာဝန်ရဲ့စကားသံတွေဟာ အရမ်းကို နူးညံ့ညင်သာပေမယ့် ကျမရဲ့ နားထဲမှာတော့ အနုမြူဗုံး အလုံးတထောင်လောက် ပေါက်ကွဲသွားတဲ့အတိုင်းပါပဲ။ ကမ္ဘာကြီးတခုလုံးအမြန်နှုန်းနဲ့ ခြာခြာလည်နေတဲ့အတိုင်း နေရာတခုထဲမှာ ရပ်တည်နိုင်ဖို့ ခွန်အားကိုဆုတ်ယုတ်ကုန်ပါတယ်။ အဓိပ္ပာယ်ကင်းမဲ့တဲ့လမ်းပေါ်မှာ ဒဏ်ရာတွေနဲ့ ရှေ့ဆက်လှမ်းဖို့ ကျမမှာ အင်အားတွေမရှိတော့ပါဘူး။ ကျမလေ … ဝမ်းနည်းကြေကွဲလွန်းလို့ ရှိုက်ကြီးတငင ငိုချင်ပေမယ့် ဘာကြောင့်မှန်းမသိ၊ ကျမ မငိုမိပါဘူး။ ဒါပေမယ့် ကျမရင်ထဲက ရှိုက်သံတချက်ဟာ ကမ္ဘာပြိုလောက်ပါတယ်။ ကျမရဲ့အမြင်အာရုံတွေအားလုံးဟာလည်း မပီဝိုးတဝါးနဲ့ ရီဝေမှုန်မှိုင်းကုန်ပါပြီ။ ကျမရှေ့ကို ကြည့်နေပေမယ့် မြင်နိုင်စွမ်း မရှိတော့လောက်အောင် မျက်ရည်တွေနဲ့ ပြည့်လျှံနေပါပြီ။ နောက်ဆုံးမှာတော့ ကျမရဲ့ ခန္ဓာကိုယ်တခုလုံး ကမ္ဘာမြေကြီးနဲ့ အလင်းနှစ်ပေါင်း သိန်းသန်းမကကွာဝေးတဲ့ မှောင်မိုက်တဲ့ အရပ်ဆီကို လွင့်စင်သွားပါတော့တယ်။ ကျမအသည်းထဲမှာ “အေး” ခနဲဖြစ်ပြီး ကြောက်အားလန့်အားနဲ့ အသံကုန် အော်ဟစ်လိုက်ပါတော့တယ်ရှင် … ။

အိပ်ရာထဲမှာ အိပ်နေရာက “ငေါက်” ခနဲ ထထိုင်ပြီး ချွေးတွေစိုရွှဲကာ မျက်လုံးပြူးကျယ်ဝိုင်းစက်နေပြီးတော့ အသက်ရှူသံပြင်းနေတဲ့ကျမကို တခြားလူတယောက်က ရုတ်တရက်တွေ့လိုက်မိမယ်ဆိုရင် လိပ်ပြာလွင့်မတတ် ခြောက်ခြားသွားမိမှာ အမှန်ပါပဲ။ အိမ်မက်ဆိုးက နိုးထလာပေမယ့် ထိတ်လန့်တုန်လှုပ်မှုက ဘယ်လိုမှ ထိန်းချုပ်မရအောင်ပါပဲ။ ကျမ အိပ်မက်ဆိုးတွေမက်နေတာပါ။ ဒါပေမယ့် အိပ်မက်မဟုတ်ပါဘူး၊ တကယ်ကိုဖြစ်ပျက်ခဲ့တဲ့ ကျမရဲ့ ဘဝဖြစ်ရပ်မှန်တွေပါ။ ဒီအကြောင်းအရာတွေကို ကျမ ထပ်ခါတလဲလဲ ပြန်လည်မြင်မက်နေမိတယ်လေ။ ဒီအိပ်မက်ဆိုးကနေ ကျမဘယ်တော့မှ လွတ်မြောက်နိုင်ပါတော့မလဲ။ အိပ်မက်ထဲမှာလဲ ပင်ပန်းရတယ်။ အိပ်မက်က နိုးလာတော့လည်း ကျမအရမ်းကို မောပန်းရပါတယ်ရှင်။

ကျမရဲ့နောက်ကို အရိပ်တစ္ဆေမည်းကြီးက ထပ်ကြပ်မကွာ လိုက်လံခြိမ်းခြောက်နေတယ်လေ။ “ဘယ်

“ ဒီအကြောင်းအရာတွေကို ကျမ ထပ်ခါတလဲလဲ ပြန်လည်မြင်မက်နေမိတယ်လေ။ ဒီအိပ်မက်ဆိုးကနေ ကျမဘယ်တော့မှ လွတ်မြောက်နိုင်ပါတော့မလဲ။ အိပ်မက်ထဲမှာလဲ ပင်ပန်းရတယ်။ ”

သူမပြု မိမိမှု” ဆိုသလိုပေါ့၊ ကျမဘယ်သူ့ကိုမှ မပြစ်မတင် လိုပါဘူး၊ အားလုံး အားလုံးဟာ ကျမရဲ့ မိုက်ပြစ်တွေပဲလို့ ခံယူလိုက်ပါတယ်။ ကျမ ဒါတွေကို ပြန်လည်တွေးမိတိုင်း အမေ့ကို သတိရ လွမ်းဆွတ်မိတယ်။ အမေတယောက်တော့ သမီးမိုက်ပြန်အလာကို စောင့်နေမှာပါပဲ။ ဒါပေမယ့် အမေရယ်၊ အမေ့ဆီကို သမီးပြန်မလာနိုင်တော့ပါဘူး။ မဖြူစင်မသန့်ရှင်းတော့တဲ့ဘဝနဲ့ အမေ့ဆီကို ပြန်လာဖို့ သတ္တိတွေ မရှိတော့ပါဘူး။ “ကျမဟာ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်ခဲ့ရသလို မူးယစ်ဆေးအတွက် ခန္ဓာကိုယ်ကို ရောင်းစားခဲ့တဲ့ မိန်းမပျက်လေးတယောက်ပါ အမေ။ ဒါ့အပြင် အခုဆိုရင်လေ သမီးမှာ ကုမရတဲ့ ရောဂါဆိုးကြီးပါ ကူးစက်နေပါပြီ အမေရယ်...”။ ကျမငိုပစ်လိုက်ချင်ပေမယ့် ရင်ထဲမှာနင့်နေပါတယ်။ ဒါပေမယ့် မျက်ရည်တစက်က နူးညံ့တဲ့ပါးပြင်ပေါ်ကို ဖြေးညင်းစွာ လိမ့်ဆင်းလာပါတော့တယ်။

“သမီးမိုက်ခဲ့မိပါတယ် အမေရယ် ... သမီးကိုခွင့်လွှတ်ပါ” ကျမရင်ထဲမှာ အကြိမ်ပေါင်းများစွာ အမေ့ကို တောင်းပန်နေမိတယ်။ ကျမရဲ့ မိုက်နောင်တအတွက် ငိုကြွေးဖို့ မျက်ရည်မရှိတော့ပေမယ့် ရင်ထဲမှာ အကြိမ်ပေါင်း ထောင်သောင်းမက ငိုကြွေးနေဆဲပါ။ ကျမရဲ့ ခန္ဓာကိုယ်ဟာ လေဟာနယ်ထဲမှာ မျှောလွင့်နေရသလိုပါပဲ။ ကျမအဖြစ်ကို အမေလည်း မသိစေချင်ဘူး။ ဘယ်သူ့ကိုမှလည်း မသိစေချင်ပါဘူး။“ဟင်း” ကျမသက် ပြင်းရှည်တချက်ချလိုက်မိတယ်။ “ကျမ မောပန်းလှပါပြီရှင်...”။ မီးရောင်ပြာလဲ့လဲ့ အခန်းကျဉ်းထဲမှာ ကျမတယောက်တည်း တွေဝေငေးမောနေပေမယ့် ကျမရဲ့ မျက်ဝန်းပုံရိပ်ထဲမှာ ညို့ညို့မှိုင်းနေတဲ့ ဒေါနတောင်တန်းနဲ့ ကွင်းလည်စိမ်းစိမ်းလေးတွေ၊ အရှိန်ဟုန်မပျက် ပြောင်းပြန်စီးဆင်းနေတဲ့ သောင်ရင်းမြစ်ကြီး၊ သားသမီးတွေအပေါ် နောင်နှစ်ပေါင်းတစ်ရာအထိ ချစ်မေတ္တာ မပျက်နိုင်တဲ့ အမေ။ ဒီပုံရိပ်တွေဟာ ထပ်ခါတလဲလဲပါပဲ။ ဆိုးရွားလှတဲ့ ကံကြမ္မာရဲ့နှောင်ကြိုးတွေထဲက ကျမဘယ်လိုမှ ရုန်းထွက်ဖို့ အားအင်မရှိတော့ပါ။ ကျမရဲ့ မျှော်လင့်ချက် အလင်းတန်းတွေ၊ ယုံကြည်ချက် တံတိုင်းကြီးတွေဟာ “ရောမအင်ပါယာ” ပြိုကွဲပျက်စီးသွားစဉ် အခါကလိုပါပဲ။ လုံးဝပျက်သုဉ်း ချုပ်ငြိမ်းသွားပါပြီ။ ကျမဘဝဟာ အချိန်မတိုင်ခင် မြေခခဲ့ရတဲ့ ပန်းကလေးတွေလိုပါပဲ။ ဒါပေမယ့် ပန်းကလေးတွေရဲ့ အသစ်တဖန် ပြန်လည်ဖူးပွင့်ခွင့် စွမ်းအားမျိုး ကျမမှာ မရှိတော့ပါဘူး။ ဖြစ်လိုက်ပျက်လိုက်နဲ့ အဖန်တလဲလဲ ဖြစ်ပျက်နေတဲ့ ဟောဒီသတ္တကမ္ဘာကြီးထဲမှာ ကျမဘဝကတော့ဖြင့် ဒီသဘာဝဖြစ်စဉ်တွေနဲ့ ဆန့်ကျင်ဘက်ပါပဲ။ “အသစ်တဖန် ပြန်လည်ရှင်သန်ခြင်း” ဆိုတဲ့ စကားလုံးချိုချိုလေးတွေက ကျမအတွက်တော့ အလွန်ခါးသီးလှတဲ့ ဆေးခါးကြီးတခွက်ပါပဲ။ ငယ်စဉ်ကတည်းက ကြိုးမညီတဲ့ ဂစ်တာကြီးနဲ့ သံစဉ်တွေကို တီးခဲ့တဲ့ မညီမညာဘဝသံစဉ်တွေဟာ ခုချိန်မှာတော့ အထိန်းအကွပ်မဲ့၊ ပရမ်းပတာနဲ့ ကြိုးတွေအားလုံး ပြတ်ကုန်ပြီ။

ရင်ခုန်သံတပိုင်းတစနဲ့ ရှင်သန်နေကြရတဲ့ လူ့ဘဝအရသာဆိုတာ ပြောမယုံကြုံဖူးမှသိမှာပါ။ နှလုံးသားမရှိတဲ့ လူတွေရဲ့ အပေါ်ယံသကာရည် လွှမ်းထားတဲ့ စကားလုံးချိုချိုလေးတွေ၊ ဘီလူးခေါင်းကိုဖုံးကွယ်ပြီး မင်းသားမျက်နှာနဲ့ အစွယ်ငေါငေါကို ဖျောက်ဖျက်ထားတဲ့ လူတွေအားလုံးဟာ နောက်ဆုံးတော့ အဖတ်ဆယ်လို့မရတဲ့ ကျမဘဝထဲမှာ တယောက်မှ မရှိကြတော့ပါဘူး။ “ကျမလို ခံစားနေကြရတဲ့ ဘဝတူ အမျိုးသမီးများ ဘယ်လောက်များ ရှိနေသေးသလဲ။ နောက်ထပ် ဘယ်လောက်များ ရှိဦးမလဲ ... ” ကမ္ဘာလူသားအားလုံး အထူးသဖြင့် ကျမတို့အမျိုးသမီးတွေရဲ့ ဘဝအနာဂတ်ကို ရိုက်ချိုးပြိုလဲစေတဲ့ (HIV/AIDS) ဆိုတဲ့ ရောဂါဆိုးကြီးကို ကျမမုန်းတီးမိတာ အမှန်ပါပဲ။ အရည်အချင်းပြည့်ဝတဲ့ အနာဂတ် ခေါင်းဆောင်တွေကို မွေးထုတ်ပေးနိုင်မယ့် ကျမတို့အမျိုးသမီးတွေဟာ ဒီလိုရောဂါဆိုးကြီး ကူးစက်မှုကို ခံစားကြရမယ်ဆိုရင် အနာဂတ်မှာ လူသားမျိုးနွယ် တိမ်ကောသွားရမယ့် ဖြစ်ရပ်ဆိုးကြီးကို ရင်ဆိုင်ရမှာ မလွဲဧကန်ပါပဲရှင် ... ။ “အရောင်မျိုးစုံစွန်းထင်းပြီး မြေခနေတဲ့ ပန်းကလေးတွေ ... ကြွေချိန်စောတဲ့ ရွက်ကြွေလေးတွေ အများကြီး ရှိနေမှာပါ။ အားလုံးရဲ့ ရင်ထဲမှာလည်း ကျမနည်းတူ ခံစားချက်ကိုယ်စီနဲ့ပါ။ သစ်ရွက်ကလေးတွေတောင်မှ ကြွေကျပြီးရင် တခါပြန်ပြီး လန်းဆန်းဖူးပွင့်ခွင့် ရှိပါသေးတယ်။ ဒါပေမယ့် ကျမတို့ရဲ့ ဘဝက ဘယ်တော့မှ လန်းဆန်းဖူးပွင့်ခွင့် ရှိတော့မှာ မဟုတ်တော့ပါဘူး ... ။ ■

နန်းမေသစ် (ဒေါန)

FIRST AID COLUMN

အပူလောင်ခြင်းကိုပြုစုဖို့

မျိုးအောင်ဆွေ (ဆေး - သု)

အပူလောင်ခြင်းဟာ မီးတောက်ဖြင့်လောင်ခြင်း၊ အငွေ့ပူဟပ်ခြင်း၊ လျှပ်စစ်ဓာတ်လိုက်ရာမှ လောင်ကျွမ်းခြင်း၊ အပြင်းစားဓာတုပစ္စည်းများဖြင့်လောင်ခြင်း၊ ရောင်ခြည်လှိုင်းလောင်ခြင်းဆိုပြီး လောင်စေတဲ့ပစ္စည်းအပေါ်မူတည်ပြီး ကွဲပြားပါတယ်။ ကုသမှုပေးဖို့အတွက်ကတော့ –

- ဘယ်လောက်ထိလောင်ကျွမ်းသလဲ။
  အဲဒါက လောင်သွားတဲ့ အရေပြားအလွှာများ ပါဝင်မှုကိုကြည့်ပြီး ခွဲခြားပါတယ်။
- ခန္ဓာကိုယ်ရဲ့ ဘယ်လောက်ရာခိုင်နှုန်းအထိလောင်ခံရသလဲနဲ့
- လောင်ကျွမ်းခံရတဲ့နေရာတွေပေါ်မှာတည်ပြီး ကွာသွားပါမယ်။

အရေပြား အပေါ်ယံလွှာသာ လောင်ကျွမ်းခံရတဲ့ဒဏ်ရာကို **ပထမအဆင့် လောင်ကျွမ်းခြင်း**လို့ သတ်မှတ်ပြီး အနည်းငယ်ရောင်ရမ်းပြီး ခြောက်သွေ့ နီရဲသွားတဲ့ အရေပြားကို တွေ့ရပါမယ်။ နာကျင်မှုပေးတဲ့ အာရုံကြောငယ်လေးတွေဟာ အပေါ်က အရည်ပြားလွှာ ကာကွယ်မှုမရှိတော့လို့ ပူလောင်နာကျင်နေမှာ ဖြစ်ပါတယ်။ မီးပူတိုက်ရင်း မတော်တဆ ထိမိတာမျိုးနဲ့ နေရောင်ခြည်လောင်ခံရနေတာတွေမျိုးဖြစ်ပြီး တရက်နှစ်ရက်ဆိုရင် အလိုအလျောက် သက်သာနိုင်၍ အခြားအကြောင်းရင်းများမရှိရင် တပတ်အကြာမှာ ပျောက်သွားပါလိမ့်မယ်။

ဒုတိယအဆင့်လောင်ကျွမ်းခြင်းဟာ အရေပြားရဲ့အတွင်းလွှာထိ လောင်ခံရတာဖြစ်ပြီး နီရဲရောင်ရမ်းပြီးနောက် နာကျင်ကာ ရေကြည်ဖုများ ဖြစ်စေပါတယ်။ ဒဏ်ရာဟာ စိုစွတ်ပြီး အရည်ထွက်တတ်ပါတယ်။ အပူငွေ့ရည်များ ဟပ်ရာမှ လောင်ခြင်း၊ လောင်စာဆီ မီးထတောက်ရာမှ လောင်ခြင်းနဲ့ ပြင်းပြင်းထန်ထန် နေလောင်ခြင်းတွေမှာ တွေ့ရပါမယ်။

တတိယအဆင့်လောင်ကျွမ်းခြင်းဟာ အရေပြားအတွင်းဆုံးလွှာအထိ ပါတဲ့အပြင် တခါတရံ အောက်ခံတစ်ရှူးများနဲ့ ကလီစာတွေပါ လောင်ကျွမ်းခြင်းကို ခေါ်ပါတယ်။ မီးကျွမ်းတဲ့ပုံစံမျိုး ဖြူတကွက်၊ မည်းတကွက်နဲ့ဖြစ်ပြီး အရေပြားအကုန်လောင်သွားရင် အောက်ခံအသားတွေပါ တွေ့နေရပါမယ်။ နာကျင်မှုအာရုံကြောငယ်တွေ လောင်ကျွမ်းပျက်ဆီးခံရလို့ နာကျင်မှုဟာ သိပ်မရှိတော့ပါဘူး။ ဒဏ်ရာရဲ့အဆုံးကောင်းတဲ့အရေပြားရှိတဲ့ အစပ်နားတွေမှာသာ နာကျင်မှုရှိပါတယ်။ ဓာတ်လိုက်ပြီး ကျွမ်းသွားခြင်း၊ အဝတ်အစားများဝတ်ထားရင်း မီးလောင်ခံရခြင်း၊ လောင်စာဖြင့် မီးထတောက်ရာမှာ လောင်ခံရခြင်းတွေမှာ ဖြစ်တတ်ပါတယ်။ အရေးပေါ်ကုသမှုခံယူဖို့ လိုအပ်ပြီး တခါတရံ အရေပြားအစားထိုးမှုတောင် လုပ်ပေးရတတ်ပါတယ်။

မီးလောင်ခံရသူကို တွေ့ရင် ဘာလုပ်ကြမလဲ

- လောင်ကျွမ်းစေတဲ့ပစ္စည်းနဲ့ ထိတွေ့မှုကို အရင်ဆုံး ရပ်တန့်ပေးပါ။ ဓာတ်လိုက်တာဆိုရင် လျှပ်စစ်ထိန်းခလုတ်ကို ပိတ်ပစ်ပါ။ မီးတောက်လောင်တာဆိုရင် ကြမ်းပေါ်မှာလိမ့်ခြင်း၊ ရေအေးဖြင့် ပက်ခြင်း၊ ချည်စောင်ဖြင့် အုပ်ပတ်ခြင်း။ ဒါမှမဟုတ် ရေစိုအဝတ်နှင့် ခါပေးခြင်းဖြင့် မီးငြိမ်းအောင်လုပ်ပါ။
- မီးလောင်ခံရသူရဲ့ နှလုံးခုန်မှုနဲ့ အသက်ရှူခြင်း ပုံမှန်/မမှန် စစ်ဆေးပါ။
- ဒဏ်ရာမှာ မကပ်နေတဲ့ ဒဏ်ရာနားက အဝတ်အစားတွေကိုဖယ်ပစ်ပါ။ လောင်ကျွမ်းပြီးကပ်နေတဲ့ အဝတ်စတွေကိုဆွဲမခွာပါနဲ့။ မကပ်တဲ့အဝတ်အစားတွေကို ကတ်ကြေးနှင့် ညှပ်ထုတ်ပါ။ လက်ဝတ်လက်စားတွေကို ချွတ်ပေးလိုက်ပါ။ ခြေ သို့မဟုတ် လက်မှာလောင်ခဲ့ရင် နှလုံးတည်ရှိရာ အမြင့်ထက် ပိုမြှင့်ပေးထားပါ။ မျက်နှာမှာလောင်ရင် ထိုင်ခုံနှင့် ထိုင်ခိုင်းထားပါ။ မျက်နှာ၊ ခြေဖဝါး၊ လက်ဖဝါးတွေမှာလောင်ရင် ၁၅ မိနစ်မှ မိနစ် ၂၀ ထက်ပိုပြီး ရေအေး အဝတ်မကပ်ရပါ။ လူနာကို တည်ငြိမ်အောင် ကူညီအားပေးပါ။ စားစရာသောက်စရာတွေကို မပေးပါနဲ့။

ပထမအဆင့်လောင်ခြင်းဆိုရင်

- ဒဏ်ရာနေရာကို အပူသက်သာပြီး အေးတဲ့အထိ ဒါမှမဟုတ် ၅ မိနစ်မှ ၁၀ မိနစ်ကြာအထိ အေးမြတဲ့ရေအောက်မှာ ဆေးပါ။ သို့မဟုတ် စိမ်ထားပါ။ (အေးလွန်းတဲ့ ရေခဲရေ စိမ်ခြင်း သို့မဟုတ် ရေခဲကပ်ခြင်း မလုပ်ရပါ။) ယင်းသို့ပြုလုပ်ခြင်းဟာ အရေပြားဆဲလ် ပျက်စီးမှုကို နည်းစေပါတယ်။ အကယ်လို့ ညစ်ပတ်နေမယ်ဆိုရင် ဆပ်ပြာရည်နဲ့ အသာအယာ ဆေးကြောပြီးမှ ရေစိမ်ပါ။
- လောင်ခံရတဲ့ ဒဏ်ရာကို ဖုံးအုပ်မထားရပါ။ ခြေလက်များဖြစ်လျှင် မြှင့်ထားပါ။
- ထောပတ်နှင့် အခြားသောအဆီများလိမ်းခြင်းမပြုသင့်ပါ။ ထုံဆေးဖြန်းခြင်းသည်လည်း အနာကျက်နှေးခြင်းနှင့် အချို့သူများတွင် ဓာတ်မတည့်ခြင်းဖြစ်နိုင်သဖြင့် မသုံးသင့်ပါ။
- နှစ်ရက်ကြာပြီးနောက် မသက်သာလျှင် သို့မဟုတ် ပိုးဝင်သည့် လက္ခဏာများဖြစ်သော ပိုမိုနီရဲရောင်ရမ်းလာခြင်း၊ ပြည်တည်ခြင်း၊ အဖျားတက်ခြင်း၊ ချမ်းတုန်ခြင်းများဖြစ်လျှင် ဆရာဝန်များနှင့် ပြသပါ။
- အနာသက်သာစေရန်အတွက် အကိုက်အခဲပျောက်ဆေးများကို သောက်နိုင်ပါတယ်။ ဒါပေမဲ့ ကလေးဆိုလျှင်တော့ ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ သောက်သုံးသင့်ပါတယ်။

ဒုတိယအဆင့်လောင်ခံရပြီးဒဏ်ရာဟာ သုံးလက်မအောက်ဆိုရင်

- ဒဏ်ရာကိုရေစိမ်ပါ။ ဒါမှမဟုတ် အဝတ်စတခုကို ရေအေးစိမ်ညှစ်ပြီး ဒဏ်ရာကိုရေပတ်အုံပေးပါ။ ၁၀ မိနစ်မှ ၄၅ မိနစ်ကြာ လုပ်ပေးပါ။ ရေခဲမအုံရပါ။ တကယ်လို့ရေခဲသာရှိခဲ့လျှင်လည်း ၁၀မိနစ်ထက်ပိုမအုံသင့်ပါ။
- ရေကြည်ဖုဖြစ်လာရင် ဖောက်မပစ်ပါနဲ့။
- ဘက်တီးရီးယားပိုးသတ်ဆေးဖျန်းခြင်း၊ လိမ်းခြင်းနှင့် အဆီလိမ်းခြင်းကို ရှောင်ပါ။
- ဒဏ်ရာကို ပတ်တီးစသန့်သန့်တလွှာနဲ့ အရေပြားမှာ မကပ်ရအောင် ခပ်ရွရွအုပ်ပြီး ဒဏ်ရာရဲ့ အစွန်း၊ မီးမလောင်တဲ့ အရေပြားအထိအုပ်ပြီး ပလာစတာနဲ့ အစွန်းတွင် ကပ်ပါ။ သို့မဟုတ် မီးလောင်ဒဏ်ရာအတွက် ဆေးပတ်တီး (Sofra-tulle) နဲ့ အုပ်ပြီး ပတ်တီးစ သန့်သန့်တလွှာ ထပ်အုပ်ထားပါ။
- နောက်တရက်ကျရင် ပတ်တီးလဲပါ။ နောက်ရက်များတွင် နှစ်ရက်တခါသာ လဲရန်လိုပါတယ်။
- ပိုးဝင်တဲ့လက္ခဏာဒါမှမဟုတ် နှစ်ရက်ကျော်လို့မှ မသက်သာရင် ဆရာဝန်နဲ့ပြသသင့်ပါတယ်။
- ဒဏ်ရာဟာ သုံးလက်မထက်ကြီးရင် ဒါမှမဟုတ် ကလေးငယ်တွေမှာ ဖြစ်ခဲ့ရင် အထက်အတိုင်း ရှေးဦးကုသမှုပေးပြီး ဆရာဝန်နဲ့ ပြသင့်ပါတယ်။
- တတိယအဆင့်ထိ လောင်ကျွမ်းခံရရင် ဒါမှမဟုတ် ဒုတိယအဆင့် လောင်ကျွမ်းမှုကိုပဲ မျက်နှာ၊ လိင်အင်္ဂါ၊ ခြေ၊ လက်နဲ့အဆစ်ကြီးတွေမှာဖြစ်ရင် အရေးကြီးပါတယ်။ ရှေးဦးကုသမှု ဦးစွာပေးပြီး အရေးပေါ်ကုသမှုဌာနကို အမြန်ပို့သင့်ပါတယ်။ ■

မျိုးအောင်ဆွေ (ဆေး–သု)

ကျမကိုယ်စား ပြောပေးပါ

စောမာနယ်ဒါပါး

လူတွေက ကျမကို ကဲ့ရဲ့ကြတယ်။ မိန်းမပျက်မတဲ့… ကျမမိန်းမပျက် မဟုတ်ပါဘူး။ မိန်းမပျက်ဆိုတာ ဘာကိုခေါ်သလဲရှင့်။ မိန်းမတယောက်မှာ ကျင့်အပ်တဲ့ကိုယ်ကျင့်တရား ပျက်တာကို ခေါ်တာလား။ ဒါမှမဟုတ် သီလကျိုးပေါက်တာကို ခေါ်တာလား။ကိုယ်ကျင့် တရားပျက် စီးရလောက်အောင် ဘယ်ယောကျ်ားတယောက်ကိုမှ ကျမ မမြှူဆွယ်ခဲ့ပါဘူး။ သီလကျိုးပေါက်ရအောင်လည်း လိမ်ညာပြီးတော့ ဘုရားရှင်ထံမှာ နေ့စဉ်သီလမခံယူဘူးရှင့်…။ ဒီမှာရှင့် လူကြီး၊ ရှင်တို့ကရော ကိုယ့်ကိုယ်ကိုယ် လူကောင်းတွေလို့ထင်နေကြလို့လား၊ လူကောင်းဆိုတာ ဘာကိုခေါ်တာလဲရှင့်၊ ကိုယ့်မှာရှိတဲ့ရွှေတွေ၊ ငွေတွေ အသိုင်းအဝိုင်းတွေ ပကာသနတွေ ရာထူးတွေကိုဘမ်းပြပြီး လူတွေကို မတူသလို ဆက်ဆံနှိမ့်ချ လက်မထောင်တာကိုခေါ်တာလား။ ဒါမှမဟုတ် အဲဒါတွေကို ဘမ်းပြပြီး ပါတီတက်တာ နိုက်ကလပ်သွားတာ အနှိပ်ခန်းသွားတာကို ခေါ်တာလား။ အဲဒါဟာ လူကောင်းမဟုတ်ဘူးရှင့်၊ ပျက်စီးနေတဲ့ လူပျက်တွေလို့ ခေါ်ရမှာပဲ၊ ကျမပျက်စီးနေလို့လား ပျက်စီးဖို့လည်း အဲသလိုအရာမျိုးတွေ ကျမဘာမှမပိုင်ဆိုင်ဘူးလေ ကျမပိုင်ဆိုင်တာဆိုလို့ ချစ်ခြင်းမေတ္တာရှင့်၊ ချစ်ခြင်းမေတ္တာ။ ဟုတ်တယ် ကျမအမေရယ်၊ ညီမလေးရယ်၊ မောင်လေးရယ်နဲ့ သူ့ကိုလေ ကျမသိပ်ချစ်ပါတယ်၊ အသည်းပေါက်မတတ်လည်း ချစ်ပါတယ်။ သူဆိုတာက ကျမရဲ့ငယ်ချစ်ဦး သူ့ကိုပြောတာပေါ့။ ကျမဘဝဇာတ်လမ်းကို ရှင်တို့ကို ပြောပြချင်ပါတယ်၊ စိတ်ဝင်စားတယ်ဆိုရင် နားထောင်ကြည့် ကြပေါ့ရှင့်…။

* * *

ကြာတော့ ကြာခဲ့ပါပြီ။အတိတ်ကို မမေ့ဖျောက်နိုင်သူ တဦးအတွက်တော့ သုံးနှစ်ဆိုတာ မနေ့တနေ့ကလိုပါပဲ။ ကျမအဖေဟာ မောင်လေးကို ရှင်ပြုပေးချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာရင်းငှားလယ်အလုပ်ပြီးပြီးချင်းပဲ သူ့သူငယ်ချင်းတွေနဲ့အတူ ယိုးဒယားနိုင်ငံဘက် အထမ်းသမား အငှားလိုက်ဖို့ ထွက်သွားခဲ့တယ်။ အဲဒီအချိန်တုန်းကဆိုရင် ကျမအသက် ၁၄နှစ်သာသာလောက်တော့ရှိရှော့မယ်။ ကျမတို့မောင်နှမ ၃ယောက်က သုံးနှစ်ကြီးသုံးနှစ်ငယ်လေ။ အမေကရောဂါသည် မဟုတ်ပေမယ့် တခါတလေ မီးယပ်ချမ်းလိုတုန်ချမ်းဖြစ်တတ်ပြီး အအေးလွန်တဲ့အခါ အလုပ်မလုပ်နိုင်ဘူး။ ကျမကအကြီးဆုံးဆိုတော့ ဒိုင်ခံလုပ်ရတယ်ဆိုပါတော့ ချောင်ကြိုချောင်ကြားသွားပြီး ဇရစ်ခူးတို့စရာရှာ လှည့်ပတ်ရောင်းစားရင်း အသက်ရှင်ရပ်တည်ခဲ့ကြတယ်ဆိုပါတော့။ ကျမက ၃တန်းလောက် နေဖူးတဲ့အတွက် သေစာရှင်စာလေးတော့ ရေးတတ်ဖတ်တတ်ပါတယ်။ အငယ်နှစ်ယောက်ကိုတော့ ကျောင်းမထားနိုင်သေးဘူး။

ဒီလိုနဲ့ အဖေထွက်သွားလိုက်တာ ၁၅ ရက်ပြည့်တဲ့အခါ အဖေသူငယ်ချင်းတချို့က ပြန်ရောက်လာကြတယ်။ အဖေပါမလာဘူး။ ဒါနဲ့ အမေလည်း အဖေဘာကြောင့်ပြန်မလာတာလဲဆိုတာ သိလိုဇောနဲ့ သူတို့ကိုသွားမေးတဲ့အခါ ယိုးဒယားကအပြန်မှာ အစိုးရစစ်ကြောင်းနဲ့ တိုးကြောင်း၊ အဲဒီစစ်ကြောင်းကအဖေနဲ့လူတချို့ကို ဖမ်းဆီးလိုက်ကြောင်း၊ တချို့အပြေးကောင်းလို့လွတ်သွားကြောင်း၊ အစိုးရတပ်တွေက ပစ္စည်းကိုလည်းယူ လူကိုလည်းပေါ်တာခိုင်းပြီး အဖေနဲ့လူတချို့ကို တိုက်ပွဲတွေရှိတဲ့ဘက်ခေါ်သွားကြောင်း ပြောပြပါတယ်။ အမေလည်း အဖေ့ကို အရမ်းစိတ်ပူပြီး ရွာသူကြီးကိုသွားပြောပြီး ခေါ်ခိုင်းလိုက်၊ ရွာပြင်ထွက်မျှော်လိုက် ဘုရားရှိခိုးဆုတောင်းလိုက်နဲ့ အပူမီးဝိုင်းနေတော့တယ်။ ဒီလိုနဲ့ တရက်လည်းမရောက် နှစ်ရက်လည်းမရောက် ဖလ လည်း ပြန်မရောက်လာတဲ့အခါ အမေဟာ အဖေ့စိတ်နဲ့ အရူးတပိုင်းဖြစ်ပါလေရော။ ကျမတို့မောင်နှမတွေလည်း ငိုလိုက်ရတာ နေ့ရှိသရွေ့ပါပဲ။ ကံဆိုးပါတယ်ဆိုမှ မညာမတာ မိုးကလိုက်ရွာနေတာကိုးရှင်။

ကျမတို့ အားကိုးရာမဲ့နေတဲ့အချိန်မှာ သူပေါ့၊ သူဆိုတာ ကျမပြောတဲ့ချစ်သူကိုပါ။ သူကအဖေနဲ့စာရင်းငှားလုပ်ဖက်၊ အသောက်အစားမရှိ ရိုးသားသူ၊ အဖေအမေမရှိ တကောင်ကြွက်၊ လယ်ရှင်အိမ်မှာပဲ အလုပ်လုပ်ရင်း နေထိုင်ပါတယ်။ အမေ့ဆီမှာ သူခွင့်တောင်းတယ် သူ့ကိုသားတယောက်လိုသဘောထားဖို့ သူ့မှာမိဘမရှိတော့ ကိုယ့်အသွေးအသားလို သဘောထားပြီး လုပ်ကျွေးသွားဖို့ ပြောတော့ နဂိုခင်မင်ရင်းစွဲကလည်းရှိ၊ ယုံကြည်စိတ်ကလည်းရှိလေတော့ အမေသူ့ကို ခွင့်ပေးလိုက်တယ်ဆိုပါတော့ရှင်။ ဒီလိုနဲ့ ကံကြမ္မာအတက်အကျအတိုင်း နွမ်းနွမ်းပါးပါးနဲ့နေလာရင်း ရိုးရိုးသားသားနဲ့ မရှက်တမ်းပြောရရင် ကျမအသက်၁၆နှစ်ပြည့်တော့ သူနဲ့ကျမ ချစ်သူတွေဖြစ်သွားကြပါရောရှင်။

အဖေ့စိတ်ကြောင့် အမေအိပ်ရာထဲလဲတော့ ဆေးဖိုးဝါးခလိုအပ်နေပါတယ်။ စိတ်ညစ်နေရတဲ့အချိန်မှာပဲ ဟိုဘက်ရွာက အဒေါ်ကြီးတယောက် အမေကိုလာပြောတယ်။ ဘန်ကောက်မှာ အလုပ်ရှိကြောင်း၊ ကျမကို အလုပ်ရှာပေးမယ်ဖြစ်ကြောင်း၊ ပိုက်ဆံအများကြီးရမှာဖြစ်ကြောင်း၊ သူဌေးတချို့နဲ့ သူ့မှာ အဆက်အသွယ်ရှိကြောင်း ကျမသာလိုက်မယ်ဆိုရင်အခုချက်ချင်း ငွေအများကြီးထုတ်ပေးမှာဖြစ်ကြောင်း ပြောတော့ အမေက ကျမကို ကြည့်ပါတယ်။ ကျမ မလိုက်ချင်ပါဘူး။ ဟောဒီမိသားစုရယ်၊ ဟောဒီရွာရယ်၊ သူရယ် ကျမ မခွဲနိုင်ဘူး။ ဒါပေမယ့် ဒီလိုမှမခွဲရင် ပိုက်ဆံမရဘူး၊ ပိုက်ဆံမရရင် အမေ့ရောဂါ ဆေးမကုနိုင်ဘူး။ ကျမအဘက်ဘက်က စဉ်းစားပါတယ်။ အမေ့ဆေးဖိုးရယ် စားဖို့သောက်ဖို့ရယ် မောင်လေးကို ရှင်ပြုပေးချင်တာရယ် စုံလို့ပါပဲ။ နောက်ဆုံးတော့ အခြေအနေ အခက်အခဲအမျိုးမျိုးထောက်ရှုပြီး လိုက်သွားဖို့ ကျမဆုံးဖြတ်လိုက် ရပါတော့တယ်ရှင်။

* * *

ဒီလိုနဲ့ပဲ ကျမဘန်ကောက်ရောက်သွားတယ်ဆိုပါတော့ ရောက်ရောက်ချင်းပဲ အပြင်ကို မမြင်ရတဲ့ ခြံအကျယ်ကြီးရဲ့ အိမ်တအိမ်ထဲ ကားမောင်းဝင်သွားတယ်။ ကျမကို ဧည့်ခန်းထဲခေါ်သွားပြီး မိန်းမကြီးတယောက်လက်ထဲကို ပွဲစားအဒေါ်ကြီးက အပ်ပေးလိုက်တယ်။ ကျမကိုလည်း သူက နင်ဒီမှာပဲနေရမယ်၊ ဒီကလူ တွေခိုင်းတဲ့အတိုင်း နင်လုပ်ရမယ်၊ နင်ရတဲ့လခငွေတွေနဲ့ နင့် ရှေ့မှာပဲ နင့်အမေကိုပေးထားပြီးပြီ၊ သူတို့ခိုင်းတဲ့အတိုင်းမလုပ်ရင်တော့ နင့်ထိုက်နဲ့နင့်ကံပဲဆိုပြီး မာမာထန်ထန် ပြောသွားတယ်။ သူတို့မျက်နှာကို ကျမကြည့်ရတာမရိုးသားဘူး သူတို့ကိုကြည့်ပြီး ကျမတအားကြောက်တာနဲ့ တကယ်ပါ ကျမတအားငိုချလိုက်မိတယ်။ကျမကြားဖူးသလို အဓိပ္ပာယ်ကောက်ကြည့်လိုက်တယ်၊ ဟုတ်တယ် ငါ့အရောင်းစားခံလိုက်ရပြီး ကျမဆက်ခါဆက်ခါငိုချလိုက်မိပါတယ်။ အကျဉ်းချုပ်ပြောရရင်ရှင် အဲဒီနေ့ကစပြီး ကျမဟာခန္ဓာကိုယ်နဲ့ ပျော်တော်ဆက်မဘဝရောက်သွားရပါတယ်ဆိုပါတော့ရှင်။ ကျမလုံးဝမပျော်ပါဘူး၊ နေ့စဉ်နဲ့အမျှ ငိုနေရပါတယ်၊ အိမ်ကိုအရမ်းလွမ်းတယ်၊ သူ့ကိုလည်း အရမ်းသတိရတယ်၊ ဒီလိုသတိရလွမ်းမိတိုင်း ငိုမိတဲ့အခါ ဒီလိုငိုရမလားဆိုပြီး ဖိမ်ခေါင်းမကြီးရဲ့အဆူအဆဲအငေါက် အမြဲခံနေရပါတယ်။ ဘန်ကောက်ဆိုတာကမြို့အကြီးကြီး ဘယ်ကိုသွားလို့ဘယ်ကိုလာရမှန်းမသိတဲ့ ကျမ၊ ထွက်ပြေးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးပေါ့ရှင့်။

ဒီလိုနဲ့ပဲ ၃နှစ်ကြာသွားခဲ့တယ်ဆိုပါတော့။ တနေ့ ကျမတို့အားလုံး ဆေးရုံကြီးသွားပြီး ဆေးစစ်ကြတယ်။ ဒီဆေးစစ်တဲ့ အချိန်ဆိုရင်ကျမတို့ရင်အခုန်ဆုံးအကြောက်ဆုံးပါပဲ ဘာဖြစ်လဲဆိုတော့ မပြောကောင်းမဆိုကောင်း AIDS ရောဂါများရသွားရင် ကျမ…ကျမတို့လုံးဝဆက်မတွေးရဲတဲ့ ကိစ္စပါပဲရှင်။ အဖြေမထွက်မချင်း ဘုရားတ ရင်ခုန်နေကြရတော့တာပါပဲ။

ဆေးစစ်ပြီး နောက်တနေ့ ဖိမ်ခေါင်းမကြီးနဲ့ ယောကျ်ားတချို့ရောက်လာပြီး သူဌေးမကြီးရဲ့ညွှန်ကြားချက်အရဆိုပြီး ကျမကိုမောင်းထုတ်ပါလေရော။ ကျမသိလိုက်ပါပြီ။ ကျမမှာ သူတို့မလိုချင်တဲ့ AIDS ရောဂါရှိသွားပြီဆိုတာ။ သူတို့ရဲ့အလိုတော်ကျကျမ အသွေးအသားကို ဝါးမျိုခံခိုင်းပြီး အရိုးကျေအရေခန်းချိန်ကျခါမှ စွန့်ပစ်တတ်ကြ၊ ယုတ်မာတတ်ကြတာတွေကြောင့် ကျမဘဝဇာတ်သိမ်းရတော့မယ်ဆိုတာပါပဲ။ ကျမရင်နာတယ်၊ စိတ်နာတယ်၊ နာကြည်းတယ်၊ စက်ဆုတ်တယ်၊ ရွံတယ် တခါမှပြန်မပြောရဲ အမြဲခေါင်းငုံ့နေခဲ့တဲ့ကျမ ဘယ်ကသတ္တိတွေ ဝင်လာသလဲမသိဘူး၊ ဖိမ်ခေါင်းမကြီးကို ပြန်အော်တယ်။ ပါးရိုက်ချလိုက်တယ်၊ အတင်းဖက်လုံးတယ်၊ ပြီးတော့ အားရပါးရဆွဲကုတ်ချလိုက်တယ်…။ နောက်တော့ ကျမဘာတွေဖြစ်သွားသလဲမသိဘူး တယောက်ယောက်က ကျမခေါင်းကို တခုခုနဲ့ ရိုက်လိုက်သလိုပဲ ကျမ ဘာဆိုဘာမှ မသိရတော့ဘူး။

ကျမ သတိရလာတော့ အဝေးပြေးကားလမ်းမဘေးတနေရာကို ရောက်နေပါတော့တယ်။ သေချာပါတယ်ရှင်၊ အဲဒီအယုတ်အမာတွေ ကျမကို ဒီမှာပဲ လာပစ်ထားကြတယ်ဆိုတာ သေချာပါတယ်။ ကျမလည်း လမ်းမှာတွေ့တဲ့လူတွေကို အကူအညီတောင်း မေးမြန်းပြီး မဲဆောက်ရှိရာကို ဦးတည်ပြန်လာပါတော့တယ်။

* * *

တကယ်ပါ ဆရာရယ်၊ ကျမတကယ်ပြောနေတာပါ။ ကျမလေ အိမ်ကိုလည်းလွမ်း၊ သူ့ကိုလည်း တမ်းတမိရလွန်းလို့ ဘယ်လိုစကားလုံးမျိုးနဲ့ အစားထိုးဖော်ပြရလဲဆိုတာတောင် မသိတော့ပါဘူးဆရာရယ်။ ဒီကြားထဲ တခါတခါ အမောဖောက်သလို ခံစားရတယ်၊ ချွေးစီးတွေ အရမ်းထွက်ပြီး ရင်တွေလည်းတုန်တယ်၊ ကယ်ပါဆရာရယ်၊ ကျမဘယ်လိုဖြစ်နေမှန်း မသိလို့ပါ။

ကျမရွာကိုပြန်ချင်တယ်။ အဖေ့ဆန္ဒအတိုင်း ကျမမောင်လေးကို ကိုရင်ပေးဝတ်ချင်တယ်။ ကျမ ဆန္ဒပြည့်ဝနိုင်ပါတော့မလားဆရာ၊ ကျမဆန္ဒပြည့်ဝအောင် ကူညီပါနော်၊ဆရာနော်။ ဆရာတကယ်ကူညီမှာပါ၊ ကျမယုံပါတယ်၊ ဘန်ကောက်မှာကတည်းက ဆရာတို့ဆေးခန်းဟာ လူမှုရေးသက်သက်လုပ်တယ်၊ အသပြာဆရာမဟုတ် စေတနာ ရှင် ဝန်ထမ်းတွေဆိုတာ ကြားသိရကတည်းက ကျမအကြိမ်ကြိမ် သာခုခေါ်ပြီး အားကိုးစိတ်နဲ့ ကျက်မှတ်ထားမိပြီးသားပါဆရာ၊ ဘာရယ်တာလဲ၊ မဟုတ်လို့လားဆရာ၊ ဟုတ်မဟုတ် ကျမသက်သေပြမယ်နော်၊ ကျမ ဆရာတို့ဆေးခန်းကိုအလာ ကားပေါ်ကအဆင်းမိုက်ကနဲမူးပြီး လဲကျသွားတော့ ဆရာတို့ပဲ ကမန်းကတန်းပြေးလာပြီး ဟိုသံလင်ဗန်းကြီးနဲ့ လာသယ်သွားတာလေ။ ပြီးတော့ ဆရာကိုယ်တိုင်ပဲ ကျမနဖူးကို စမ်းပြီး ဂွမ်းစလေးနဲ့ချွေးသုတ်ပေး၊ ယပ်ခတ်ပေးတာလေ မှတ်မိပြီးလားဆရာ။

အရိုးသားဆုံးဝန်ခံပြောရရင် ဘန်ကောက်မှာ ကျမနေစဉ်တုန်းက ဘယ်သူတွေ ဘယ်ဆရာကမှ အကြင်နာသက်သက်နဲ့ ကျမကို ဒီလိုမဆက်ဆံခဲ့ကြဘူးဆရာ။ သူတို့လိုတာကို ရယူဖို့လောက်ပဲ ဆက်ဆံကြတာပါ။ ကျမဒီဆေးခန်းကို စရောက်ကတည်းက ဒီအကြင်နာတွေကို ကျမရရှိပြီး စိတ်ကိုလန်းဆန်းစေခဲ့တာ အမှန်ပါဆရာရယ်။

နော်…ဆရာနော်၊ ကျမလန်းဆန်းနေပြီမဟုတ်လား၊ ကျမကို အိမ်ပြန်ခွင့်ပြုတော့နော်ဆရာ၊ ကျမအရမ်းလွမ်းနေလို့ပါဆရာရယ်၊ အို…ဆရာ…ဘာဖြစ်လို့ကျမကို အလောတကြီး သွေးပေါင်တိုင်းရတာလဲဆရာ၊ ကျမဘာဖြစ်လို့လဲ၊ ကျမဘာမှမဖြစ်ပါဘူး၊ အိုး… ဆရာ… ဘာဖြစ်လို့ခေါင်းခါရတာလဲ၊ ကျမတကယ်ပြောနေတာလေ…မယုံရင်ကြည့်ပါလား၊ ဒီမှာ…ဟော…ပြောရင်းဆိုရင်းနဲ့ပဲ နှာခေါင်းကပိုက်ကို ဆွဲထုတ်နေပြန်ပါပြီ။ ဆရာ့နှယ်နော်…ကျမကို မယုံလိုက်တာ ကျမ မလိမ်ပါဘူး၊ ဆရာရယ် ကျမဒီမှာပဲရှိပါတယ်၊ ဆရာ့ဘေးမှာ ကျမရပ်နေတယ်လေ…ရှင်..ကျမသေပြီးဟုတ်လား…မဟုတ်တာ မပြောပါနဲ့ဆရာ ကျမ မသေပါဘူး။ ဟောဒီမှာကြည့်ပါလား၊ ပြည့်ဖြိုးနေတဲ့ ကျမအသားအရည် ဒီဝတ်စုံလေးလည်း ကြည့်ဦးလေ။ ကျမချစ်သူကိုယ်တိုင် သူ့ကိုယ်စား အမှတ်တရပေးထားတာ မလှဘူးလားဆရာ… အိုး…ဆရာ ကုတင်ပေါ်က အမျိုးသမီးဟာ ကျမနဲ့တော့ ရုပ်ချင်းနဲ့နဲ့ဆင်ရုံကလွဲပြီး မတူဘူးလေ။ သူက အရိုးပိန်ခြောက် မျက်တွင်းဟောက်ပက်နဲ့လေ ကျမ မပိန်ပါဘူး၊ မျက်တွင်းလည်း မဟောက်ပက်ပါဘူး… ဆရာ … ဆရာ အဲဒီအမျိုးသမီးကို ပလပ်စတစ်အိပ်ထဲ ထည့်တော့မှာလား။

ဆရာ…ဆရာ…ကြိုးနဲ့မချည်ပါနဲ့ဆရာရယ်၊ ကျေးဇူးပြုပြီး

တော့ ကျမနဲ့တူတဲ့သူကို ကြိုးနဲ့ မချည်ပါနဲ့ရှင်၊ ကျမရိုးသားစွာ ထပ်တောင်းပန်ပါရစေ၊ ဆရာရယ် သူ့ကိုကြိုးကြီးနဲ့ ချည်ရလောက်အောင် သူ့မှာဘာအပြစ်ရှိလို့လဲ။ ကျမ ပြောပြပြီးပြီပဲ ကျမဟာ ကြိုးနဲ့ချည် အပြစ်ပေးရလောက်တဲ့ မိန်းမပျက်မဟုတ်ခဲ့ပါဘူးလို့။ မိန်းမတယောက်မှာ ရှိအပ်တဲ့ ကိုယ်ကျင့်တရားကို ကျမဘာများ ဖောက်ဖျက်ခဲ့လို့လဲ။ ဘယ်ယောကျ်ားတယောက်ယောက်ကိုများ ကျမ မြူဆွယ်ဖမ်းစားခဲ့လို့လဲ။ ငါးပါးသီလကိုအမြဲစောင့်ထိန်းတဲ့ မိန်းမပါဆရာ။ တကယ်ဆိုရင် ကျမဟာ ငွေရှိသူ၊ ချမ်းသာသူ၊ ရာထူးရှိသူတွေရဲ့ ခြေတော်တင်ခြင်းကိုသာ အပြစ်မဲ့စွာ ခံလိုက်ရတဲ့ ဓားစာခံမ တောသူတဦးပါဆရာ။ ဆရာ တကယ်ကြိုးချည် အပြစ်ပေးရမှာက အဲဒီ တကယ့်တရားခံအစစ် တဏှာရူးတွေကိုပါဆရာ။ သူတို့ကိုသာ ကြိုးချည်ပါ အပြစ်ပေးပါ ဆရာရယ်။

ဆရာ ဆရာ ကျမကို ထမင်းစားလက်မှတ်ပေးတဲ့ဆရာ ကားနီနီမောင်းတဲ့ ဟိုဗိုက်ပူပူနဲ့လူကြီး သူ့ကားပေါ် အတင်းဆွဲတင်နေပြီဆရာ၊ ကယ်ပါဦး ဆရာရယ်၊ ကျမ အဲဒီကားနဲ့ မလိုက်သွားချင်ဘူးဆရာ၊ ဆရာတို့ ဆရာမတို့ရဲ့အကြင်နာကို ကျမခံယူလို့မဝသေးဘူးဆရာ၊ ဆရာတို့နဲ့အတူတူနေပါရစေ၊ ပြီးတော့ ကျမရွာပြန်ပါရစေကျမကိုသနားပါဆရာတို့ရယ်။

ဟော... ပြောရင်းဆိုရင်းနဲ့ ကားနီနီနဲ့ တင်ခေါ်သွားပြီးဆရာ။ မကူညီနိုင်ကြတော့ဘူးလား ဆရာမတို့ရယ်။ ဟော... ဟော ဗိုက်ပူပူနဲ့လူကြီး သူ့ကိုထင်းပုံပေါ် တင်နေပြီဆရာ။ မတင်ပါနဲ့ ပေးမတင်ကြပါနဲ့၊ သူ့မှာ ဘာအပြစ်တခုမှ မရှိပါဘူး ရှင်တို့ရယ်။ အပြစ်မရှိတဲ့သူ့ကို အပြစ်မပေးကြပါနဲ့ ရှင်တို့ရယ်... အား... ကျမတကိုယ်လုံး မီးခြစ်ခြစ်တောက် ပူလောင်လာပြီးဆရာ... ရှင်... ကျမ တကယ် သေဆုံးသွားတာလား ဆရာ... အို ... ဟုတ်တယ်၊ ငါတကယ်သေဆုံးသွားပြီပဲ၊ ဒါဆိုငါရွာ မပြန်ရတော့ဘူး၊ အမေရယ် ညီမလေးရယ် မောင်လေးရယ် မတွေ့ရတော့ဘူး။ သူ့ကိုလည်း ငါထာဝရ လမ်းခွဲလိုက်ရပြီ။

နားလည်ပါပြီ ဆရာတို့ရယ်။ ကျမခန္ဓာပြာမကြွေခင် မှာခွင့်ရှိရင် မှာခဲ့ပါရစေတော့။ ကျမလေ... ကျမလို အပြစ်မဲ့စွာ AIDS စွဲနေသူတွေကို ဘယ်တဦးတယောက်ကိုမှ မပစ်ပယ်ကြပါနဲ့၊ အကြင်နာမျှဝေပေးပါလို့။ ကျမလို ဆင်းရဲသား အညတရ တောသူမတွေကို ငွေနဲ့ပေါက် အတင်းဆွဲပြီး အသုံးတော်ခံအဖြစ်နဲ့ ချေတော်တင် အနိုင်ကျင့်နေကြတာတွေကို ရပ်တန့်ပေးကြပါလို့။ ပြီးတော့...သူ့ကို တွေ့ရင် ပြောပြလိုက်ပါ မီးခ ပြာကျွမ်းသွားတဲ့အထိ သူ့ကိုချစ်သွားပါတယ်လို့ ... ။ ■

စောမာနယ်ဒါပါး

တိုင်းရင်းသားလူမျိုးများကျန်းမာရေးလုပ်သား သမဂ္ဂ ကျန်းမာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

ပြည်တွင်းနဲ့ နယ်စပ်ဒေသရှိ ကျန်းမာရေး လုပ်သားများဟာ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့မှ ၂၈ရက်နေ့အထိ ကျန်းမာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ အဆိုပါ နှီးနှောဖလှယ်ပွဲမှာ ကရင်၊ ကချင်၊ ကရင်နီ၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင်၊ ပလောင်၊ အာခါ စတဲ့တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်တဲ့ ကျန်းမာရေးလုပ်သား စုစုပေါင်း ၃၇ဦး တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ တိုင်းရင်းသားဒေသများအတွင်း ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျန်းမာရေးလုပ်သားအချင်းချင်း ပိုမိုအားကောင်းတဲ့ စည်းလုံးညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်နိုင်ဖို့အတွက် ရည်ရွယ်ပြီး **တိုင်းရင်းသားလူမျိုးများ ကျန်းမာရေး လုပ်သားသမဂ္ဂ** ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့မှာ ဖွဲ့စည်းခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

သမဂ္ဂရဲ့ ဦးဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရတဲ့ ပုဂ္ဂိုလ်တွေကတော့ Mမန်းမန်း(အထွေထွေအတွင်းရေးမှူး)၊ စောသာဝင်း(တွဲဘက်အထွေထွေအတွင်းရေးမှူး)၊ နော်မေထရီ(ဘဏ္ဍာရေးမှူး)၊ စောမျိုးမြင့်အောင်(အဖွဲ့ဝင်)၊ ဒေါက်တာမေသန္တာခင်(အဖွဲ့ဝင်)၊ စောနေဦး(အဖွဲ့ဝင်)၊ စောမိုးဦး(အဖွဲ့ဝင်)တို့ ဖြစ်ကြပါတယ်။

တိုင်းရင်းသားလူမျိုးများကျန်းမာရေးလုပ်သားသမဂ္ဂအနေနဲ့ ချမှတ်ထားတဲ့ အခြေခံမူများနဲ့အညီ စည်းရုံးလှုံ့ဆော်မှုများ၊ တောင်းဆိုချက်များ၊ ရှာဖွေဖော်ထုတ်မှုများကို လက်တွဲညီညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်းသိရပါတယ်။ အသေးစိတ် ပိုမိုသိရှိလိုပါက Mမန်းမန်းနဲ့စောသာဝင်း(၀၆၁၀၆၄၇၅၆)ကို ဆက်သွယ်နိုင်ပါတယ်။ ■

မွေးကင်းစကလေးကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ရက်တိုသင်တန်း မယ်တော်ဆေးခန်းမှာ သင်ကြား

မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်းနဲ့ မယ်တော်ဆေးခန်းတို့ ပူးပေါင်းပြီး မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ရက်တိုသင်တန်းတခုကို ဇန်နဝါရီလ(၁၄)ရက်နဲ့ (၁၅)ရက်နေ့မှာ မယ်တော်ဆေးခန်း သင်တန်းခန်းမဆောင်မှာ ကျင်းပပြုလုပ်သွားခဲ့ကြောင်း သတင်းရရှိပါတယ်။ အဆိုပါသင်တန်းမှာ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဒေါက်တာသိန်းဝင်းနဲ့ မယ်တော်ဆေးခန်းမှ ဆရာမအဲဖို့တို့က သင်တန်းဆရာများအဖြစ်ဆောင်ရွက်ပြီး ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပလောင်၊ လားဟူဒေသများမှ ကျန်းမာရေးလုပ်သားများနဲ့ မယ်တော်ဆေးခန်းမှ ကျန်းမာရေးလုပ်သားများ စုစုပေါင်း (၄၃)ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ■

Jan 15, 2006

ကျန်းမာရေးနဲ့လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ထိုင်း – မြန်မာနယ်စပ်တနေရာမှာကျင်းပ

ကျန်းမာရေးဝန်ထမ်းများအနေနဲ့ လူထုကျန်းမာရေးလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်ရာမှာ လူ့အခွင့်အရေး အခြေအနေများကိုပါ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ ကျန်းမာရေးဆိုင်ရာ လူ့အခွင့်အရေးများ ပေါ်ပေါက်လာပုံအကြောင်းကို နားလည်သိရှိစေဖို့ ရည်ရွယ်ပြီး ကျန်းမာရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတခုကို ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ဇန်နဝါရီလ(၂၅)ရက်နေ့မှ (၂၇)ရက်နေ့အထိ (၃)ရက်ကြာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲကို 'အမျိုးသားကျန်းမာရေးနဲ့ ပညာရေးကော်မတီ'နဲ့ 'မြန်မာနိုင်ငံဆေးပညာရှင်များအသင်း'တို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး ဒေသအသီးသီးမှ ကျန်းမာရေးလုပ်သား (၄၃)ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဒေါက်တာခင်စောဝင်း၊ တွဲဘက်အထွေထွေအတွင်းရေးမှူး နိုင်အေးလွင်နဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဦးမြင့်သိန်းတို့ ဦးဆောင်ပြီး လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေးနဲ့ ကျန်းမာရေးဆက်စပ်ပုံနဲ့ ကျန်းမာရေးဝန်ထမ်းကျင့်ဝတ်များအကြောင်းကို အုပ်စုလိုက်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြဇာတ်များတင်ဆက်ခြင်း ပုံစံများနဲ့ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ■

Jan 27, 2006

CHILD HEALTH

မွေးကင်းစ အသားဝါရောဂါ

ရွှေမေခ(ဆေး-မန်း)

မွေးကင်းစကလေးတွေမှာ အဖြစ်အများဆုံးတခုကတော့ အသားဝါရောဂါပါပဲ။ ခန္ဓာကိုယ်ရဲ့စွန့်ပစ်ပစ္စည်းတမျိုးဖြစ်တဲ့ဘီလီရူဘင်(bilirubin) ဓာတ်ဟာ သွေးထဲမှာ 5mg/dl ထက်ပိုလာရင် အရေပြားတွေ စတင်အဝါရောင်သမ်းလာပါတယ်။ ကလေးငယ်တွေမှာ မျက်နှာကစပြီး ဝါပါတယ်။ ခန္ဓာကိုယ်အပေါ်ပိုင်း ရင်ဘတ်အထိ အဝါရောင်သမ်းနေရင်တော့ (bilirubin) ပမာဏဟာ ၅–၁၂ mg အကြားထိ မြင့်တက်နေပြီး၊ ခန္ဓာကိုယ်အောက်ပိုင်းနဲ့ ပေါင်အထိဝါနေပြီးဆိုရင် (၈–၁၆) mg ခန့်မြင့်တက်နေပြီးလို့ အကြမ်းဖျင်း ခန့်မှန်းလို့ရပါတယ်။ လက်ဖျားခြေဖျားထိအောင် ဝါနေရင်တော့ (၁၁–၁၈) mg အထိရှိပြီး ခြေဖဝါးလက်ဖဝါး ပါမကျန် ဝါနေရင် ၁၅ mg ကျော်နေပါပြီ။ ဒီအထိဝါတဲ့ကလေးတွေမှာ အသားဝါဓာတ်ကြောင့် ဦးနှောက်ရောင်တဲ့အထိ ဆိုးရွားသွားနိုင်ပါတယ်။ နောက်ပိုင်းမှာ အကြောသေ၊ ဦးနှောက်မဖွံ့ဖြိုးတော့တဲ့အထိ ဒုက္ခပေးနိုင်ပါတယ်။ မွေးကင်းစအသားဝါခြင်းကို ကုသတဲ့အခါ စပြီးဝါတဲ့ရက်က အရေးကြီးသလို ဝါတဲ့နှုန်းကလည်း အရေးကြီးပါတယ်။

မွေးပြီး ၂၄ နာရီအတွင်း အသားဝါလာရင်

- မိခင်သွေးအုပ်စုနဲ့ ကလေးသွေးအုပ်စု မတည့်ရာကနေ သွေးနီဥတွေပေါက်ပြီး အသားဝါခြင်း၊
- ကလေးရဲ့ခန္ဓာကိုယ်တွင်းမှာ G6PD ဓာတ်တမျိုးမပါရှိခြင်း (အလွန် လျော့နည်းနေခြင်း)
- မိခင်ဝမ်းတွင်းကတည်းက ရောဂါပိုးတမျိုးမျိုး ကပ်ပါလာခြင်းတို့ ဖြစ်နေတတ်ပါတယ်။

မွေးပြီး ၂၄ နာရီနဲ့ ၇၂ နာရီအတွင်း အသားဝါလာရင်

- ပုံမှန် ဇီဝကမ္မသဘောကြောင့် ဝါခြင်း။
- ကလေးသွေးထဲ ရောဂါပိုးများဝင်ခြင်း(အများစုက ချက်ပတ်လည်) မသန့်ရှင်းတဲ့ အမှုန့်၊ အနီး စတာတွေကတဆင့် အနာဖြစ်ပြီး ပိုးဝင်ခြင်း။
- သွေးနီဥပမာဏ များနေခြင်း။
- ကလေးရဲ့ ဦးခေါင်းတနေရာရာ သွေးယိုနေခြင်း၊ (ညှပ်ဆွဲမွေးစဉ် ခေါင်းဒဏ်ရာရခြင်း၊ လမစေ့သောကလေး စသဖြင့်)
- သိုင်းရွိုက်ဟော်မုန်း ချို့တဲ့ခြင်း၊

မွေးပြီး ၇၂ နာရီ (၃)ရက် ကျော်မှ အသားဝါရင်

- သွေးတွင်းရောဂါပိုးဝင်ခြင်း (sepsis)
- မွေးကင်းစအသည်းရောင်ရောဂါ။
- သည်းခြေပြွန်တလျှောက် ကျဉ်းမြောင်းပိတ်ဆို့နေခြင်း။
- မိခင်နို့ကြောင့် အသားဝါခြင်းတို့ ဖြစ်နိုင်သည်။

ဘယ်အချိန်မှာမဆို အသားဝါရင် ပထမဆုံးစဉ်းစားရမှာက ကလေးငယ်မှာ ရောဂါပိုးတမျိုးမျိုး ဝင်ရောက်ခြင်းရှိမရှိ ဆိုတာပါပဲ။ လိုအပ်တဲ့ သွေးစစ်ဆေးခြင်း၊ သွေးအုပ်စုခွဲခြားခြင်းတို့ကို လိုအပ်ရင် အကြိမ်ကြိမ် ပြုလုပ်ရပါတယ်။ ရောဂါရှာနေရင်း တဖက်ကလည်း ကလေးကို မီးချောင်းအဖြူ ဖြစ်စေ၊ အပြာဖြစ်စေ bilirubin ပမာဏအပေါ် မူတည်ပြီး မီးပြထားရပါတယ်။ ပိုဆိုးလာရင် ကလေးချက်မှတဆင့် သွေးလဲပြီး ကုသပေးရပါတယ်။ လွဲမှားတဲ့အယူအဆတခုကတော့ ကလေးကိုရေမတိုက်လို့ အသားဝါပါတယ်ဆိုတဲ့ အချို့မိခင်တွေရဲ့ အယူအဆပါ။ မိခင်နို့မှာ ကလေးအတွက် လုံလောက်သောရေပမာဏ ပါဝင်ပြီးသားမို့ အပြင်ကနေ ရေလုံးဝတိုက်ဖို့ မလိုအပ်ပါဘူး။ အထက်မှာပြောခဲ့တဲ့ (မိခင်နို့ကြောင့်အသားဝါခြင်း)ဆိုတာ မွေးပြီး(၃) ရက်ကနေ ငါးရက်အတွင်း အသားဝါပြီး၊ ငါးရက်ကနေ ခုနစ်ရက်အတွင်း အမြင့်ဆုံးပမာဏကို ရောက်ပါတယ်။ သွေးဖေါက်ပြီး bilirubin ပမာဏတိုင်းရင် ၁၅ mg ထက်များလေ့မရှိပါဘူး။ ၁၄ ရက်ကျော်ရင်တော့ သူ့ဘာသာအလိုအလျောက် ပျောက်သွားတဲ့ အသားဝါခြင်းတမျိုးပါ။ စိတ်ပူစရာမရှိတဲ့ အခြေအနေတခုဖြစ်ပြီး မိခင်နို့ကို ဆက်တိုက်နိုင်ပါတယ်။ အခြားသော အသားဝါခြင်းတွေ ဖြစ်ခဲ့ရင်တော့ ကလေးအထူးကု ဆရာဝန်ကြီးတွေ ညွှန်ကြားတဲ့အတိုင်း ကုသမှုကို ခံယူဖို့ လိုအပ်ပါတယ်။

ရွှေမေခ (ဆေး-မန်း)

Good Health Journal, NO-49

ရယ်စရာရုပ်ရှင်ကား ကြည့်ပါက နှလုံးအားပိုကောင်းလာ

ရယ်စရာရုပ်ရှင်ကားတွေကို ကြည့်ရှုခြင်းဟာ သွေးလည်ပတ်စီးဆင်းမှုကို အားပေးတဲ့အတွက် လူတွေရဲ့နှလုံးအတွက် ကောင်းမွန်တယ်လို့ လေ့လာမှုတရပ်က ဆိုပါတယ်။ အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သုတေသီအဖွဲ့တဖွဲ့က ကျန်းမာသန်စွမ်းတဲ့ အရွယ်ရောက်ပြီးသူ လူငယ်(၂၀)ဦးကို ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ရုပ်ရှင်ကားနဲ့ ဟာသရုပ်ရှင်ကားတွေကို (၄၈)နာရီခြားပြီး (၁၅)မိနစ်မှ မိနစ်(၃၀)ကြာတဲ့အထိ ကြည့်ရှုစေခဲ့ပါတယ်။ There's Something about Mary လို ဟာသရုပ်ရှင်ကားတွေကို ကြည့်ရှုစေရာမှာ ဇာတ်ကားကြည့်ရှုခဲ့သူတွေထဲမှ တဦးကလွဲပြီး ကျန်သူတွေအားလုံးရဲ့ သွေးလည်ပတ်စီးဆင်းမှုဟာ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

သုတေသီတွေရဲ့အဆိုအရ အဆိုပါသက်ရောက်မှုဟာ စတက်တင်စ်(Statins)ခေါ် နှလုံးရောဂါကိုကုသပေးတဲ့ ဆေးဝါးကို ဆေးပတ် တကြိမ်စာ စတင်သောက်သုံးတာနဲ့ညီမျှတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် စစ်ပွဲမြင်ကွင်းတွေကိုပြသတဲ့ Saving Private Ryan လို ရုပ်ရှင်ကားမျိုးကို ကြည့်ရှုစေရာမှာတော့ ကြည့်ရှုသူတွေဟာ ဆန့်ကျင်ဘက်သက်ရောက်မှုကို ခံစားနေကြရတယ်လို့ Heart ဂျာနယ်က ရေးသားခဲ့ပါတယ်။ သုတေသီတဖွဲ့က အဆိုပါသက်ရောက်မှုဟာ လူတွေရယ်မောခြင်းက သွေးလွှတ်ကြောကိုကျယ်လာစေတဲ့ သက်ရောက်မှုမျိုးကို ဖြစ်ပေါ်စေတာနဲ့တူတယ်လို့ ပြောဆိုပါတယ်။ လူတွေဟာ စိတ်ဖိစီးမှုတွေကို ခံစားရတဲ့အခါမှာ သွေးလွှတ်ကြောတွေကျဉ်းမြောင်းသွားကြပါတယ်။

သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ မိုက်ကယ်မီလာက 'ဝမ်းနည်းကြေကွဲဖွယ်ကောင်းတဲ့ ရုပ်ရှင်ကားတကားကို ကြည့်ရှုရာမှာ ဖြစ်ပေါ်တဲ့သက်ရောက်မှုဟာ စိတ်ဆိုးဒေါသထွက်စရာဖြစ်ရပ်တွေကို ပြန်လည်သတိရတဲ့အချိန်တွေနဲ့ စိတ်ထဲကနေ ဂဏန်းသင်္ချာကို တွက်ချက်နေတဲ့အချိန်မှာ ဖြစ်ပေါ်တဲ့ သက်ရောက်မှုတွေနဲ့ အတိုင်းအတာချင်း တူညီတယ်လို့ ဆိုပါတယ်။ တချိန်တည်းမှာပဲ 'ပျော်ရွှင်စရာကောင်းတဲ့ ရုပ်ရှင်ကားတကားကို ကြည့်ရှုတဲ့အတွက် ဖြစ်ပေါ်လာတဲ့သက်ရောက်မှုဟာ အေရိုးဘစ်လေ့ကျင့်ခန်းတွေ အပြင်းအထန်လုပ်နေတဲ့ အချိန်တွေမှာ ဖြစ်ပေါ်လာတဲ့ သက်ရောက်မှု (သို့) စတက်တင်စ်ဆေး ဆေးပတ်တပတ်ကို စတင်သုံးစွဲတဲ့အချိန်မှာ ဖြစ်ပေါ်တဲ့ သက်ရောက်မှုနဲ့တူညီတယ်'လို့ ရှင်းပြခဲ့ပါတယ်။

ဗြိတိသျှနှလုံးဖောင်ဒေးရှင်းမှ ဒေါက်တာ ရှာမိန်းဂရစ်ဖစ်က 'စိတ်ခံစားရမှုမှာ ပြောင်းလဲမှုတွေဖြစ်ပေါ်ခြင်းဟာ နှလုံးသားမှာဖြစ်ပေါ်တဲ့ ပြောင်းလဲမှုတွေကို ရောင်ပြန်ဟပ်နိုင်တယ်ဆိုတဲ့အချက်ဟာ အားလုံးသိပြီးဖြစ်တဲ့အချက်ပါပဲ'လို့ ပြောဆိုခဲ့ပါတယ်။ ■

Ref: BBC

ကာမအားတိုးဆေး သုံးစွဲသူများမျက်လုံးကွယ်ဖို့ အခွင့်အလမ်းများ

အမေရိကန်ပြည်ထောင်စုရှိ သိပ္ပံပညာရှင်များရဲ့ လေ့လာမှုများအရ Viagra နဲ့ Cialis တွေလို ကာမအားတိုးဆေးတွေဟာ မျက်စိကိုထိခိုက်စေနိုင်ကြောင်း အထူးသဖြင့် နှလုံးရောဂါအခံရှိသူများနဲ့ သွေးပေါင်ချိန်မြင့်မားသူတွေမှာ ဖြစ်ပွား လေ့ရှိကြောင်း တွေ့ရှိခဲ့ပါတယ်။ အာလာဘားမားတက္ကသိုလ်မှ သုတေသနပြုလုပ်ချက်အရ နှလုံးရောဂါအခံရှိသူတွေဟာ တကယ်လို့ကာမအားတိုးဆေးတမျိုး (သို့) နှစ်မျိုးထက် ပိုမိုသုံးစွဲခဲ့ပါက မျက်စိအာရုံကြောထိခိုက်ဖို့ အခွင့်အလမ်း (၁၀)ဆပိုများကြောင်း သိရပါတယ်။ နှလုံးရောဂါဖြစ်ပွားခဲ့ဖူးသူမှန်ရင် Cialis ကာမအားတိုးဆေး သုံးစွဲတာနဲ့အမျှ မျက်စိအာရုံကြောဝေဒနာဖြစ်နိုင်ခြေ တိုးလာကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဂျရယ်မက်ဂွင်း

ဗီရာဂရာက အခိုင်အမာပြောဆိုခဲ့ပါတယ်။ Arteritic Anterior Ischemic Optic Neuropathy (NAION) ခေါ်မျက်စိအာရုံကြောချို့တဲ့ရောဂါဟာ အသက်(၅၀)နဲ့အထက် သက်ကြီးရွယ်အိုတွေမှာ ဖြစ်ပွားမှုနှုန်းများလေ့ရှိပြီး မျက်လုံးတလုံး(သို့)နှစ်လုံးစလုံးကွယ်နိုင်တဲ့အထိ ပြင်းထန်လေ့ရှိပါတယ်။ ဒေါက်တာမက်ဂွင်းဦးဆောင်တဲ့ သုတေသနအဖွဲ့ငယ်က လူ(၇၈)ဦးကို လေ့လာကြည့်တဲ့အခါမှာ ထက်ဝက်ခန့်ဟာ NAION ရောဂါခံစားနေရပြီး အရက်၊ ဆေးလိပ်သောက်သုံးမှု အလေ့အကျင့်၊ ကာမအားတိုးဆေးသုံးစွဲမှု စတာတွေနဲ့ ဆက်စပ်နေကြောင်း သိရပါတယ်။

၂၀၀၅ခုနှစ် မေလမှာ အမေရိကန်ရှိအစားအစာနဲ့ ဆေးဝါးကွပ်ကဲထိန်းချုပ်မှုဌာနက NAION ရောဂါဖြစ်ပွားမှု (၄၀)ရာခိုင်နှုန်းကျော်ဟာ ကာမအားတိုးဆေး သုံးစွဲမှုနဲ့ ဆက်စပ်လျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။ ဒေါက်တာမက်ဂွင်း ဦးဆောင်တဲ့အဖွဲ့က နှလုံး ရောဂါနဲ့ သွေးတိုးရောဂါရှိသူ လူနာများအနေနဲ့ တကယ်လို့ ကာမအားတိုးဆေးတွေကို အသုံးပြုမယ်ဆိုပါက NAION မျက်စိရောဂါ ဖြစ်ပွားနှုန်းမြင့်တက်လာနိုင်တာ ကိုသတိပြုသင့်ကြောင်း တပ်လှန့် ပြောဆိုခဲ့ပါတယ်။ ■

Ref: Guardian

ထိုင်းနိုင်ငံမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားနှုန်းမြင့်တက်

ထိုင်းနိုင်ငံမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားနှုန်းဟာ တရှိန်ထိုးမြင့်တက်လာပြီး လွန်ခဲ့တဲ့(၄)နှစ်ကထက်ပင် အဆိုပါရောဂါဖြစ်ပွားမှုနှုန်းဟာ ပိုမိုမြင့်တက်နေတာကို တွေ့ရကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနမှ ဒီဇင်ဘာလအတွင်းက ထုတ် ပြန်ကြေညာခဲ့ပါတယ်။

သွေးလွန်တုပ်ကွေးရောဂါဟာ ယခုနှစ်ပိုင်းအတွင်း စိုးရိမ်စရာဖြစ်လာရတဲ့အထိ ဆိုးရွားစွာပျံ့နှံ့လာနေကြောင်း၊ ၂၀၀၅ခု နှစ်လယ်ပိုင်းမှာ ၎င်းရောဂါနဲ့သေဆုံးသူ(၃၁)ဦးရှိခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်မှာလည်း အဆိုပါရောဂါဟာ ကြောက်လန့်စရာအကောင်းဆုံးရောဂါစာရင်း ဝင်နေသေးဖွယ်ရှိကြောင်း ထိုင်းကျန်းမာရေးဌာနမှ အရာရှိများက ပြောဆိုပါတယ်။

'ဘာဆက်ဖြစ်လာမလဲတော့ မဆိုနိုင်သေးဘူး။ ဒါပေမယ့် ဒီသွေးလွန်တုပ်ကွေးရောဂါက ပတ်ဝန်းကျင်နိုင်ငံတွေဖြစ်တဲ့ စင်ကာပူနဲ့ မလေးရှားမှာ အတော်ကို သောင်းကျန်းနေတယ်။ ဖြစ်တဲ့အခါမှ ကုသမှုတွေလုပ်နေတာထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်မှုတွေပြုလုပ်ဖို့ လိုပါတယ်'လို့ ကူးစက်ရောဂါကာကွယ်ရေးနဲ့ တိုက်ဖျက်ရေးဗျူရိုမှ တာဝန်ရှိအရာရှိတဦးက ပြောဆိုပါတယ်။ အစောပိုင်းမှာ ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအရ မလေးရှားနိုင်ငံမှာ သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ (၃၂၉၅၀)ဦးရှိခဲ့ရာ (၈၀)ဦးသေဆုံးသွားခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်အတွင်း သေဆုံးသူ(၆၈)ဦးရှိခဲ့ကြောင်း၊ စင်ကာပူနိုင်ငံမှာလည်း ၂၀၀၄ခုနှစ်က ရောဂါဖြစ်ပွားသူ (၉၄၅၉)ဦးသာ ရှိခဲ့ပေမယ့် ၂၀၀၅ ခုနှစ်အတွင်းမှာ (၁၂၇၀၀)ဦးကျော်ဖြစ်ပွားပြီး(၁၉)ဦးသေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။

၂၀၀၆ခုနှစ်မှာ နိုင်ငံတောင်ပိုင်းမှာရှိတဲ့ ဆူရတ်သာနီ၊ နာခွန်ဆီသမ္မာရတ်နဲ့ ခရာဘီပြည်နယ်တွေဟာ အထိနာဆုံးပြည်နယ်တွေဖြစ်ဖွယ်ရှိကြောင်း၊ ၂၀၀၄ခုနှစ်မှာ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ(၈၀၀)ဦးသာရှိခဲ့တဲ့ ဆူရတ်သာနီပြည်နယ်မှာ ၂၀၀၅ခုနှစ် အစပိုင်းတုန်းက သွေးလွန်တုပ်ကွေးဖြစ်ပွားသူ (၁၈၀၀)ဦးရှိနေခဲ့ကြောင်း၊ အခုအချိန်ကစပြီး ခြင်နှိမ်နင်းရေးအစီအစဉ်တွေ ပြုလုပ်နေပြီဖြစ်ကြောင်း ဆူရတ်သာနီပြည်နယ် ကျန်းမာရေးမှူးက ပြောကြားခဲ့ပါတယ်။ ■

Ref: China News

အက်စပရင်ဆေးပြားဟာ လေမဖြတ်အောင်ကာကွယ်ပေးနိုင်

အက်စပရင်ဆေးပြားကို သောက်သုံးခြင်းဟာ ကျားမမရွေး နှလုံးနဲ့ပတ်သက်ပြီး ရုတ်တရက်ဖြစ်ပေါ်တတ်တဲ့ ရောဂါအန္တရာယ်ကို လျော့ပါးစေနိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေအပေါ် အကျိုးသက်ရောက်စေမှုနဲ့ အမျိုးသားတွေအပေါ် အကျိုးသက်ရောက်စေမှုကတော့ တူညီပုံမရဘူးလို့ မြောက်ကာရိုလိုင်းနားရှိ ဒူးကဲတက္ကသိုလ်မှ သုတေသနပညာရှင်တွေက ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။

ရောဂါသည် (၉၅၀၀၀)ဦးကို စစ်ဆေးသုတေသနပြုကြည့်ရာမှာ အက်စပရင်ဆေးပြားဟာ ကျန်းမာနေတဲ့လူတွေကို နှလုံးရုတ်တရက် တိုက်ခိုက်ခံရတဲ့ရောဂါနဲ့ လေဖြတ်ရောဂါ ခံစားရမယ့် အန္တရာယ်တွေ ဖြစ်ပေါ်စေတာကို လျော့နည်းနိုင်တာ တွေ့ရပါတယ်။ ဒါပေမယ့် အမျိုးသားတွေအတွက် နှလုံးခုန်နှုန်း ရုတ်တရက်ရပ်သွားတဲ့ရောဂါကို ပိုမိုကာကွယ်ထားနိုင်ပြီး အမျိုးသမီးတွေအတွက်တော့ လေဖြတ်မယ့် အန္တရာယ်ကို ပိုမိုကာကွယ်ထားနိုင်တာ တွေ့ရတယ်လို့လည်း လေ့လာမှုမှာဖော်ပြထားပါတယ်။

ဒါပေမယ့် အက်စပရင်ဆေးပြားသောက်သုံးခြင်းဟာ ကျားမမရွေး ခန္ဓာကိုယ်တွင်း (အစာအိမ်) သွေးယိုစိမ့်မှုကို ဖြစ်နိုင်ခြေရှိတာလည်းတွေ့ရတယ်။ ဒါပေမယ့် တော်တော်တော့ဖြစ်ခဲတယ်လို့ ဆိုပါတယ်။ ဗြိတိန်နှလုံးဖောင်ဒေးရှင်းမှ သမားတော် ဘီလင်ဒါလင်ဒန်က 'အက်စပရင်ဟာ ကျနော်တို့သွေးထဲမှာရှိတဲ့ အမှုန်ကလေးတွေကို တခုနဲ့တခု ကပ်မသွားအောင် လုပ်ထားနိုင်တယ်။ ဒီနည်းနဲ့ နှလုံးသွေးကြောကို ပိတ်ဆို့စေမယ့် သွေးခဲတွေမဖြစ်အောင် ကာကွယ်ထားတာပါပဲ၊ အက်စပရင်သောက်တာ အမှန်တကယ်ပဲ အကျိုးရှိတာသေချာပါတယ်။ ဒါပေမယ့် အက်စပရင်ဟာ တခါတရံမှာ သွေးယိုစိမ့်မှု ဒါမှမဟုတ် အရေပြားယားယံမှုကိုလည်း ဖြစ်စေတတ်တယ်၊ ဒီတော့ အကျိုးရရှိနိုင်မှာနဲ့ အန္တရာယ်ဖြစ်နိုင်ခြေကိုချိန်ဆပြီး တိုက်ကျွေးဖို့လိုတာပေါ့'လို့ဆိုပါတယ်။ ■ Ref: BBC

ခုခံအားကျဆင်းမှုရောဂါကြောင့် ဖိတ်စဉ်မှု ၂၀၀၅ခုနှစ်အတွင်း ထိုင်းမှာ သိသာစွာကျဆင်း

ထိုင်းနိုင်ငံမှာ ၂၀၀၅ခုနှစ်အတွင်း ခုခံအားကျဆင်းမှုရောဂါကြောင့် လူအသေအပျောက်ဖြစ်မှုနှုန်း သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသွားတယ်လို့ သတင်းရရှိပါတယ်။

၂၀၀၅ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ခုခံအားကျဆင်းမှု ရောဂါကြောင့် ဖိတ်စဉ်မှုဟာ (၁၄၇၈) ဦးဖြစ်တဲ့အတွက် ၂၀၀၄ခုနှစ်အတွင်း ကွယ်လွန်သူ (၆၅၉၃)ဦးနဲ့နှိုင်းစာရင် ပြတ်ပြတ်သားသား ကျဆင်းသွားတာကို တွေ့ရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး သာဝါ့တ်ဆွန်တြာဂျန်က 'အခုလို ပြတ်ပြတ်သားသား ကျဆင်းသွားတာဟာ အေအာဗွီ ကုထုံးတွေကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမှီအောင် လုပ်ပေးနိုင်ခဲ့လို့ပါ'လို့ ပြောကြားခဲ့ပါတယ်။ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၆ ခုနှစ်မှာလည်း ရောဂါသစ်ဖြစ်ပွားမှုကို ၁၆၀၀၀ထက် မပိုအောင် ပစ်မှတ်ထားမယ်လို့ ဆိုပါတယ်။

၂၀၀၅ခုနှစ် အတွင်းက ၁၈၀၀၀ လောက် ရှိခဲ့တဲ့အတွက် (၁၀)ရာခိုင်နှုန်းကျဆင်းရေး ပစ်မှတ်ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဆယ်ကျော်သက်တွေနဲ့ လိင်တူဆက်ဆံသူတွေထဲမှာ ခုခံအားကျဆင်းမှုရောဂါကျဆင်းရေး လှုံ့ဆော်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခဲ့တယ်လို့ဆိုပါတယ်။ အထူးသဖြင့် ကမ္ဘာလှည့်ဧည့်သည်တွေနဲ့ အထိအတွေ့များတဲ့ ပတ္တရားနဲ့ ဖူးခက်မြို့ကြီးတွေကို အထူးအာရုံစိုက်ခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၀၅ခုနှစ်အတွင်းက အိပ်ချ်အိုင်ဗွီနဲ့မွေးဖွားလာတဲ့ကလေး(၂၄၀၀) ခန့်ရှိခဲ့ရာမှ ၂၀၀၆ခုနှစ်မှာ ရာဂဏန်းသို့ရောက်အောင် လျှော့ချဖို့ အားထုတ်နေတယ်လို့ဆိုပါတယ်။

အေအာဗွီ ကုထုံးဆေးဝါးတွေကို ထိုင်းနိုင်ငံအတွင်းမှာပဲ ထုတ်လုပ်နိုင်ခဲ့ပြီး ငွေကြေးမပြည့်စုံတဲ့ ဝေဒနာရှင်တွေ ဆေးရုံကိုလာပြီး တကြိမ်ကုထုံးယူရာမှာ ဘတ်ငွေ (၃၀)နဲ့ကာမိအောင် ဆောင်ရွက်ပေးခဲ့တယ်လို့ သိရပါတယ်။ ■

Ref: AFP, Jan 4, 2006

ဝမ်းလျှောရောဂါ ကာကွယ်နိုင်တဲ့ စမ်းသပ်ဆေး(၂)မျိုး ထိရောက်တဲ့ရလဒ်ထွက်ပေါ်လာ

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အသေအပျောက်အများဆုံးရောဂါဖြစ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်တားဆီးရေး စမ်းသပ်ဆေးဝါး(၂)မျိုးကို ကျယ်ပြန့်စွာ သုတေသနပြုလုပ်မှုအရ လုံခြုံမှုနဲ့ထိရောက်မှုရှိတဲ့ရလဒ်တွေ ထွက်ပေါ်လာခဲ့ကြောင်း အေပီသတင်းတရပ်မှာ ဖော်ပြခဲ့ပါတယ်။ Rota Virus အမည်ရှိ ဝမ်းပျက်ဝမ်းလျှောရောဂါကိုဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးတမျိုးကြောင့် အမေရိကန်ပြည်ထောင်စုလို ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေမှာပင် နှစ်စဉ်ကလေးငယ်(၅၀၀၀၀)ကျော် ဆေးရုံတက်ရောက်ရပြီး အယောက် (၂၀)နှုန်းလောက်သေဆုံးနေတဲ့အတွက် အဆိုပါ စမ်းသပ်ဆေးဝါးသစ် (၂)မျိုးက ထိုဗိုင်းရပ်စ်ပိုးကို ထိရောက်စွာ တိုက်ဖျက်ကာကွယ်နိုင်စွမ်းရှိလာတယ် ဆိုတဲ့အချက်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် မျှော်လင့်ချက်ဖြစ်လာခဲ့တယ်လို့ဆိုပါတယ်။

Merckဆေးကုမ္ပဏီက ထုတ်လုပ်တဲ့ ကာကွယ်ဆေးနဲ့ ကမ္ဘာတဝန်းရှိ ကလေးငယ် (၆၈၀၀၀) ကို သုတေသနပြုလုပ်ခဲ့ရာမှာ ဝမ်းရောဂါအပြင်းစား ကာကွယ်တားဆီးရေးမှာ (၉၈)ရာခိုင်နှုန်းအထိ ထိရောက်မှုရှိကြောင်း၊ ဆေးရုံတက်ကုသမှု ခံယူရမှုနှုန်းကို (၆၃) ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း နယူးအင်္ဂလန်ဆေးပညာဂျာနယ်က ဖော်ပြခဲ့ပါတယ်။

GlaxosmithKline ဆေးကုမ္ပဏီကထုတ်လုပ်တဲ့ ကာကွယ်ဆေးကတော့ ထိရောက်မှုနှုန်း လျော့ကျတယ်လို့သိရပါတယ်။



အဆိုပါဆေးနဲ့ ကမ္ဘာတဝန်းရှိ ကလေးငယ်(၆၃၀၀၀)ကိုစမ်းသပ်သုတေသန ပြုလုပ်ခဲ့ရာမှာ ဝမ်းပျက်ဝမ်းလျှောရောဂါကို (၈၅)ရာခိုင်နှုန်းအထိသာ ကာကွယ်တားဆီးနိုင်ပြီး ဆေးရုံတက်ရောက်ကုသမှုနှုန်းကို (၄၂)ရာခိုင်နှုန်းအထိသာ လျှော့ချနိုင်ခဲ့ကြောင်းသိရပါတယ်။ ■

Ref:AP

ကိုယ်ဝန်ရဖို့ အချိန်ကြာမြင့်စွာစောင့်စားရတဲ့ စုံတွဲတွေမှာ သားယောကျ်ားလေး ရနိုင်ခြေပိုရှိ

အမျိုးသမီးတွေအနေနဲ့ ကိုယ်ဝန်ရဖို့ အချိန်ကြာမြင့်စွာပိုမိုစောင့်စားရလေ သားယောကျ်ားလေး မွေးဖွားဖို့ အလားအလာပိုရှိလေဖြစ်ကြောင်း လေ့လာသိရှိရတယ်လို့ ဒတ်ချ်သုတေသီများရဲ့ အသစ်လေ့လာစမ်းသပ်တွေ့ရှိမှုကို ဒီဇင်ဘာလ (၁၇)ရက်နေ့ထုတ် British Medical Journal မှာ ဖော်ပြထားပါတယ်။ သုတေသီတွေက (၂) နှစ်အတွင်း ကလေး(၁)ဦးစီသာ မွေးဖွားခဲ့တဲ့ အမျိုးသမီး (၅၂၈၃) ယောက်ကို လေ့လာမှုပြုခဲ့ရာ ၎င်းတို့အထဲမှ ကိုယ်ဝန်ရဖို့(၁၂)လအထက်ကြာမြင့်အောင် စောင့်စားခဲ့ရတဲ့ အမျိုးသမီး(၄၉၈)ယောက်မှာ သားယောကျ်ားလေးရနိုင်ခြေ (၅၆)ရာခိုင်နှုန်းရှိပြီး (၁၂)လထက်နည်းတဲ့ အမျိုးသမီးတွေမှာ သားယောကျ်ားလေးရနိုင်ခြေ (၅၁)ရာခိုင်နှုန်းရှိတာကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ အဲဒါအပြင် သဘာဝအလျောက် ကိုယ်ဝန်ရခဲ့တဲ့ စုံတွဲတွေမှာ ကိုယ်ဝန်ရဖို့ အချိန်(၁)နှစ်ကြာ ပိုပြီးကြိုးစားရတိုင်း သားယောကျ်ားလေးနိုင်ခြေ (၄)ရာခိုင်နှုန်းနီးပါးခန့် ပိုတာကို တွေ့ရှိရတယ်လို့ဆိုပါတယ်။ သုတေသီတွေဟာ အသက်အရွယ်၊ ဆေးလိပ်၊ အရက်သောက်သုံးမှု၊ ဓမ္မတာသွေးပေါ်ချိန် စတဲ့အချက်တွေအားလုံးကို ထည့်သွင်းတွက်ချက်ပြီးမှ ကောက်ချက်ချထားတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဆေးပညာအကူအညီနဲ့ ကလေးရဖို့ကြိုးစားတဲ့ စုံတွဲတွေမှာတော့ အခုလေ့လာတွေ့ရှိချက်က သက်ဆိုင်မှုမရှိဘူးလို့ သိရပါတယ်။ ဒါ့အပြင် သုတေသီတွေက ၎င်းတို့ရဲ့တွေ့ရှိချက်ဟာ ယောကျ်ားလေးမျိုးဗီဇ Yခရိုမိုဆုမ်းကိုသယ်ဆောင်တဲ့ သုတ်

ကောင်က မိန်းကလေးမျိုးဗီဇ X ခရိုမိုဆုမ်းကိုသယ်ဆောင်တဲ့ သုတ်ကောင်ထက် စေးပျစ်တဲ့အရည်မှာ ပိုပြီး မြန်မြန်သွားနိုင်တယ်ဆိုတဲ့ အယူအဆကို အထောက်အကူပြုတယ်လို့ ဆိုပါတယ်။ သားအိမ်ခေါင်းကထွက်တဲ့အချွဲ(Cervical mucous) ပိုပျစ်တဲ့အမျိုးသမီးတွေမှာ ကလေးရဖို့ပိုခက်ခဲကြောင်း တကယ်လို့ရခဲ့ရင်လည်း ယောကျ်ားလေး ပိုဖြစ်နိုင်ခြေရှိတယ် လို့ဆိုပါတယ်။ ■

Ref: Health Day News

လူမှာကူးစက်တဲ့ ကြက်ငှက်တုပ်ကွေး အန်ကာရာသို့ ပျံ့နှံ့ရောက်ရှိ

တူရကီနိုင်ငံ အန်ကာရာမြို့ရဲ့ အုပ်ချုပ်ရေးမှူး ဆာရာရိန်းစ်ဖို့ဒ်က 'မိမိတို့မြို့မှာနေထိုင်တဲ့ ကလေးနှစ်ဦးနဲ့ အရွယ်ရောက်ပြီးသူ လူကြီးတဦးဆီမှာ(H5N1) ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးတွေ့ရတယ်'လို့ ပြောခဲ့ပါတယ်။ အဆိုပါဗိုင်းရပ်စ်ပိုး ကူးစက်မှုရလဒ်ကို WHOက အတည်ပြုခြင်း မရှိသေးပါဘူး။ ဒါပေမယ့် အဆိုပါသတင်းကြောင့် အန်ကာရာမြို့မှာ အထိတ်တလန့်ဖြစ်မှုတွေ မြင့်တက်လာခဲ့ရတယ်လို့ ဘီဘီစီသတင်းထောက်က ပြောဆိုပါတယ်။ တကယ်လို့ ၎င်းသတင်းအတည်ဖြစ်ခဲ့ရင်တော့ အဆိုပါဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုဟာ အန်ကာရာမြို့နဲ့ ကီလိုမီတာ(၁၀၀၀)ဝေးတဲ့ ဗန်းမြို့ပြင်ပမှာ ပထမဆုံးဖြစ်ပွားခဲ့တဲ့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုပဲဖြစ်ပါလိမ့်မယ်လို့ ဆိုပါတယ်။

ဘီဘီစီသတင်းထောက်က 'ဒီအတွင်း ဗန်းမြို့မှာ နောက်ထပ်ကလေးနှစ်ဦးဟာH5N1ဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း တွေ့ရတယ်၊ အန်ကာရာမြို့မှာ ကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ရာမှာလည်း အန်ကာရာမြို့မှ ကားနဲ့တနာရီခန့်သွားရတဲ့ မြို့တမြို့မှလာရောက်ခဲ့တဲ့သူ(၃)ဦးဟာ H5N1ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရတာ တွေ့ရှိရတယ်' လို့ ပြောဆိုပါတယ်။ အဆိုပါလူ(၃)ဦးရဲ့ ဗိုင်းရပ်စ်ပိုးနမူနာတွေကို လန်ဒန်မြို့ရှိ WHO ဓာတ်ခွဲခန်းမှာ စစ်ဆေးခဲ့ပါတယ်။

လွန်ခဲ့တဲ့ အပတ်အတွင်းက ဗန်းပြည်နယ်ရှိ ဒိုဂူဘီယာဇစ်မြို့မှာ မိသားစုတစုထဲမှ ကလေး(၃) ဦးသေဆုံးခဲ့ပါတယ်။ ထိုကလေး(၃)ဦးအနက် အနည်းဆုံး(၂)ဦးတို့ဟာ H5N1အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ကြရတာ ဖြစ်တယ်လို့ ဆိုပါတယ်။ အခုအခါမှာတော့ တတိယမြောက် သေဆုံးခဲ့တဲ့ကလေးကိုလည်း H5N1 ကြောင့်သေဆုံးခဲ့ခြင်းဟုတ်မဟုတ် စစ်ဆေးမှုတွေ ပြုလုပ်လျက်ရှိလို့ ဆိုပါတယ်။

သေဆုံးခဲ့ကြတဲ့ အသက်(၁၄)နှစ်အရွယ် ယောကျ်ားလေးနဲ့ အသက်(၁၁)နှစ်နဲ့(၁၅)နှစ်အရွယ် ၎င်းရဲ့အစ်မနဲ့ညီမတို့ဟာ အိမ်မှာမွေးထားတဲ့ကြက်ငှက်တွေနဲ့ ထိတွေ့မှုတွေရှိခဲ့တယ်လို့ဆိုပါတယ်။ အခုအခါမှာတော့ ၎င်းဖြစ်ရပ်ကြောင့် မိမိတို့မှာ ကြက်ငှက်တုပ်ကွေး ရောဂါလက္ခဏာတွေ ပေါ်ပေါက်နေတယ်လို့ သံသယရှိနေကြသူတွေဟာ ဒေသအတွင်းရှိ ဆေးရုံတရုံဆီကို အလုအယက်လာရောက်ပြီး ဆေးစစ်မှုတွေ ခံယူနေကြတယ်လို့ဆိုပါတယ်။

ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေတယ်လို့ သင်္ကာမကင်းဖြစ် တာခံရတဲ့ လူနာ(၂၀)ခန့်ဟာလည်း ဗန်းမြို့ဆေးရုံကို တက်ရောက်ပြီး ဆေးကုမှုတွေ ခံယူနေကြတယ်လို့ ဆိုပါတယ်။ ဇန်နဝါရီလ(၁၈) ရက်နေ့အထိ တူရကီနိုင်ငံမှာ ကြက်တုပ်ကွေးရောဂါဖြစ်ပွားသူ (၂၁)ဦးအထိ ရှိသွားပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဌာနက ထုတ်ပြန်ကြေညာခဲ့တယ်လို့ သိရပါတယ်။ ■

Ref: BBC

အနက်ရောင်ချောကလက်စားသုံးခြင်းက နှလုံးရောဂါကိုဟန့်တားနိုင်

အနက်ရောင်ချောကလက်တောင့်တွေစားသုံးခြင်းဟာ နှလုံးရောဂါကို တွန်းလှန်ဖယ်ရှားနိုင်ကြောင်း Heartဆေးပညာဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။ ဆွစ်ဇာလန်သုတေသီအဖွဲ့တဖွဲ့က ဆေးလိပ်သောက်သုံးသူ(၂၅)ဦးကို လေ့လာခဲ့ပြီး ယခုကဲ့ သို့ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ ၎င်းတို့ရဲ့ လေ့လာမှုအတွက် ဆေးလိပ်သောက်သုံးသူတွေကို ရွေးချယ်လေ့လာရခြင်းမှာ ဆေးလိပ်သောက်သုံးသူတွေဟာ နှလုံးရောဂါဖြစ်ပွားဖို့ အလားအလာပိုများတဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။ စစ်တမ်းမှာပါဝင်သူတွေကို လေ့လာမှုပြုလုပ်နေစဉ်ကာလအတွင်း လက်ဖက်ရည်၊ ဝိုင်သောက်သုံးခြင်းနဲ့ ကြက်သွန်နီ၊ ပန်းသီးနဲ့ ဂေါ်ဖီထုပ်တွေ စားသုံးခြင်းကို ရှောင်ရှားခိုင်းခဲ့တယ်

လို့ဆိုပါတယ်။ အကြောင်းကတော့ အဆိုပါအစားအသောက်တွေဟာလည်း နှလုံးရောဂါကို ဟန့်တားနိုင်တဲ့ အစွမ်းသတ္တိတွေရှိတဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။ သိပ္ပံပညာရှင်တွေက ချောကလက်အနက်ရောင် စားသုံးပြီးသူများဟာ သွေးလှည့်ပတ်မှု ပိုမိုလျင်မြန်လာကြောင်းနဲ့ ပန်းကန်ပြားပုံ ကလာပ်စည်းတွေကို ပိုမိုတက်ကြွလာစေကြောင်း တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။ ချောကလက်အနက်ရောင်စားသုံးပြီး (၂) နာရီအကြာမှာ သွေးလှည့်ပတ်မှု သိသိသာသာ ကောင်းမွန်လာတာကို တွေ့ရှိရတယ်လို့ဆိုပါတယ်။ 'အနက်ရောင်ချောကလက်တွေဟာ ပိုလီဖီနောဓာတ် ပါဝင်မှုပမာဏ ပိုမိုများပြားပါတယ်။ ဝိုင်နီ၊ လက်ဖက်ရည်နဲ့ စတော်ဘယ်ရီသီးတွေလိုပါပဲ။ ဒါကြောင့် နေ့စဉ်ချောကလက်အနက်စားသုံးခြင်းဟာ နှလုံးကျန်းမာရေးအတွက် အကျိုးအမြတ်ရှိပါတယ်'လို့ ဆွစ်ဇာလန်သုတေသီတွေက ဖော်ပြခဲ့ပါတယ်။ ■

Ref: 7 Days News Journal

အမျိုးသားကျန်းမာရေးနဲ့ပညာရေးကော်မတီဥက္ကဋ္ဌဒေါက်တာဒီဂျိထော်စိုး အဖွင့်မိန့်ခွန်းပြောကြားစဉ်

ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနီးနှောဖလှယ်ပွဲတက်ရောက်သူများ

ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နီးနှောဖလှယ်ပွဲကို ထိုင်း-မြန်မာနယ်စပ်တနေရာမှာ ကျင်းပ

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း (BMA) နဲ့ အမျိုးသားကျန်းမာရေးနဲ့ပညာရေးကော်မတီ(NHEC)တို့ ပူးပေါင်းကျင်းပတဲ့ 'ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နီးနှောဖလှယ်ပွဲ'ကို (၁၆.၁.၂၀၀၆)နေ့မှ (၁၈.၁.၀၆) နေ့အထိ ထိုင်း-မြန်မာနယ်စပ် တနေရာမှာ (၃)ရက်ကြာ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား ကျန်းမာရေးနဲ့ ပညာရေးကော်မတီမှ ကော်မတီဝင်များ၊ နိုင်ငံတကာရောက် မြန်မာဆေးပညာရှင်များ၊ John Hopkins University မှ ပညာရှင်များ၊ FDB/NCUB အဖွဲ့များမှ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသား ကျန်းမာရေးဌာန တာဝန်ခံများ၊ ထိုင်း-မြန်မာ နယ်စပ်မှ ဆေးပညာရှင်များနဲ့ မယ်တော်ဆေးခန်းမှ ကျန်းမာရေး လုပ်သားများ အပါအဝင် စုစုပေါင်း (၈၀)ဦးခန့် စိတ်ဝင်တစားတက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။ အခမ်းအနားမှာ သဘာပတိအဖြစ် အမျိုးသား ကျန်းမာရေးနဲ့ ပညာရေးကော်မတီ ဒု-ဥက္ကဋ္ဌ ဦးအေးဆောင်ကဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များ ဖြစ်ကြတဲ့ အမျိုးသားကျန်းမာရေးနဲ့ ပညာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒီဂျိထော်စိုးနဲ့ မြန်မာနိုင်ငံဆေးပညာရှင်များ အသင်း ဥက္ကဋ္ဌ ဒေါက်တာစင်သီယာမောင်တို့က အဖွင့်အမှာစကား ပြောကြားကြပါတယ်။

အဆိုပါနီးနှောဖလှယ်ပွဲမှာ လူသားချင်း ထောက်ထားညှာတာမှုဆိုင်ရာ နိုင်ငံတကာ အကူအညီရယူရေးကိစ္စရပ်များ၊ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဆိုင်ရာ ကျန်းမာရေး အလုပ်ရုံ ဆွေးနွေးပွဲများမှ တဆင့် အခြေခံလူတန်းစားတွေရဲ့ ရင်ဖွင့်သံတွေကို နားထောင်ခြင်း၊ ကျန်းမာရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ ရွှေ့ပြောင်းနေထိုင်သူများရဲ့ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ၊ သုတေသနပြုမှုများနဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာအခွင့်အလမ်းများနဲ့ အကျိုးရှိရှိ အသုံးချမှု၊ Kangroo Mother Care ခေါ် မိခင်မှ ကလေးအား သားပိုက်ကောင်ကဲ့သို့ပြုစုစောင့်ရှောက်မှု၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ရွာပုန်းရွာရှောင်များနဲ့ ဒုက္ခသည်များရဲ့ ကျန်းမာရေး အခြေအနေ၊ ငှက်ဖျားရောဂါ ထိန်းချုပ်ရေး အစီအစဉ်၊ ရွေးချယ်ထားတဲ့ ဒေသများအတွင်းမှလူထုတွေရဲ့ ကျန်းမာရေး အခြေအနေတွေ အပေါ် ခန့်မှန်းသုံးသပ်မှုဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် နီးနှော ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ■ Jan 18, 2006

နော်ဒါး

နော်ဆိုဖီယာ

နိုင်အေးလွင်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အုပ်စုဖွဲ့ဆွေးနွေးမှု

ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အုပ်စုဖွဲ့ဆွေးနွေးမှု

ရှေ့ဖုံးမှအဆက် ... အဖွဲ့ဝင်များအဖြစ် ဒေါက်တာ သိန်းဝင်း၊ ဒေါက်တာခင်စောဝင်း၊ ဒေါက်တာဝင်းမြင့်သန်း၊ ဒေါက်တာဆလိုင်းပါကျင်၊ နော်ဒါးနဲ့ နော်ဆိုဖီယာတို့ ဖြစ်ကြပါတယ်။ အလုပ် အမှုဆောင် ကော်မတီဝင်အသစ်များကို ရွေးချယ်အပြီးမှာ ရွေးကောက်ပွဲ ကော်မရှင်က အသစ်ရွေးချယ်ခံရတဲ့ ကော်မတီဝင်များကို ညီလာခံတက်ရောက်လာသူများနဲ့ မိတ်ဆက် ပေးပါတယ်။ ထို့နောက် ဥက္ကဋ္ဌ ဒေါက်တာစင်သီယာမောင်က ကော်မတီသစ်ကိုယ်စား နှုတ်ခွန်းဆက်စကားပြောကြားပြီး ညီလာခံကို ရုတ်သိမ်းခဲ့ပါတယ်။ ညီလာခံအပြီးမှာ ကိုယ်စားလှယ်များကို ညစာနဲ့ တည်ခင်း ဧည့်ခံခဲ့ကြောင်း သတင်းရရှိပါတယ်။ ■

Jan 22, 2006

...မဲပေးနေစဉ်

အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အုပ်စုဖွဲ့ဆွေးနွေးမှု

...င်းတန်ချို မဲပေးနေစဉ်

ညီလာခံအပြီး ညစာသုံးဆောင်နေကြစဉ်

နိုက်တင်ဂေးလ်ကာတွန်း

NIGHTINGALE နိုက်တင်ဂေးလ်
ကျန်းမာရေးဂျာနယ်သို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်...
အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။

P.O.Box (21) , Mae Sot , 63110
Tak Province , Thailand
E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com
Ph : BMA Office - 055544495
Dr Lun Swe - 012841418
Nai Aye Lwin - 078458939